
ဂန္ထီရဆန်း ကြယ်လုံး ချင်း ဝတ္ထု

www.burmeseclassic.com

# ကြိစကွ

ပျောက်ဆုံးနေသော
# မရကာမြို့တော်




ပန်းချီ ထွန်းဝေအောင်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၄၈၀၀၄၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၄၆၇၀၅၀၇ |
| အကြိမ် | – | ပထမအကြိမ်<br>၂၀၀၇–ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀ိ/– |
| ထုတ်ဝေသူ | – | ဒေါ်ကေနိုင်ဦး (မြဲ–၀၃၇၆၉)<br>ရွှေသမင်စာပေ<br>၃၇/၄၄လမ်း<br>ဗိုလ်တထောင်မြို့နယ်၊<br>ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံးပုံနှိပ်သူ | – | ဦးမြတ်စိုး (မြဲ–၀၈၁၁၉)<br>မြင့်မြတ်သူအော့ဖ်ဆက်<br>အမှတ် (၁/၇)၊ ၅ ရပ်ကွက်၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |


BURMESE CLASSIC .com



## ဒဿနလက်ဆောင်

*အခြားသူများနှင့် ပြိုင်သည့်အခါ နံပါတ်(၁) ရချင်မှ ရနိုင်မည် ဖြစ်သော်လည်း...*
*မိမိ ဝီရိယနှင့် ယှဉ်ပြိုင်သည့်အခါမှာတော့ အမြဲတမ်း နံပါတ်(၁) ရအောင် ကြိုးစားပါ။*

*အင်အားကြီးတဲ့ အင်္ဂလိပ်နဲ့ ဂျပန်တပ်တွေကို ကြောက်ပြီး စစ်မတိုက်ဘဲ နေခဲ့ကြရင်...*
*မြန်မာနိုင်ငံဟာ အခုလို လွတ်လပ်တဲ့ အရသာကို ခံစားကြရမှာ မဟုတ်ပါဘူး။*

*ပိဋကတ်သုံးပုံ ဆိုတာ စာအုပ်ရေက ၂၀၊ စာမျက်နှာပေါင်းက '၀၀၂၆' မျက်နှာ ရှိတယ်။*
*စာလုံးရေပေါင်း ဘယ်လောက်ရှိတယ်ဆိုတာ ရေတွက်ဖို့တောင် မလွယ်ပါဘူး။*
*အဲဒီလောက် ခက်ခဲလှတဲ့၊ များပြားလှတဲ့ စာတွေကို အလွတ်ကျက်မှတ်၊ အာဂုံဆောင်နိုင်တဲ့သူ မရှိဘူးဆိုရင် တိပိဋက ဆရာတော်ကြီးတွေ ဘယ်ပေါ်နိုင်ပါ့မလဲ။*

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဘယ်အလုပ်မဆို မလုပ်ခင်ကတည်းက အခ္ခုံးပေးခြင်းဟာ ကိုယ့်ဘ၀ကို ပြန်သတ်တာနဲ့ အတူတူပါပဲ။

အချစ်ဆိုသည့် အရာဟာ သူ တစ်ခုဂဲညီးထားရင် အစဉ်အမြဲ ပြောင်းလဲနေလေ့ ရှိပါတယ်။
သစ္စာ၊ အကြင်နာ၊ သံယောဇဉ် ဆိုတဲ့ ကြိုးတွေနဲ့ ဖွဲ့စည်းထားမှ မေတ္တာဓာတ်ဝင်ပြီး တည်ငြိမ်မှု ရှိစေပါတယ်။

အချစ်ဆိုတာ အခြားကိစ္စတွေလို ကြိုတင် ပြင်ဆင်ထားလို့ မရပါဘူး။
ဘာကြောင့်လဲ ဆိုတော့ သူဟာ အသည်းနှလုံးက အချက်ပေးမှ စလို့ရတဲ့ကိစ္စ ဖြစ်လို့ပါပဲ။

အချစ်ကြောင့်ရတဲ့ ရသကို အသည်းနှလုံးကရပြီး အချစ်ကြောင့်ရတဲ့ ဒုက္ခကိုတော့ ဦးနှောက်သာမက တစ်ကိုယ်လုံး လိုက်ပြီး ခံစားရတော့တာပါပဲ။

သစ္စာတရားနဲ့တူတဲ့ အလင်းရောင်...
ကြင်နာခြင်းဆိုတဲ့ လေ...
မေတ္တာဆိုတဲ့ မြေ...
မြတ်နိုးနှစ်သက်ခြင်းဆိုတဲ့ ရေ...





အဲဒီအရာတွေ အဆင်သင့်ရှိပြီးမှ အချစ်ဆိုတဲ့ သစ်ပင်ကို စိုက်ပါ။

အောင်မြင်နေတဲ့ လူတစ်ယောက်ရဲ့ နောက်ကွယ်မှာ ထောက်တိုင်ပေါင်း များစွာရှိပါတယ်။
ကြိုးစားအားထုတ်မှု ဝီရိယထောက်တိုင်နဲ့ သူများတွေ မတွေးမိတဲ့ အရာတွေကို လုပ်နိုင်တဲ့ စွမ်းအားထောက်တိုင်တွေက အဓိကကျပါတယ်။

BURMESE CLASSIC .com

ဘဝပန်းတိုင်ကို ဘဝပေးကံ အခြေအနေကြောင့် အလွယ်တကူ ရလာတဲ့သူတွေ ရှိသလို...
ဇွဲရှိရှိနဲ့ မရမနေ၊ မဖြစ်မနေ လုပ်ခြင်းကြောင့်လည်း ရနိုင်ပါတယ်။

မစ္ဆရိယစိတ်သည် အေးမြနေသော မိမိစိတ်ကို အပူရေနှင့် လောင်းနေသကဲ့သို့ရှိကာ ကြာလျှင် လူရောစိတ်ပါ လုံးပါး ပါးနိုင်လေ၏။

မိမိကိုယ်ထဲမှာရှိသည့် 'ခွန်အား' ကို ထုတ်ယူ အသုံးမချဘူးဆိုလျှင်...
သင့်ဦးနှောက်က အားနေတဲ့ အခွံတွေချည်း ဖြစ်နေပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



## ဤဝတ္ထုတွင် ပါဝင်သော အခန်းများ


အခန်း (၁) လူသတ်တရားခံ ဘယ်သူလဲ

အခန်း (၂) သေမင်းတံခါးဝမှ လူသတ်ကောင်များ

အခန်း (၃) သုဝဏ္ဏပဗ္ဗတသို့ ရောက်သွားလေသူ

အခန်း (၄) ဆရာကြီးသူရဇ္ဇ ပြောသည့်မှတ်တမ်း

အခန်း (၅) ဦးဇန်ကောင်းတို့၏ ကံကြမ္မာ

အခန်း (၆) ဒေါက်တာမင်းထင်ကျော်နှင့် ထူးဆန်းသော ကျောက်စိမ်းရုပ်

အခန်း (၇) လူပုလေးမိတ္တ ရောက်လာခြင်း

အခန်း (၈) ချာပပ်ထီ လူရိုင်းများနှင့် တိုက်ခိုက်ကြခြင်း

အခန်း (၉) ဆက်သွယ်ရေးအတွက် နိုဖြူ (၉)ကောင်

အခန်း (၁၀) ထူးဆန်းသော မြေပြင်တွင်ဝါ

အခန်း (၁၁) သုဝဏ္ဏဒေဝီကို ကြိုဆိုသူများ

အခန်း (၁၂) သုဝဏ္ဏဒေဝီနှင့် တွေ့ရခြင်း

အခန်း (၁၃) သုဝဏ္ဏပဗ္ဗတမြို့ဟောင်းသို့ ရောက်ရှိခြင်း

အခန်း (၁၄) လေဝ်ဖြူ (သို့မဟုတ်) သုဝဏ္ဏဒေဝီ

အခန်း (၁၅) မိတ္တာထောင်ချောက်

အခန်း (၁၆) အန္တရာယ်စက်ကွင်းမှအလွန်






BURMESE CLASSIC .com

# အခန်း (၁)

## လူသတ်တရားခံ ဘယ်သူလဲ

မြန်မာနိုင်ငံ၏ အနောက်မြောက်နယ်နိမိတ်မှ ကျော်ဖြတ်သွားပါက ဟိမဝန္တာ တောင်တန်းကြီးများ၏ တောင်စဉ်တောင်တန်းကြီးများ၊ တောနက်ကြီးများဖြင့် ဖုံးလွှမ်းနေသော ရှေးဟောင်းနေရာ အမြောက်အမြား ရှိပေသည်။

ရှေးနှစ်ပေါင်းများစွာက ဗြဟ္မပုတ္တမြစ်ဝှမ်း၏ ရန်စွယ်ကြောင့် ထွက်ပြေး တိမ်းရှောင်လာခဲ့ကြသော သာကီဝင်မင်းမျိုးနွယ်တို့၏ လျှို့ဝှက်နေရာ အတော်များများ ရှိခဲ့လေသည်။

သာကီဝင် မျိုးနွယ်တို့သည် ဗြဟ္မပုတ္တမြစ်ဝှမ်းရန်ကို ကြောက်ရွံ့ကြသဖြင့် ထိုမျှ သိခေါင် နက်ရှိုင်းလှသည့် တောနက်ကြီးများထဲ၌ လျှို့ဝှက်စွာဖြင့် နေထိုင်ခဲ့ကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဗြဟ္မပုတ္တရမြစ်၏ မြောက်ဘက်သို့ ခရီးဆက်ပါက ရှေးလူတို့ နေထိုင်သွားခဲ့သည့် နေရာအပျော်များများကို တွေ့နိုင်ကြပေသည်။

ထိုမြို့ဟောင်းများထဲ၌ 'သုဝဏ္ဏပဗ္ဗတ' ဟု အမည်ရှိသော မြို့ဟောင်းတစ်ခုလည်း ပါဝင်ပေသည်။ ထိုမြို့ဟောင်းသည် အစိမ်းရောင် အဆင်းရှိသော တောင်ထိပ်တစ်ခုပေါ်၌ တည်ရှိပေသည်။

တကယ်တော့ သုဝဏ္ဏပဗ္ဗတ အမည်ရှိသည့် မြို့ဟောင်းတည်ရှိသော နေရာမှာ အိန္ဒိယပြည် နယ်နိမိတ်အတွင်း၌ ရှိပေသည်။

အိန္ဒိယ လူမျိုးတို့သည် ဘာသာရေးအရ ဟိမဝန္တာတောင်တန်းကြီးကို အလေးအမြတ်ထားကြသလို ဟိမဝန္တာသည်လည်း ကမ္ဘာပေါ်၌ အမြင့်ဆုံး တောင်ထွတ်တစ်ခု ဖြစ်ပေသည်။

ဟိမဝန္တာတောင်တန်းသည် မိုင်ပေါင်း ၁၆၅၀၀ ကျော် ရှည်လျားပြီး ၎င်း၌ပါဝင်သော ဧဝရက်တောင်သည် ကမ္ဘာပေါ်၌ အမြင့်ဆုံးတောင် ဖြစ်သည်။

ဧဝရက်တောင်သည် ပေပေါင်း ၂၉၀၀၀ ကျော်မြင့်မားကာ တိဗက်နှင့် နီပေါနယ်စပ်၌ တည်ရှိလေသည်။





ပါရှား၊ အိန္ဒိယနိုင်ငံများသာမက တိဗက်နှင့် တရုတ်ဘိုကပင် ဟိမဝန္တာတောင်တန်းကြီး၏ ခမ်းနားကြီးကျယ်ပုံနှင့် သုပတင့်တယ်ပုံများကို တခမ်းတနား ရေးဖွဲ့ခဲ့ကြသည်။

ဟိမဝန္တာကို နှင်းများရဲ့စံအိမ် သို့မဟုတ် နှင်းအိမ်ဟု ဘင်စား ရေးဖွဲ့ကြသည်။

နှင်းအိမ် ဟူသော အဓိပ္ပာယ်မှာ 'ဟိမားလယ' ဟူသော သက္ကတစာလုံးမှ တိုက်ရိုက် အဓိပ္ပာယ်ပြန်ဆိုထားခြင်း ဖြစ်ပေသည်။ ဟိမ (Hima) အိမ်၊ (alaya) အာလာယမှာ နှင်းဟူ၍ အဓိပ္ပာယ် ရှိသောကြောင့် ဟိမားလယ (Hima Laya)မှာ နှင်းများ၏အိမ် ဟူ၍ အဓိပ္ပာယ်ရှိပေသည်။

ဟိမဝန္တာတောင်တန်းကြီးမှာ ကမ္ဘာပေါ်၌ အမြင့်ဆုံး တောင်ထွတ်ပေါင်းများစွာတို့ဖြင့် ခြံရံကာ တည်ရှိနေသလို မိုင်ပေါင်းများစွာ ရှည်လျားလှသော တောင်တန်းကြီးတစ်ခုလည်း ဖြစ်ပေသည်။

ထိုတောင်တန်းကြီးပေါ်၌ တောင်ထွတ်ပေါင်းများစွာတို့ ရှိနေပေရာ ထိုတောင်များနှင့်အတူ အစိမ်းရောင် အဆင်းရှိသည့် ကျောက်စိမ်းရောင်တောင်လည်း ပါဝင်ပေသည်။

ထိုကျောက်စိမ်းတောင်ပေါ်၌ ရှေးနှစ်ပေါင်းများစွာက ရှေးလူတို့ အခြေချ နေထိုင်သွားခဲ့သည့် မြို့ဟောင်းတစ်ခု ရှိပေသည်။


www.burmeseclassic.com

ငင်းမှာ 'သုဝဏ္ဏပဗ္ဗတ'ဟု အမည်ရှိသည့် မြို့ဟောင်း ဖြစ်ပေသည်။

သုဝဏ္ဏမှာ 'ရွှေ'ဟု အဓိပ္ပာယ်ရှိပြီး ပဗ္ဗတမှာ 'တောင်' ဖြစ်သောကြောင့် 'ရွှေတောင်'ဟု အဓိပ္ပာယ်ရှိသော်လည်း အစိမ်းရောင် အဆင်းရှိသော ကျောက်စိမ်းတောင်ထွတ်ပေါ်၌ တည်ထားသည့် ရွှေမြို့တော် ဖြစ်သည်။

ကျောက်စိမ်းတောင်သည် ဟိမဝန္တာပေါ်ရှိ တောင်ပေါင်း ၁၅၀၀ ကျော် ရှိသည့်အနက် တစ်ခုအပါအဝင် ဖြစ်ပေသည်။

ငင်းတောင်ထွတ်ကို တောနက်ကြီးပေါင်း များစွာတို့က ဝန်းရံ ကာဆီးထားပေသည်။

ငင်းတောနက်ကြီးများကို အိန္ဒိယ နိုင်ငံသားတို့က 'သေမင်းတံခါးဝ' တောနက်ကြီးများဟု အသိအမှတ်ပြု အမည်ပေးထားကြလေသည်။

ထိုတောနက်ကြီးများမှာ သာမန်လူတို့ အရောက် အပေါက် မရှိနိုင်သော နေရာများဖြစ်သလို တော်ရုံ အကြောင်း ရှိရုံနှင့်တော့ ဝင်ရောက်ရန် မကြိုးစားရဲကြပေ။

ထိုတောနက်ကြီးများထဲတွင် ရက်စက် ကြမ်းကြုတ်လှ သော လူရိုင်းအချို့ နေထိုင်ကျက်စားကြလေသည်။

ငင်းတို့မှာ 'ဩကာ'ဟုခေါ်သည့် လူသားစား လူရိုင်း အချို့နှင့် တွေ့သမျှလူတို့ကို ခေါင်းဖြတ် သတ်လေ့ရှိသော



www.burmeseclassic.com



'ချာဗမ်တီ' လူနီရိုင်းများ ရှိနေရာ ထိုတောနက်အတွင်းသို့ ဝင်ရောက်လာသူ မှန်သမျှတို့ကို အသက်ရှင်လျက်နှင့် ပြန်ထွက်ခွင့်မပေးကြပေ။

အမှန်တော့ သေမင်းတံခါးဝ ဟု အမည်ပေးထားကြ သည့် တောနက်ကြီးများထဲတွင် လူနီရိုင်းများသာမက အသက် အန္တရာယ်ကို ပေးနိုင်သော အခြားရန်စွယ် အများအပြားတို့ လည်း ရှိကြပေသည်။

များပြားလှသည့် တောဆင်ရိုင်းများ၊

လူသားစားကျားများ၊

နွှင်းကျားသစ်များ၊

ဝက်ဝံကြီးများ၊

မျောက်ဝံ, လူဝံများ၊

လူတစ်ယောက်ကို မိနစ်ပိုင်းအတွင်းမှာပင် အစ,အန ပျောက်အောင် မျိုချပစ်နိုင်သော မြွေနှင့် မြွေပွိုတ္တာကြီးများ၊

'ပီရန်မား' ဟုခေါ်သော အသားစားငါးအုပ်ကြီးများ၊

မိကျောင်းကြီးများ၊

သွေးစုပ်လိပ်ပြာများ၊

သွေးစုပ်လင်းနို့များ၊

အသားစားပဒ္မများ၊ တောခွေး၊ မြေခွေး အစရှိသော အန္တရာယ်များစွာတို့လည်း ရှိကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအန္တရာယ်များကြောင့် သေမင်းနိုင်ငံ သို့မဟုတ် သေမင်းတံခါးဝ,ဟု အမည်ပေးထားကြသည့် တောနက်ကြီးများအတွင်းသို့ ဝင်ရောက်ကြသူတိုင်း အသက်ရှင်လျက်နှင့် ပြန်ထွက်လာရိုးထုံးစံ မရှိခဲ့ပေ။

လွန်ခဲ့သောနှစ် အနည်းငယ်က ကျောက်စိမ်းတောင်ကို ရှာဖွေရန် ရောက်လာကြသည့် မျက်နှာဖြူ လူမျိုးအချို့ ခေါင်းဆောင်လာသော ရတနာ ရှာဖွေရေးအဖွဲ့ တွေ့ကြုံခဲ့ရသည့် အန္တရာယ်ဆိုးများက ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ရတနာရှာဖွေရေး ကုမ္ပဏီတစ်ခုမှ မျက်နှာဖြူလူမျိုးအချို့ ဦးဆောင်သော အဖွဲ့သည် ကျောက်စိမ်းတောင်သို့ ရောက်နိုင်သော မြေပုံလမ်းညွှန်ကို ကိုင်ဆောင်၍ သေမင်းတံခါးဝ ဟု အမည်ရှိသည့် တောနက်ထဲသို့ ချဉ်းနင်းဝင်ရောက်ခဲ့ကြလေသည်။

၎င်းတို့အဖွဲ့၌ ကျွမ်းကျင်သော လမ်းပြများအပါအဝင် ခေတ်မီလက်နက်များကို ကိုင်ဆောင်ထားသော အဖွဲ့သားအတော်များများလည်း လိုက်ပါလာကြလေသည်။

၎င်းတို့အဖွဲ့မှာ လူပေါင်း အယောက်နှစ်ဆယ်၊ အစိတ်ထက်မနည်း ပါဝင်ကြသည်။





ထိုတောနက်အတွင်းသို့ မဝင်မီ အိန္ဒိယတိုင်းရင်းသားများ နေထိုင်ကြသည့် ရွာတစ်ရွာသို့ ဝင်ရောက် စခန်းချကြစဉ် ရွာခံများက ထိုတောနက်ထဲသို့ မသွားရန် အမျိုးမျိုး တားဆီးကြသော်လည်း လက်မခံကြပေ။

"ဆရာကြီးတို့... ဒီတောထဲကိုဝင်ရင် အန္တရာယ်အလွန်များပါတယ်၊ ဝင်တဲ့လူတိုင်း အသက် ရှင်လျက်နဲ့ ပြန်ထွက်လာနိုင်ရိုး ထုံးစံမရှိပါဘူး"

"ဘယ်လိုအန္တရာယ်မျိုးတွေ ရှိလို့လဲ"

"သားရဲတိရစ္ဆာန်တွေရဲ့ အန္တရာယ်အပြင် လူရိုင်းတွေရဲ့ အန္တရာယ်တွေပါ ရှိနေပါတယ်"

"သူတို့မှာ ဘယ်လိုလက်နက်တွေ ရှိသလဲ၊ သေနတ်တွေ ရှိသလား"

"မရှိပါဘူး"

"ဒါဖြင့် ဘာကြောက်စရာရှိမလဲ၊ ငါတို့မှာ သေနတ်ကောင်းကောင်းတွေ အများကြီး ပါလာတာပဲ"

"သူတို့ဆီမှာရှိတဲ့ လက်နက်က သေနတ်ထက်ပိုပြီး ကြောက်စရာကောင်းပါတယ်"

"ဘယ်လိုလက်နက်မျိုးမို့လဲ"

"အဆိပ်လူးမြားတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကား ကြားသောအခါ မျက်နှာဖြူများက ရယ်ကြလေသည်။

"မြားတံက ငါတို့မှာပါတဲ့ သေနတ်ထက် ပိုပြီးကြောက်ဖို့ကောင်းတယ်ဆိုတာ ရယ်စရာပဲ၊ ဒါထက် မင်းတို့ရွာမှာ ကျောက်စိမ်းတောင်ဘက်ကို လမ်းသိတဲ့လူ၊ နယ်မြေ ကျွမ်းကျင်တဲ့လူ ရှိသလား"

"ရှိတော့ ရှိပါတယ်"

"ဒီလိုဆိုရင် ငါတို့က လမ်းပြငှားချင်တယ်၊ အခကြေးငွေကောင်းကောင်းပေးပါ့မယ်"

"ဘယ်လောက်ပဲပေးပေး လိုက်မယ့်လူ မရှိပါဘူး"

"ဘာကြောင့်လဲ"

"ဆရာကြီးတို့ပေးတဲ့ ငွေထက် အသက်က ပိုပြီးတန်ဖိုးရှိပါတယ်၊ ပိုက်ဆံ မရှိဘူးနော် ရှာရင် ရတယ်၊ အသက်မရှိဘူးနော် ရှာရင် ပြန်မရတော့ဘူး"

"တော်တော်ကြီးကျယ်ပါလား"

"ကျုပ်တို့က အမှန်ပြောတာပါ၊ လူတစ်ယောက်မှာ အသက်တစ်ချောင်းပဲ ရှိတယ်၊ အဲဒါမရှိတော့ရင် ဘာမှလုပ်လို့မရတော့ဘူး၊ ပိုက်ဆံနော် မရှိလို့ ရှာယူရင် ရမှာပဲ၊ တခြားအလုပ်နိုင်းရင် လုပ်မယ်၊ ဒီအလုပ်တော့ ဘယ်လောက်ပေးပေးဘယ်သူမှလုပ်မှာ မဟုတ်ဘူး"





ဟု အပြတ်ပြောသဖြင့် မျက်နှာဖြူများလည်း လက်လျှော့ လိုက်ကြရလေတော့သည်။

ထို့ကြောင့် ၎င်းတို့နှင့် အတူပါလာသော လမ်းပြများနှင့်ပင် တောနက်ထဲသို့ ဝင်ကြလေသည်။

၎င်းတို့သည် တောနက်အတွင်းသို့ ရောက်သောအခါ တွေ့ကြုံလာသော အန္တရာယ်များကို ၎င်းတို့ ယူဆောင်လာသော သေနတ်များဖြင့် သုတ်သင် ရှင်းလင်းနိုင်ကြသော်လည်း တောနက်ထဲမှာ မမျှော်လင့်ဘဲ ရောက်လာသော အန္တရာယ်များကိုတော့ ဘယ်လိုမှ မတားဆီးနိုင်ကြပေ။

သစ်ပင်၊ သစ်ကိုင်းများကြားမှ ဖြတ်ထွက်လာသော ငှက်မွေးအမြီးတပ် မြားတံများကိုတော့ ဘယ်လိုမှ မတားဆီးနိုင်ကြပေ။

မြားတံများထိပ်ဖျား၌ လူးထားသော အဆိပ်များမှာ သွေးစို့ရုံနှင့် သေစေနိုင်သောကြောင့် ထိလိုက်တာနှင့် ဘယ်လိုမှကုသချိန်မရဘဲ လဲကျ သေဆုံးသွားကြလေသည်။

နယ်ခံရွာသားများ ပြောသကဲ့သို့ ဘယ်လိုမှ နောက်ထပ်ပြန်မရနိုင်သည့် အသက်များ ဆုံးရှုံးကြရလေသည်။

၎င်းတို့သည် သွေးရူးသွေးတန်းဖြင့် မြားတံများ ထွက်လာသော နေရာများဘက်သို့ သေနတ်များဖြင့် တရကြမ်းပစ်ခတ်ကြသော်လည်း ရန်သူတစ်ယောက်မှ မတွေ့ကြရပေ။



www.burmeseclassic.com

www.burmeseclassic.com

သို့ကြောင့်...

သွေးရှူးသွေးတန်းဖြင့် ထွက်ပြေးကြရလေတော့သည်။ နောက်ဆုံးတော့ တောင်ခြေတစ်ခုသို့ ရောက်သွားကြရလေတော့သည်။ သူတို့ရောက်သွားသော တောင်ခြေမှာ သူတို့ ရှာဖွေနေသည့် ကျောက်စိမ်းတောင်နှင့် မဝေးလှသော နေရာပင် ဖြစ်၏။

ထိုနေရာသို့ ရောက်သောအခါ သင့်တော်သော နေရာ တစ်နေရာ၌ စခန်းချနေကြစဉ် ညအချိန် ရောက်သောအခါ ကင်းသမားအချို့ကို အစောင့်ထားကာ ကျန်အဖွဲ့သားများမှာ ပင်ပန်းမှုအရှိန်ကြောင့် အိပ်စက်ကြလေသည်။

ကင်းကျနေသော အဖွဲ့သားများမှာလည်း ထိုညအဖို့ရာတွင် မည်သည့်အန္တရာယ် အနှောင့်အယှက်မျိုးမှ မတွေ့ရသောကြောင့် စိတ်ချလက်ချ ရှိနေကြလေသည်။

တစ်ညလုံး ကင်းစောင့်နေကြသည့် ကင်းသမားများမှာ နံနက်လင်း အရုဏ်တက်ခါနီး အချိန်လောက် ရောက်သောအခါ အအေးဓာတ်က ပိုလာသလို နှင်းများကလည်း ပိုမိုကျဆင်းလာလေသည်။

သို့ကြောင့် အနွေးထည်နှင့် စောင်ကြမ်းများကို အထပ်ထပ် ပတ်ကာ ကုပ်နေကြရလေသည်။ စခန်းတစ်ခုလုံးမှာတော့ တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေကြလေသည်။





ဤသို့ဖြင့် အရှေ့ဘက်ဆီမှ နှင်းသားထုကို ဖောက်လာသည့် အရုဏ်ဦး အလင်းရောင်ကို တွေ့ကြရပြီး စခန်းတစ်ခုလုံးမှာလည်း ပြန်လည် လှုပ်ရှားလာလေတော့သည်။

နံနက်လင်းသောအခါမှ မိမိတို့စခန်းရှိ အိပ်ပျော်နေသူအချို့ အချိန်တန်၍ အိပ်ရာမှ ထ,မလာကြသောကြောင့် သွားနှိုးကြသောအခါမှ အားလုံး သေဆုံးနေသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့မြင်ကြရသည်။

ထိုအခါ မျက်နှာဖြူ ခေါင်းဆောင်မှာ ဒေါသအပွကြီးပွကာ ၎င်း၏လူများအား ဆူပူကြိမ်းမောင်းလေတော့သည်။

"မင်းတို့ ဘာမှ အသုံးမကျကြဘူး၊ ညက ကင်းသမားတွေ အစောင့်ထားပါလျက်နဲ့ အခု သေကုန်ကြတယ်၊ ဘယ်လိုရန်သူက တိတ်တိတ်ကလေး လာသတ်သွားတာလဲ၊ စစ်ဆေးကြည့်ကြစမ်း"

ဟု ပြောလေရာ သေဆုံးနေသူများကို စစ်ဆေးကြည့်သောအခါမှ ပိုမိုအံ့သြကြရလေတော့သည်။

တောကောင်ကြီးများ၏ ကုတ်ခြစ် ကိုက်ဖဲ့ထားသည့် ဒဏ်ရာဒဏ်ချက်များ၊

မြွေကိုက်ခံရသည့် အစွယ်ရာများ၊

အဆိပ်သင့်သော လက္ခဏာများ တစ်စုံတစ်ရာ မတွေ့ရသည့်အပြင် အစာ အဆိပ်သင့်သောကြောင့် ရှုပ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



ခင်းပျက် ဖြစ်နေခြင်း အစရှိသည့် အသက် သေလောက်သည့် လက္ခဏာ တစ်စုံတစ်ရာ မတွေ့ရသောကြောင့် များစွာ အံ့သြကြရလေသည်။

သေဆုံးနေသူများမှာ လေဖြတ်ခြင်း၊ အအေးပတ်ခြင်း ကြောင့် ရုတ်တရက် သွေးခဲကာ သေဆုံးလေသလားဟု စစ်ဆေးပြန်တော့လည်း ထိုကဲ့သို့သော ရောဂါလက္ခဏာများ လည်း မတွေ့ရပြန်ပေ။

တစ်ခုတော့ ရှိသည်။

ရောဂါစစ်ဆေးသူများ သတိမပြုမိသော အချက်မှာ သေဆုံးသူများ၏ လည်ပင်းတစ်ဝိုက်နှင့် သွေးပြန်ကြော သွေးလွှတ်သော ပင်မအကြောများရှိသည့် နေရာတစ်ဝိုက်မှာ တော့ အပ်ပေါက်ရာကဲ့သို့ အပေါက်ငယ်ကလေးများ ရှိနေ သည်ကိုတော့ ဒဏ်ရာဒဏ်ချက် ရှာဖွေသူများ မတွေ့နိုင် ကြပေ။

ထိုအပေါက်ငယ်များမှာ ခြင်ရိုင်းကိုက်သကဲ့သို့ မွေးညင်း ပေါက်များအတိုင်း ရှိနေသောကြောင့် မတွေ့နိုင်ကြခြင်းပင် ဖြစ်ပေသည်။

လူ့သတ်တရားခံက ဘယ်လိုသတ္တဝါလဲ. . .။

ရွှေသမင်စာပေ



## အခန်း ( ၂ )

## သေမင်းတမန်ဝ.မှ လူ့သတ်ကောင်များ

လူ့သတ်တရားခံ ဘယ်သူလဲ. . . ဟူသော မေးခွန်း၏ အဖြေကို စခန်းရှိ လူအားလုံးက သိချင်နေကြလေသည်။ သို့သော်လည်း ထိုအဖြေကို ဘယ်သူကမှ မပြောနိုင်ကြပေ။ ထိုအခါ အဖွဲ့ခေါင်းဆောင် မျက်နှာဖြူက. . .

"ဒီလူ့သတ်တရားခံကို မတွေ့မချင်း အေးမှာမဟုတ်ဘူး ဒီတော့ ဒီနေရာတစ်ဝိုက်မှာ သဲလွန်စ တွေ့လိုတွေ့ငြား လိုက်ရှာကြပေတော့"

ဟု အမိန့်ပေးသောကြောင့် အဖွဲ့သားများက လူစု ခွဲကာ ၎င်းတို့ စခန်းချသော နေရာဝန်းကျင် တစ်ဝိုက်သို့

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လံ ရှာဖွေကြသော်လည်း မည်သည့် သဲလွန်စကိုမှ မတွေ့ကြရပေ။

ထိုအဖြေကို မကျေနပ်သောကြောင့် အဖွဲ့ခေါင်းဆောင် လုပ်သူက...

"ဒီလိုနဲ့တော့ မပြီးနိုင်ဘူး၊ ဒီနေရာမှာ တစ်ညနေပြီး တရားခံကို မိအောင် စောင့်ဖမ်းရမယ်"

ဟု ပြောလေရာ ထိုစကားကို မည်သူကမှ သဘောမကျကြသောကြောင့် လမ်းပြခေါင်းဆောင် လုပ်သူက...

"သခင်... ဒီနေရာတွေက အင်မတန် တောကြမ်းတယ်၊ ဒါကြောင့် လူတွေက သေမင်းတံခါးဝလို့ အမည်ပေးထားကြတာပါ၊ ဒီနေရာကို ရောက်တဲ့ လူတိုင်းဟာ အန္တရာယ်အမျိုးမျိုးနဲ့ တွေ့ကြရတာပဲ၊ ဒါကြောင့် ဒီနေရာကနေ အမြန်ဆုံး ခရီးဆက်ကြရင် အကောင်းဆုံးပဲ"

ဟု ပြောသော်လည်း လက်မခံပေ။

"ငါတို့တစ်တွေဟာ တစ်ကမ္ဘာလုံးကိုတောင် တိုက်ခိုက်သိမ်းပိုက်နိုင်တဲ့ လူမျိုးတွေပဲ၊ ဘာမဟုတ်တဲ့ တောထဲမှာနေတဲ့ တိရစ္ဆာန်တွေနဲ့ တွေ့မှ လက်မြှောက် အရှုံးပေးရမယ်ဆိုရင် ရာဇဝင် ရိုင်းသွားမှာပေါ့၊

ဒီတော့ မင်းတို့ အကြံပေးတဲ့အတိုင်း မလုပ်နိုင်ဘူး၊ ငါပြောတဲ့အတိုင်းပဲ လုပ်ကြရမယ်၊ ဒီကနေ့ည ငါတို့တစ်တွေ





အားလုံး ဘယ်သူမှမအိပ်ကြဘဲ တရားခံကို ရအောင်စောင့်ဖမ်းကြရမယ်"

ဟု အမိန့်ပေးကာ သူကိုယ်တိုင်လည်း မအိပ်ဘဲ သေနတ်တစ်လက်ကို ကိုင်ကာ တစ်ညလုံး နှင်းတောထဲမှာ ထိုင်စောင့်လေသည်။

ကျန်အဖွဲ့သားများမှာ ထိတ်လန့် ကြောက်ရွံ့မှု ရှိကြသော်လည်း အဖွဲ့ခေါင်းဆောင်ကို မလွန်ဆန်နိုင်သောကြောင့် နောက်မှ မီးစင်ကြည့်က,ကြမည်ဟု တိုင်ပင် ဆုံးဖြတ်ကာ သေနတ် အစရှိသည့် လက်နက်များကို အဆင်သင့် ကိုင်ဆောင်ကာ စောင့်ဆိုင်းနေကြလေသည်။

၎င်းတို့တစ်တွေမှာ ဖွဲကောင်းကောင်းနှင့် စောင့်နေကြရာ ညဥ့်နက်ပိုင်း ရောက်သည့်တိုင် အခြေအနေမှာ မထူးခြားဘဲ ငြိမ်သက်မြဲ ငြိမ်သက်လျက် ရှိနေသည်။

သို့ကြောင့်... ခေါင်းဆောင်လုပ်သူက အကြံတစ်မျိုး ပေါ်လာဟန်ဖြင့်...

"ရန်သူက အိပ်ပျော်နေတဲ့ အချိန်မှာ ဝင်လာဟန်ရှိတယ်၊ အခု တို့ ထိုင်စောင့်နေလို့ ဝင်မလာတာဖြစ်နိုင်တယ်၊ ဒီတော့ အားလုံး အိပ်ချင်ယောင်ဆောင်ပြီး စောင့်ကြမယ်၊ ဒါပေမယ့် အိပ်ပျော်မသွားအောင်တော့ သတိထားကြ၊ ရန်သူ ဝင်လာရင်တော့ အားလုံး လက်မနှေးကြစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု မှာကြားကာ အိပ်ဟန်ဆောင်ကာ စောင့်ကြပြန်လေသည်။ သို့သော်လည်း သန်းခေါင်ယံအချိန် ရောက်သည့်တိုင် အခြေအနေက မထူးဘဲ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။

ပတ်ဝန်းကျင် တစ်ဝိုက်မှာလည်း မည်းမှောင်လျက်ရှိပြီး ကြည့်လေရာ မြင်လေရာမှာ မကောင်းဆိုးရွား သတ္တဝါကြီးများနှင့် သဏ္ဌာန်တူနေလေတော့သည်။

စခန်းတစ်ခုလုံးမှာလည်း ကြောက်မက်ဖွယ် ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။ ပတ်ဝန်းကျင် တစ်ဝိုက်မှာ နှင်းကျသံ တဖြောက်ဖြောက်မြည်သံမှအပ အခြားမည်သည့်အသံမှ မကြားရပေ။

သူတို့ စခန်းချနေသော နေရာမှာ တောစပ်နှင့်နီးသော တောင်ခြေတစ်ခု အနီး၌ ဖြစ်သောကြောင့် တစ်ဖက်၌ ကျောက်တောင်နံရံရှိပြီး ကျန်တစ်ဖက်၌မူ နက်ရှိုင်း မည်းမှောင်လျက်ရှိသော တောအုပ်ကြီးသာ ရှိပေသည်။

ညဉ့်နက်ပိုင်း ရောက်လာသောအခါ အဝေးဆီမှ အူလိုက်သော တောခွေးများ၏ အသံကို ကြားရလေသည်။ အခြေအနေမှာ သာမန်ထက် ပိုမထူးလာသဖြင့် စိတ်အားထက်သန်စွာ စောင့်နေကြသူများမှာ အနည်းငယ် ကြောက်စိတ်ပြေသွားပြီး စိုးရိမ်စိတ်များလည်း လျော့ပါးသွားကြလေသည်။



အနည်းငယ် စိတ်လျှော့လိုက်သကဲ့သို့ ဖြစ်သောအခါ သွေးအေးသွားကာ ငိုက်မျဉ်းစ ပြုလာကြလေသည်။

စောစောက စိတ်အားထက်သန်စွာဖြင့် စောင့်နေကြသော ခေါင်းဆောင်များပင် အိပ်ချင်စိတ်များ ဝင်လာသောကြောင့် စိတ်တင်းထားရလေသည်။

ထိုသို့ရှိနေစဉ် နှင်းကျသံများနှင့်အတူ မသဲကွဲလှသော အသံအချို့ကို ကြားလာရသည်။

ပထမတော့ လေတိုးသလိုလို၊ နှင်းစက်ကျသံလိုလို ထင်မိသော်လည်း တစ်စတစ်စဖြင့် နီးကပ်လာသောအခါမှ တဖျပ်ဖျပ် အသံများက ပီပြင်လာလေတော့သည်။

"ဖျပ်. . .ဖျပ်. . .ဖျပ်. . .ဖျပ်. . ."

ထိုအသံများကြောင့် အချို့ ငိုက်မျဉ်းနေကြသူများပင် နားစွင့်ရင်း စိတ်ဝင်စားလာကြလေသည်။

ခဏကြာတော့ ဟိုမှ သည်မှ ပျံဝဲလာသော မည်းမည်း သဏ္ဌာန်များကို ဝိုးတဝါး လှမ်းမြင်ရသည်။

"ဘာကောင်တွေလဲ"

"ပိုးကောင်တွေ ထင်ပါရဲ့"

ထိုသို့ ပြောနေရင်းမှပင် ပျံဝဲလာသည့် သတ္တဝါများက မြင်ကွင်းထဲသို့ ရောက်လာကြသည်။

"ပိုးကောင်တွေဟုတ်ဘူး၊ လင်းပြာတွေဟ၊ အများကြီးပါလား"

www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့ရှိရာ တစ်ဝိုက်သို့ ရောက်လာသော လိပ်ပြာများမှာ ရာပေါင်းများစွာရှိပြီး အရွယ်အစားကလည်း အမျိုးမျိုးဖြစ်သည်။

အကောင်သေးများအပြင် ဆင်လိပ်ပြာကဲ့သို့ အရွယ်အစား ကြီးမားသော လိပ်ပြာကြီးများလည်း ပါလာကြသည်။ လိပ်ပြာများမှာ အရောင်အသွေးမျိုးစုံ ဖြစ်သော်လည်း အများအားဖြင့်ကတော့ အနက်ရောင် များလေသည်။

ငှင်းတို့က ကြောက်မက်ဖွယ်ကောင်းသည့် သတ္တဝါများလာလိမ့်မည် အထင်နှင့် စောင့်နေကြလေရာ လိပ်ပြာများရောက်လာသောကြောင့် ဘယ်လိုလုပ်ရမှန်း မသိဘဲ ရှိနေကြစဉ် များပြားလှသော လိပ်ပြာများက ငှင်းတို့ ကိုယ်ပေါ်သို့ ဝိုင်းအုံကာ နားကြလေတော့သည်။

ထိုအခါမှ လက်များနှင့် ဖယ်ပုတ်ထုတ်ကြသော်လည်း အကောင်အရေအတွက် များပြားသောကြောင့် ကိုယ်ပေါ်မှ မကွာတော့ဘဲ တွယ်ကပ်မြဲ တွယ်ကပ်လျက် ရှိနေတော့သည်။ ငှင်းတို့ ကိုင်ထားသော သေနတ်များမှာ လိပ်ပြာများကို တိုက်ခိုက်ရာတွင် အသုံးမဝင်လှပေ။

လိပ်ပြာများမှာ လူ၏ကိုယ်ပေါ်သို့ ဝိုင်းအုံ တွယ်ကပ်ပြီးနောက် ပန်းဝတ်ရည်စုပ်သော အစွယ်များဖြင့် မွေးညင်းပေါက်များအတွင်းသို့ ထိုးသွင်းကာ သွေးများ စုပ်ယူကြလေသည်။





ငှင်းတို့သည် သွေးပြန်ကြောရှိသည့် နေရာများကို ဝိုင်းအုံ ထိုးဖောက်၍ စုပ်ယူကြရာ သွေးစုပ်ခံရသူမှာ မခံမရပ်နိုင်အောင် ရှိလေသည်။

လိပ်ပြာအုပ်စုများမှာ တစ်စတစ်စ ပိုမိုများပြားလာရာ ဘယ်လိုမှ ဖယ်ထုတ်၍ မနိုင်အောင် ဖြစ်လာသောအခါ လူများမှာ ခြေဦးတည့်ရာ ထွက်ပြေးကြရလေတော့သည်။

နောက်ပိုင်းတွင် ကျောက်စိမ်းတောင်ကို လိုက်လံရှာဖွေကြသည့် ထိုအဖွဲ့သားများအားလုံး တစ်ယောက်မှ နေရပ်သို့ ပြန်မရောက်လာကြတော့ပေ။

ထိုအခါ ဗြိတိသျှအစိုးရက အိန္ဒိယ အာဏာပိုင်များထံသို့ အကူအညီတောင်းကာ ပျောက်ဆုံးသွားသော အဖွဲ့သားများကို လိုက်လံရှာဖွေရန် ဆောင်ရွက်ကြပြန်လေသည်။

အိန္ဒိယအစိုးရမှ နယ်မြေလမ်းပြ ကျွမ်းကျင်သူများကို ရှာဖွေခေါ်ယူ၍ လက်နက်ကိုင် အချို့ကိုပါ ထည့်ပြီး ပျောက်ဆုံးသွားသူများကို ရှာဖွေရန် သေမင်းတံခါးဝ,ဟု ခေါ်သည့် တောနက်ကြီးအတွင်းသို့ စေလွှတ်လိုက်လေသည်။

အိန္ဒိယတပ်ဖွဲ့ဝင်များ၌ ခေတ်မီသေနတ်များ ပါလာရုံမက မိုင်းနှင့် လက်ပစ်ဗုံးများပါ ယူဆောင်လာကြလေသည်။

တောနက်ထဲသို့ ရောက်သောအခါ နေရာအနှံ့ လိုက်လံရှာဖွေသောအခါ လိပ်ပြာများ ဝိုင်းအုံသွေးစုပ်သဖြင့် သေဆုံးနေသော အလောင်းများရှိရာသို့ ရောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် သေဆုံးနေသော အလောင်းများမှာ သားရဲတိရစ္ဆာန်များက ကိုက်ဖြတ် စားသောက်ထားသောကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေချေပြီ။

အချို့ဆိုလျှင် အသားပင် မရှိတော့ဘဲ အရိုးစုသာ ကျန်လေတော့သည်။

၎င်းတို့အဖွဲ့တွင် တောတောင်ဓလေ့ကို ကျွမ်းကျင်သူများ ပါလာသောကြောင့် သဲလွန်စများကို လိုက်လံရှာဖွေကြရာ ထိုနေရာတစ်ဝိုက်တွင် လူတို့ လက်ချက်ကြောင့် သေဆုံးနေသော လိပ်ပြာ အပိုင်းအစများကို တွေ့ကြရလေသည်။

လိပ်ပြာ အသေကောင်များမှာ အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်ကာ မြေပြင်ပေါ်၌ ပြန့်ကျဲလျက် ရှိနေသည်။ ထိုလိပ်ပြာ အပိုင်းအစများကို မြင်သောအခါ အချို့က...

"ဒါ သွေးစုပ်လိပ်ပြာတွေပဲ၊ လူတွေဟာ သွေးစုပ်လိပ်ပြာတွေကြောင့် သေကုန်ကြတာ ဖြစ်မယ်"

ဟု မှတ်ချက်ချသည်။

"ဘာပဲဖြစ်ဖြစ် အချို့တစ်ဝက်တော့ ကျန်ဦးမယ် ထင်တယ်၊ ဒီနားတစ်ဝိုက်မှာ လိုက်ရှာကြရအောင်"

ဟု ပြောဆိုတိုင်ပင်ကာ ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေကြရာ နောက်ဆုံး ကျောက်ဂူကြီး တစ်ခုအတွင်းသို့ ရောက်သွားကြလေသည်။





ထိုကျောက်ဂူကြီး၏ အတွင်းပိုင်း ရောက်သောအခါ ထောင်ပေါင်း များစွာသော လိပ်ပြာများ ပျံဝဲနေသည်ကို တွေ့မြင်ကြရသောအခါ...

"သွေးစုပ်လိပ်ပြာတွေ... သွေးစုပ်လိပ်ပြာတွေ အများကြီးပဲ၊ ဒီဂူထဲမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ အမြန်ပြန်ထွက်ကြမှဖြစ်မယ်"

ထိတ်လန့်တကြား အော်ဟစ် ပြောဆိုကြလေသည်။

ထိုအခါ ခေါင်းဆောင်လုပ်သူက...

"ဒီလောက်အန္တရာယ်များတဲ့ သတ္တဝါတွေကို ဒီအတိုင်းထားလို့ ဘယ်ဖြစ်မလဲ၊ တစ်ခါတည်းရှင်းပစ်ခဲ့မှ အေးမယ်"

ဟု ပြောဆိုကာ ၎င်းလူများကို ဂူအတွင်း၌ မိုင်းများ ထောင်ခိုင်းကာ လူများကို ဘေးလွတ်ရာ နေစေပြီးနောက် မိုင်းခွဲချလေတော့သည်။

ကြောက်မက်ဖွယ်ရာ ကောင်းသော မြည်ဟည်းသံကြီးများနှင့်အတူ ဂူကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွားလေသည်။

ထို့အတူ တဝုန်းဝုန်း ပြိုကျသံများနှင့်အတူ ဂူကြီးအတွင်းပိုင်းဘက်ဆီမှ တဝေါဝေါနှင့် ပျံထွက်လာသော ငှက်များကို မြင်ရပြန်လေသည်။

ငှက်များမှာ ကျီးကန်းများနှင့် သဏ္ဌာန်တူကာ အမည်းရောင်များ ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရွယ်အစားမှာလည်း ကျိုးကန်းလောက်ရှိပြီး ရှည်လျားသော နှုတ်သီးချွန်နှင့် ခြေသည်း လက်သည်းများ ပါသော ငှက်ဆိုးအုပ်စုများ ဖြစ်ကြလေသည်။

ရင်းငှက်ဆိုးများမှာ လူကို မြင်သည်နှင့် တစ်ဟုန်ထိုးပျံလာပြီး အော်ဟစ်ကာ ထိုးဆိတ် ကုတ်ခြစ်၍ တိုက်ခိုက်ကြလေတော့သည်။

လူများကလည်း တုတ်, ဓား, သေနတ်များဖြင့် ပြန်လည် တိုက်ခိုက်ကြသော်လည်း ရာပေါင်းများစွာသော ငှက်ဆိုးများကို မနိုင်အောင် ဖြစ်တော့သည်။

ငှက်ဆိုးများ၏ နှုတ်သီးချွန်၊ ခြေသည်းချွန်များနှင့် ကုတ်ဖဲ့ ထိုးဆိတ်ခြင်း ခံရပါက အဝတ်အစားများပင် စုတ်ပြဲပေါက်ထွက်ရုံမက အသားများမှာ အတစ်လိုက် အကွင်းလိုက် ပါသွားလေတော့သည်။ အချို့ဆိုလျှင် မျက်လုံးများ ပေါက်ထွက်ကုန်လေသည်။

ငှက်ဆိုးများ ထိုးကုတ်ခံရသော ဒဏ်ရာများမှာ ပြင်းထန်လှသောကြောင့် သွေးကြောများ စုတ်ပြတ် ပေါက်ပြဲကာ ထိုဒဏ်ရာများမှ သွေးများ တရဟော ပန်းထွက်လာလေရာ အော်ဟစ် ညည်းညူသံများ ပေါ်ထွက်လာလေတော့သည်။

ရင်းတို့၌ပါသည့် သေနတ်, တုတ်, ဓား လက်နက်များဖြင့် ပြန်လည် တိုက်ခိုက်ကြသော်လည်း အနည်းငယ်သာ





ထိရောက်မှုရှိပြီး ငှက်များ၏ တိုက်ခိုက်မှုကြောင့်သာ လူများမှာ အလူးအလဲ ခံကြရလေသည်။

ကြာတော့ လူများမှာ မခံနိုင်တော့ဘဲ သွေးရူးသွေးတန်း ဖြစ်လာကြသည်။

မျက်လုံး ပေါက်ထွက်သူ၊ မျက်နှာနှင့် အသားများ ပေါက်ပြဲ စုတ်ပြတ်ကာ တစ်ကိုယ်လုံး သွေးချင်းချင်းနီလျက် မဟန်နိုင်တော့ဘဲ မြေပြင်ပေါ်သို့ လဲကျသူလဲကျ၊ သွေးရူးသွေးတန်းဖြင့် ထွက်ပြေးသူ ထွက်ပြေးကြရလေတော့သည်။

ငှက်ရိုင်း ငှက်ဆိုးအုပ်စုများမှာ လူများကို တရကြမ်း တိုက်ခိုက်ကြပြီးနောက် ဆူဆူညံညံ အော်ဟစ်သံများပေးကာ အဝေးသို့ ပျံထွက်သွားကြလေတော့သည်။

စောစောက ထိုနေရာတစ်ဝိုက်တွင် ငှက်အော်သံများဖြင့် ဆူညံလျက်ရှိနေသော်လည်း ယခုအခါမှာတော့ လူများ၏ အော်ဟစ် ညည်းညူသံများသာ ကျန်ရစ်ခဲ့လေတော့သည်။

နောက်ပိုင်းတွင် အိန္ဒိယအစိုးရသည် သေမင်းတံခါးဝဟု ခေါ်ကြသည့် တောနက်ကြီးအတွင်း၌ ရင်းတို့စေလွှတ်လိုက်သော တပ်ဖွဲ့ဝင်အားလုံး ပျောက်ဆုံးသွားကြောင်း သတင်းစာများ၌ ကြေညာလိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

## သုဝဏ္ဏပဗ္ဗတသို့ ရောက်သွားလေသူ

အိန္ဒိယပြည်၏ မြောက်ဘက်ယွန်းယွန်း၊

ဗြဟ္မပုတ္တရမြစ်၏ အရှေ့ဘက်၊

ဒီဘရူလာနှင့် ဆဒိယတို့၏ အရှေ့တောင်ယွန်းယွန်း နေရာဘက်၌ လီဒိုမြို့ ရှိပေသည်။

လီဒိုသည် အိန္ဒိယပြည်၏ အရှေ့မြောက်ဖျားမြို့တစ်မြို့ ဖြစ်သလို မြန်မာနိုင်ငံနှင့် အနီးဆုံးမြို့ တစ်မြို့လည်း ဖြစ်ပေသည်။

လီဒိုကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားများက လီဒိုလမ်းမကြီးကို အကြောင်းပြု၍ လူသိများကြလေသည်။





လီဒိုလမ်းမကြီးသည် ကမ္ဘာကျော် လမ်းမကြီးတစ်ခု ဖြစ်ပေသည်။

လီဒိုလမ်းကို ၁၉၄၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ ဒုတိယကမ္ဘာစစ်အတွင်းက စတင် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ခရီးမိုင်ပေါင်း ၁၄၀၀ ခန့် ရှည်လျားလှပေရာ မိုင်ပေါင်း ၁၅၀၀ ခန့် ရှည်လျားသည့် ဟိမဝန္တာ တောင်တန်းကြီးကဲ့သို့ လူသိများ ထင်ရှားသော နေရာတစ်ခု ဖြစ်ပေသည်။

လီဒိုလမ်းမသည် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နယ်ကို ဆက်သွယ်ကာ လီဒိုမြို့မှ အစပြု၍ ဖောက်လုပ်ခဲ့သောကြောင့် လီဒိုလမ်းမ ဟူ၍ အမည်တွင်ခဲ့ခြင်း ဖြစ်ပေသည်။

လီဒိုမြို့မှ အစပြုခဲ့သည့် လမ်းမကြီးသည် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းသို့ ဝင်ရောက်ကာ ပတ်ကိုင်တောင်တန်း၊ ရှင်ဗွေယံ၊ တနိုင်း၊ ဟူးကောင်းတောင်ကြား၊ မိုးကောင်း၊ မြစ်ကြီးနားမှ ဧရာဝတီမြစ်ကို ဖြတ်ကာ ဗန်းမော်ဘက်ကို ဖြတ်၍ မြန်မာနိုင်ငံ၏ အရှေ့ဘက်မှ ဖြတ်ထွက်ပြီးနောက် တရုတ်ပြည်အတွင်းရှိ ပါအိုရှန်၊ တာလီတို့မှတစ်ဆင့် တရုတ်ပြည်အတွင်းရှိ မာကိုပိုလို လမ်းမကြီးအရောက် ဆက်သွယ်နိုင်သော ကမ္ဘာကျော်လမ်းမကြီးပင် ဖြစ်၏။

ထိုကဲ့သို့ ရှည်လျားလှသောကြောင့် လေယာဉ်ပျံပေါ်မှ ကြည့်လျှင် လမ်းနှင့်မတူဘဲ အရှေ့နှင့် အနောက် ကွေ့ကွေ့



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကောက် စီးဆင်းနေသည့် မြစ်ကြီးတစ်စင်းနှင့် သဏ္ဍာန်တူလှပေသည်။

မှတ်တမ်းများအရ ထိုလီဒိုလမ်းမကြီးကို ဖောက်လုပ်ရာတွင် တံတားအတို့အရှည်ပေါင်း ၁၃၀၀ ကျော်၊ အရေးပေါ်အဆောက်အအုံပေါင်း ၂၃၀၀ ကျော်၊ မော်တော်ကား စက်ပြင်ရုံနှင့် လက်နက်တပ်ဆင်ရုံပေါင်း ၇၀ ကျော်။

ဗားကောင်း တောင်ကြားရှိ ရှင်ဗွေယံအတွက် စက်ကြီး၊ စက်ငယ်ပေါင်း ၂၀ ကျော်။

ခုနစ်တန်လေးသော တွင်ခုံစက်ကြီး နှစ်လုံးနှင့် စက်ပြင်ရုံ နှစ်ရုံ။

ထိုစက်ပြင်ရုံ နှစ်ရုံ၌ မော်တော်ကားစက်ပစ္စည်း အစိတ်အပိုင်း အားလုံးတို့ကို အပြီးအစီး ပြုလုပ်ပေးနိုင်သည်အထိ ပြီးပြည့်စုံလေသည်။

ထို့ပြင် ထိုလမ်းမကြီးဖောက်လုပ်ရန် လမ်းတစ်လျှောက်တွင် လေယာဉ်ကွင်း ၃၀ ကျော်၊ အရေးပေါ်လူနာသယ်ရန် လေယာဉ်ကွင်းငယ်ပေါင်း ၆၀၀ ကျော်နှင့် အလုပ်သမားပေါင်း ၁၆၀၀၀ ကျော်ဖြင့် ဖောက်လုပ်ခဲ့ကြရာ ကုန်ကျစရိတ်ပေါင်း ဒေါ်လာ သန်း ၁၃၀ ကုန်ကျခဲ့လေသည်။

၁၉၄၃ ခုနှစ်မှ စတင်ဖောက်လုပ်ခဲ့ရာ ၁၉၄၅ ခုနှစ်ရောက်သောအခါမှ အဆုံးသတ်ခဲ့လေသည်။





အရှေ့တောင်ဘက်တွင် ယိုးဒယား–မြန်မာလမ်းမကြီးသည် သေမင်းတမန် လမ်းမကြီးဟု အမည်တွင်ခဲ့သလို...

အနောက်မြောက်တွင်လည်း 'လီဒို' လမ်းမကြီးမှာ သေမင်းတမန်လမ်းမကြီး ဖြစ်ခဲ့လေတော့သည်။

ယိုးဒယား–မြန်မာလမ်းမကြီးကို ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်တိုင်အောင် ဂျပန်တို့ ဖောက်လုပ်ခဲ့ကြခြင်းဖြစ်ပြီး ယိုးဒယားနိုင်ငံ ဘန်ပေါင်(Ban Pong) ဘူတာမှ မြန်မာနိုင်ငံ သံဖြူဇရပ်ဘူတာအထိ ရှည်လျားလေသည်။

ခရီးမိုင်အကွာအဝေးမှာ ၅၅ မိုင်ရှည်လျားပြီး ချွေးတပ်သားပေါင်း ၁၇၇၀၀၀ အသုံးပြုခဲ့ကြောင်း မှတ်တမ်းများရှိလေသည်။

လီဒိုလမ်းမကြီးလောက် မရှည်လျားသော်လည်း အသုံးပြုခဲ့ရသည့် ချွေးတပ်သားပေါင်း ပိုမိုများပြားကာ သေဆုံးသူလူဦးရေမှာလည်း ပိုမိုများပြားသောကြောင့် သေမင်းတမန်လမ်းမကြီးဟု ခေါ်ဝေါ် သမုတ်ခဲ့ကြလေသည်။

အိန္ဒိယပြည်၌ရှိသော လီဒိုသည် လီဒိုလမ်းမကြီးကို အကြောင်းပြုပြီး လူသိများခဲ့ရခြင်းဆိုက မမှားပေ။ ထိုလီဒိုမြို့တွင် ရှေးဟောင်းမှတ်တမ်းများ၊ ပုရပိုဒ်များ၊ ရှေးဟောင်းပစ္စည်း များစွာတို့ကို စုဆောင်းထားသော 'ခတ္တိယ' ဟု အမည်ရှိသည့် ရှေးဟောင်းပြတိုက်ကြီးတစ်ခု ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြတိုက်ကြီး၌ ရှေးဟောင်းပစ္စည်းအမျိုးမျိုး မှတ်တမ်း ပုရပိုဒ် အမျိုးပေါင်းများစွာ စုဆောင်းထားရှိသောကြောင့် ဗဟုသုတ လိုလားသူတို့အတွက် စိတ်ဝင်စားဖွယ်ရာ နေရာ တစ်ခုလည်း ရှိလေသည်။

ထိုပြတိုက်တွင် မဇ္ဈိမဒေသ၌ မြတ်စွာဘုရား မပွင့်မီ အချိန်ကာလနှင့် ပွင့်တော်မူပြီးနောက်ပိုင်း ရှေးမင်းအဆက်ဆက် တို့ အသုံးပြုခဲ့သည့် ပစ္စည်း အသုံးအဆောင်များသာမက ဆေးကျမ်းများ၊ ကာသမှုမှတ်တမ်းများ၊ ဗေဒင်ကျမ်း၊ လက္ခဏာ ကျမ်း၊ နက္ခတ်ကျမ်းများအပြင် ဂမ္ဘီရဆိုင်ရာ မှတ်တမ်း အတော်များများ ရှိပေရာ ၎င်းတို့ကို ခုနှစ် သက္ကရာဇ်နှင့်တကွ အမှတ်စဉ် နံပါတ်များထိုးကာ စနစ်တကျ သိမ်းဆည်းထား လေသည်။

ထိုပြတိုက်ကြီးအတွင်း၌ အမှတ်စဉ် (၉၀၉)ဟု နံပါတ် တပ်ထားသော ပုရပိုဒ်မှတ်တမ်းတစ်အုပ် ရှိလေသည်။

ပြတိုက်နှင့်ဆိုင်ရာ စာတွဲများ၏ အမှတ်အသားများ၌ ဖော်ပြထားသော မှတ်တမ်းနေ့စွဲများမှာ လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ရာကျော်က မှတ်တမ်းများပင် ဖြစ်လေသည်။

ထိုမှတ်တမ်းများမှာ အခြားမှတ်တမ်းများ၊ ရှေးဟောင်း ပစ္စည်းများကဲ့သို့ သမိုင်းသုတေသီများ၊ ပါရဂူများနှင့် စွန့်စွန့် စားစား သွားလာလိုသူများအတွက် စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံး မှတ်တမ်းများပင် ဖြစ်တော့သည်။





ထိုမှတ်တမ်းများကို ကမ္ဘာပေါ်ရှိ စွန့်စွန့်စားစား သွားလာ ချင်သူများ၊ ရတနာရှာဖွေချင်ကြသူများ များစွာ စိတ်ဝင်စား သဖြင့် နှစ်စဉ်ဆိုသလို လာရောက် လေ့လာသူပေါင်း များစွာရှိကြလေသည်။

ထိုမှတ်တမ်းများထဲ၌ ရေးသား မှတ်တမ်းတင်ထား သော အကြောင်းအရာများမှာလည်း စိတ်ဝင်စားဖွယ်ရာ ကောင်းလှပေသည်။

ထိုမှတ်တမ်းများကို လေ့လာကြည့်လျှင်...

လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ဟိမဝန္တာတောင်တန်း များ၏ အလယ်၌ လျှို့ဝှက်သော နေရာတစ်ခုရှိခဲ့ပြီး ထိုနေရာ ၌ ရှေးကျသော လူမျိုးများ နေထိုင်သွားခဲ့သည့် မှတ်တမ်း အထောက်အထားများကို တွေ့ကြရမည် ဖြစ်ပေသည်။

ထိုနေရာသည် သေမင်းတံခါးဝဟု အမည်တွင်နေသည့် တောအုပ်ကြီး အလယ်၌ရှိသော အစိမ်းရောင် အဆင်းရှိသော ကျောက်တောင်ကြီးအပေါ်၌ တည်ထားသည့် သုဝဏ္ဏပဗ္ဗတ မြို့ဟောင်းနေရာနှင့် ပတ်သက်သည့် ထူးဆန်း အံ့ဩဖွယ် ကောင်းသော မှတ်တမ်းများပင် ဖြစ်ပေသည်။

ထိုဒေသရှိ ကျောက်စိမ်းတောင်ကြီးများမှာ နှင်းခဲများ အစဉ်အမြဲ ဖုံးလွှမ်းလျက်ရှိနေကာ လေယာဉ်ပျံပေါ်မှကြည့်လျှင် မြင်ရသူတိုင်းက ကမ္ဘာပေါ်၌ အမြင့်ဆုံးဖြစ်သော ဟိမဝန္တာ



www.burmeseclassic.com

www.burmeseclassic.com

တောင်ထိပ်မှလွဲလျှင် ဒုတိယအမြင့်ဆုံး တောင်ထွတ်၊ တောင်တန်းကြီးများ ဖြစ်ပေသည်ဟု မှတ်ချက်ချကြမည်မှာ မလွဲပေ။

ဟိမဝန္တာ တစ်ကြောတွင်ရှိသော တောင်ထွတ်ကြီးများမှာ တစ်ခုသာမဟုတ်။ တောင်စဉ် တောင်တန်းများအားလုံး မိုးထိလွင့်ကပါး မြင့်မားလှချည်းသာ ဖြစ်သည်။

ရှေးနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သောအချိန်က လူသူအရောက်အပေါက်နည်းသော ထိုနေရာဒေသသို့ မြန်မာလူမျိုးတစ်ဦး ခေါင်းဆောင်သော အဖွဲ့သည် စွန့်စွန့်စားစား ရောက်ခဲ့ကြပေသည်။

၎င်း၏အမည်မှာ ဦးဒိဗ္ဗ ဆိုသူ ဖြစ်သည်။

ဦးဒိဗ္ဗသည် ရှေးဟောင်း ပညာရပ်များနှင့် တိမ်မြုပ်ပျောက်ကွယ်နေသော ရှေးဟောင်းနေရာများကို စွန့်စွန့်စားစား ရှာဖွေရန် ဝါသနာပါသူ ဖြစ်လေသည်။

သူသည် ရှေးမှတ်တမ်းတစ်ခု၌ တွေ့ရသော သုဝဏ္ဏပဗ္ဗတ မြို့ဟောင်းအကြောင်းကို စိတ်ဝင်စားရာမှ စိတ်သဘောချင်း တူကြသည့် လူအချို့နှင့် တိုင်ပင်ကြကာ မြန်မာပြည်မှ အိန္ဒိယပြည် လီဒိုမြို့သို့ ရောက်အောင် လာခဲ့ကြသည်။

လီဒိုသို့ ရောက်သောအခါ ခတ္တိယ ရှေးဟောင်းပြတိုက်ကြီးမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံကာ အကူအညီများ ရယူ၍ လီဒိုမှ မြောက်ဘက်စူးစူးသို့ စတင်ခရီးထွက်ခဲ့ကြလေသည်။





ခတ္တိယ ရှေးဟောင်းပြတိုက်မှ ၎င်းတို့အတွက် လမ်းပြကျွမ်းကျင်သူအချို့ကိုပါ ထည့်ပေးလိုက်သောကြောင့် သေမင်းတံခါးဝ ဟုခေါ်သော တောနက်ကြီးများသို့ ရောက်ကြသည့်အထိ အခက်အခဲမရှိ သွားနိုင်ကြပေသည်။

ထိုသေမင်းတံခါးဝ တောနက်ကြီးအတွင်းသို့ ရောက်သောအခါမှ အန္တရာယ် အမျိုးမျိုးနှင့် တွေ့ကြုံကြရလေတော့သည်။

ရက်ပေါင်း လပေါင်းများစွာကြာအောင် တောနက်ကြီးထဲမှာ ခရီးဆက်ခဲ့ကြရာမှ 'ဩကာ' ဟုခေါ်သည့် လူသားစားလူရိုင်းများ . . .၊

ချာဗမ်တီ ဟုခေါ်သော ခေါင်းဖြတ် လူရိုင်းများနှင့် တွေ့သဖြင့် လူအတော်များများမှာ အသက် သေဆုံးကာ ကျန်ရစ်ခဲ့ကြလေသည်။

အချို့ကတော့ လူရိုင်းများ၏ ဖမ်းဆီး ခေါ်ဆောင်သွားခြင်းကို ခံကြရလေရာ နောက်ဆုံး ဦးဒိဗ္ဗနှင့် သုံးလေးယောက်သာ ကျန်ခဲ့တော့သည်။

သို့သော်လည်း ထိုအန္တရာယ်များကို ကျော်ဖြတ်ကာ ဦးဒိဗ္ဗတို့သည် ကျောက်စိမ်းတောင် ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားကြလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

၎င်းတို့သည် စွန့်စွန့်စားစား ရှာဖွေနေသော ကျောက်စိမ်းတောင်ကြီးသို့ ရောက်သောအခါ ရက်ပေါင်းများစွာကြာသည်အထိ တောင်ထိပ်သို့ ရောက်အောင် ခက်ခက်ခဲခဲ တက်ကြရာ နောက်ဆုံးတော့ ကျယ်ပြန့်လှသော တောင်ထွတ်လွင်ပြင်ကြီး တစ်ခုအပေါ်သို့ ရောက်သွားကြလေတော့သည်။

ထိုတောင်ထိပ် လွင်ပြင်ပေါ်မှာတော့ အနှစ်နှစ် အလ,လကြီးစားရှာဖွေနေသော သုဝဏ္ဏပဗ္ဗတ မြို့ပျက်ဟောင်းကြီးကို မျက်ဝါးထင်ထင် တွေ့မြင်ကြရလေတော့သည်။

သူတို့ တွေ့မြင်ရသော အရာများက...

သလင်းကျောက်များဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံ အပြိုအပျက်များပင် ဖြစ်သည်။

ရေးလက်ရာများဖြင့် နှစ်ပေါင်းများစွာက ဆောက်လုပ်ထားခဲ့ဟန်ရှိပြီး လူတို့ စွန့်ပစ်ခဲ့သည်မှာလည်း နှစ်ပေါင်းများစွာကြာမြင့်ခဲ့ဟန် ရှိလေသည်။

အဆောက်အအုံများမှာ ရာသီဥတုဒဏ်၊ မြေလျှင်ဒဏ်တို့ကြောင့် ပြိုကျ ပျက်စီးလျက် ရှိနေသော်လည်း ရေးဟောင်းလက်ရာများကို အထင်းသား တွေ့နိုင်ကြလေသည်။

ဦးဒိဗ္ဗတို့သည် တစ်မျှော်တစ်ခေါ် မြင်နေရသည့် မြို့ဟောင်းပျက်ကြီးအတွင်းသို့ လှည့်လည် ကြည့်ရှုကြရာ အချို့ အဆောက်အအုံပျက်များအတွင်း၌ ရွှေသားအတိဖြင့် ဆောက်လုပ်ထားသည့် ယဇ်ပလ္လင်များ၊



၎င်းတို့အပေါ်တွင် ထွင်းထုထားသော ကျောက်စာများနှင့် ရေးဟောင်းလက်ရာ အချို့ကို တွေ့မြင်ကြရလေသည်။

အချို့ရုပ်တုများ၌ အဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာများ တပ်ဆင်ထားသည်ကို တွေ့ကြရသည်။

ထိုအဆောက်အအုံ လက်ရာများကို လေ့လာကြည့်ရှုသောအခါ ရေးနှစ်ပေါင်း ထောင်ပေါင်းများစွာကပင် ထိုတောင်ထွတ်ပေါ်သို့ ရေးဟောင်းလူတို့ ရောက်ရှိ နေထိုင်ခဲ့ကြပြီး ယဉ်ကျေးမှု အဆင့်အတန်းမှာလည်း များစွာမြင့်မားခဲ့ကြောင်း လေ့လာ တွေ့ရှိကြရလေသည်။

ထိုကျောက်တောင်ပေါ်မှာပင် သတ္တုတွင်းများ၊ ရွှေကြောများနှင့် ပတ္တမြားကဲ့သို့ အဖိုးတန် ကျောက်မျက်ရတနာထွက်သော တွင်းဟောင်း တွင်းပျက်များကို တွေ့ကြရလေသည်။

အချို့ အဆောက်အအုံပျက်များ အတွင်း၌ ရွှေဖြင့်သွန်းလုပ်ထားသော ဒင်္ဂါးများကိုလည်း တွေ့ကြရသည်။

ထိုနေရာသည် ပျောက်ဆုံးနေသော ကမ္ဘာဟောင်းတစ်ခု ဖြစ်သလို တန်ဖိုးကြီးမားလှသော ရတနာသိုက်ကြီးတစ်ခုလည်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

'သုဝဏ္ဏပဗ္ဗတ' ဟူသော အမည်နှင့် လိုက်အောင် ရွှေတုံး၊ ရွှေခဲများ စုပုံနေသည့် မြို့ဟောင်းကြီးတစ်ခု ဆိုက လည်း မမှားပေ။

ဦးဒိဗ္ဗတို့သည် ထိုနေရာ၌ တွေ့မြင်ခဲ့ရသော အကြောင်း အရာများကို အသေအချာ လေ့လာ မှတ်သား၍ ခရီးစဉ် လမ်းကြောင်းများကိုလည်း မြေပုံများရေးဆွဲကာ နောက်ကြောင်း သို့ ပြန်လှည့်ခဲ့ကြလေသည်။

ဗြဟ္မပုတ္တရမြစ် မြောက်ဘက်ကမ်းသို့ ရောက်သောအခါ ၎င်းတို့အဖွဲ့ထဲ၌ ကျန်သော လမ်းပြတစ်ယောက်အား မြေပုံ လမ်းညွှန်နှင့်တကွ မှတ်တမ်းများကိုပေး၍ လီဒိုရှိ ရှေးဟောင်း ခတ္တိယ ပြတိုက်ကြီးမှ တာဝန်ရှိသူများထံသို့ ကြိုတင် လွှတ် လိုက်လေသည်။

ထိုလမ်းပြသည် ခတ္တိယ ရှေးဟောင်းပြတိုက်ကြီးသို့ ချောမောစွာ ရောက်ရှိသွားလေရာ ထိုပြတိုက်မှ တာဝန်ရှိ ပုဂ္ဂိုလ်တို့သည် ဦးဒိဗ္ဗ ပေးပို့လိုက်သော ခရီးစဉ် မြေပုံလမ်းညွှန် နှင့် မှတ်တမ်းများကို လက်ခံရရှိကြလေသည်။

သူတို့သည် အရေးကြီးလှသည့် မှတ်တမ်းများကို လက်ခံရရှိကြပြီးနောက် အဓိက ကာယကံရှင်များ ဖြစ်ကြ သည့် ဦးဒိဗ္ဗတို့ ပြန်အလာကို စောင့်မျှော်ကြလေသည်။





သို့သော်လည်း ရက်ပေါင်း၊ လပေါင်း ကြာမြင့်သည့် တိုင် ဦးဒိဗ္ဗတို့ကား ရောက်မလာနိုင်ကြတော့ပေ။

၎င်းတို့နှင့် ပတ်သက်သည့် သတင်းအစ, အနကိုလည်း နည်းအမျိုးမျိုးဖြင့် စုံစမ်းရှာဖွေကြပါသော်လည်း နောက်ထပ် သဲလွန်စ တစ်စုံတစ်ရာ မကြားရ၊ မသိရတော့ပေ။

သို့ကြောင့်...

ဦးဒိဗ္ဗတို့ ပေးပို့ခဲ့သော မူရင်းမှတ်တမ်းများကို အမှတ်စဉ် (၉၀၉) ဟူ၍ အမှတ်စဉ်တပ်ကာ ပြတိုက်ကြီးအတွင်း၌ သိမ်းဆည်းထားခဲ့လေသည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

## ဆရာကြီးသူရဋ္ဌ ပြောသည့် မှတ်တမ်း

ထိုမှတ်တမ်းများသည် ခတ္တိယရှေးဟောင်းပြတိုက်ကြီး အတွင်း၌ နှစ်ပေါင်းများစွာကြာအောင် ရှိနေခဲ့ရာ ထိုမှတ်တမ်းများကို စိတ်ဝင်စားကြသော သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသီများ၊ စွန့်စွန့်စားစား ခရီးသွားလာချင်သူများနှင့် ရတနာသိုက် ရှာဖွေလိုသူများတို့သည် အမှတ်စဉ်(၉၀၉) မှတ်တမ်းကို လာရောက် လေ့လာကြသည်။

အချက်အလက်များကို ကူးယူကြသည်။

ခရီးလမ်းညွှန်မြေပုံများကို စနစ်တကျ မှတ်သားယူကြလေသည်။





အချို့က မှတ်တမ်းများကို လေ့လာရုံ လေ့လာကြသည်။ အချို့ကတော့ လက်တွေ့ အကောင်အထည် ဖော်သည့် အနေဖြင့် စွန့်စွန့်စားစား လိုက်လံ ရှာဖွေကြလေသည်။ အများအားဖြင့် ချမ်းသာကြွယ်ဝလိုသူများမှာ ထိုနေရာသို့ မရောက် ရောက်အောင် သဲကြီးမဲကြီး သွားရောက် ရှာဖွေကြလေသည်။

သို့သော်လည်း ယနေ့ထက်တိုင် ထိုနေရာသို့ အောင်အောင်မြင်မြင်နှင့် ရောက်သွားသူ ဟူ၍ မကြားရသလောက် မရှိသလောက်ပင်။

အားလုံးမှာ ပျောက်ဆုံးနေသော ဂမ္ဘီရရွှေမြို့တော်ကို လိုက်လံရှာဖွေကြရင်းနှင့်ပင် နည်းအမျိုးမျိုးဖြင့် အသက်စွန့်သွားကြရရှာသည်။

နိုင်ငံ အတော်များများမှ စွန့်စား ရှာဖွေလိုသူများမှာ လီဒိုရှိ ခတ္တိယ ရှေးဟောင်းပြတိုက်ကြီးရှိရာသို့ အရောက်လာကာ အမှတ်စဉ်(၉၀၉) မှတ်တမ်းများကို ကူးယူကြလေရာ ၁၉၂၅ ခုနှစ်လောက် ရောက်သောအခါ မြန်မာနိုင်ငံမှ နောက်ထပ် စွန့်စားလိုသူတစ်ဦး ထပ်မံပေါ်ပေါက်ခဲ့လေသည်။

၎င်း၏ အမည်မှာ 'ဦးဖန်ကောင်း' ဆိုသူပင် ဖြစ်ပေသည်။ ဦးဖန်ကောင်းသည် အသက်ငါးဆယ်ကျော် အရွယ်ခန့်ရှိပြီး ရှေးဟောင်းပညာရပ်များအား လေ့လာလိုက်စားမှုများစွာ ဝါသနာပါသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်သည် မြန်မာနိုင်ငံ တစ်နံတစ်လျားမှာသာမက အိန္ဒိယ၊ တိဗက်၊ တရုတ်၊ နီပေါ အစ,ရှိသည့် ရှေးဟောင်း ဂမ္ဘီရပညာများ ထွန်းကားသော နေရာအတော်များများသို့ လှည့်လည် သွားလာခဲ့ဖူးလေသည်။

ဦးဗန်ကောင်းသည် စစ်မှုထမ်းဟောင်းတစ်ဦး ဖြစ်ခဲ့သလို နေရာအတော်များများကိုလည်း ရောက်ဖူးလေသည်။

သူသည် ခတ္တိယရှေးဟောင်းပြတိုက်တွင် ထားရှိသော မြန်မာနိုင်ငံမှ လူစွန့်စားတစ်ဦးဖြစ်သူ ဦးဒိဗ္ဗ၏ မှတ်တမ်းများကို လေ့လာခဲ့ရာမှ ထိုခရီးကို စိတ်ဝင်စားခဲ့ခြင်း ဖြစ်ပေသည်။

ဦးဗန်ကောင်းသည် ထိုမှတ်တမ်းများအား ပြည့်ပြည့်စုံစုံ ကူးယူကာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။

မြန်မာပြည်သို့ ပြန်ရောက်သောအခါ မိမိနှင့် စိတ်တူကိုယ်တူဖြစ်မည့် လူအချို့နှင့် တိုင်ပင်ကာ ပျောက်ဆုံးနေသော ဂမ္ဘီရရွှေမြို့တော် ရှာဖွေရေးအတွက် အပြင်းအထန် လုံးပန်းပြင်ဆင်မှု ပြုလုပ်လေတော့သည်။

တကယ်ဆိုမူ . . .

ထိုကိစ္စမျိုးက သူ့မိတ်ဆွေ ဒေါက်တာမင်းထင်ကျော်နှင့် တိုင်ပင်ဆောင်ရွက်ပါက အကောင်းဆုံး ဖြစ်နိုင်သော်လည်း ထိုအချိန်က ဒေါက်တာမင်းထင်ကျော်မှာ မြန်မာပြည်၌ မရှိပေ။





နိုင်ငံခြားတိုင်းပြည် တစ်ပြည်သို့ ရောက်နေလေရာ မတွေ့ရဘဲ ရှိလေသည်။

သို့သော်လည်း ၎င်းနှင့် စိတ်တူကိုယ်တူ မိတ်ဆွေအချို့နှင့် တိုင်ပင်ကာ ခရီးထွက်နိုင်ရန်အတွက် လျှို့ဝှက်စွာ စီစဉ် ဆောင်ရွက်လေတော့သည်။

၎င်း၏ အကြံအစည်ကိုလည်း အခြားသူများ မသိရလေအောင် လျှို့ဝှက်စွာ စီစဉ်ဆောင်ရွက်လေသည်။

သို့သော်လည်း အရေးကြီးသောကိစ္စမျိုး ဖြစ်သဖြင့် ထိုကိစ္စမျိုး ကျွမ်းကျင်လှသော ဆရာကြီး သူရဋ္ဌနှင့်တော့ လျှို့ဝှက်စွာ တိုင်ပင် ဆွေးနွေးရလေသည်။

ဆရာကြီးသူရဋ္ဌက . . .

"သုဝဏ္ဏပဗ္ဗတ မြို့ဟောင်းဆိုတာ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့တဲ့ နေရာဟောင်းပဲ၊ အချို့မှတ်တမ်းတွေက ဗိုလ်ချုပ,ရန်ကြောင့် ထွက်ပြေး တိမ်းရှောင်ခဲ့ကြတဲ့ သာကီဝင်မင်းမျိုးတွေ လျှို့ဝှက် တည်ထားခဲ့တဲ့ မြို့ဟောင်းနေရာလို့ မှတ်တမ်းပြုခဲ့ကြတယ်"

ဟု ပြောသည်။

"ပုရဒ်မူဟောင်းတွေ၊ ရှေးမှတ်တမ်းတွေကို လေ့လာကြည့်တဲ့အခါ ခရစ်တော်မပေါ်မီ သက္ကရာဇ် ၃၂၇ ခုနှစ်လောက်က မှတ်တမ်းတွေကို တွေ့ရပြန်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ဆရာကြီး"

"သက္ကရာဇ် ၃၂၇ ခုနှစ်လောက်က အနောက်သိုးဆောင်းနိုင်ငံ ခေါ်မတိုင်း၊ ဂရိပြည်က အလွှက်ဇန္ဒားဘုရင်ဟာ ဂရိ ဗိုလ်ပါအလုံးအရင်းနဲ့ အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက်ကို ချင်းနင်း ဝင်ရောက်လာခဲ့တယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"ဂရိစစ်သည်တွေဟာ ဟိန္ဒူကုသျှတောင်ကို ကျော်နင်းချီတက်လာပြီးနောက် အိန္ဒိယနိုင်ငံ ပန်ဂျပ် ပြည်နယ်အထိချီတက် တိုက်ခိုက်ခဲ့ကြတယ်၊

အဲဒီအချိန်တုန်းက အိန္ဒိယပြည်တစ်ခုလုံး ဝါးအစည်းပြေသလိုဖြစ်ပြီး စစ်ဘေးလွတ်ရာကို ထွက်ပြေး တိမ်းရှောင်ခဲ့ကြရတယ်လို့ သမိုင်းမှတ်တမ်းတွေ ရှိတယ်"

"ဒီလိုဖြင့် ကျောက်စိမ်းတောင်ထိပ်ပေါ်မှာ လျှို့ဝှက်တည်ထားခဲ့တဲ့ သုဝဏ္ဏပဗ္ဗတမြို့ဟောင်းကြီးဟာ ပန်ဂျပ်နယ်သားတွေ တည်ဆောက်ထားခဲ့တဲ့ နေရာများ ဖြစ်မလားဆရာကြီး"

"သမိုင်းမှတ်တမ်း ဆိုတာကတော့ တိတိကျကျပြောဖို့ရာ အတော်ခက်တာမျိုးပေပဲ၊ နှစ်ပေါင်းများစွာကြာအောင်တစ်ဆင့်ပြီးတစ်ဆင့် မှတ်သားခဲ့ရတာဆိုတော့ အချို့နေရာတွေမှာ အနည်းနဲ့အများ ဆိုတာလို ကွဲလွဲမှု ရှိကောင်း ရှိနိုင်





ပါတယ်၊ ဒါပေမယ့် လူတွေ အဓိက စိတ်ဝင်စားတာကလည်း သုဝဏ္ဏပဗ္ဗတမြို့တော်ကို ဘယ်သူတွေ တည်ထောင်ခဲ့တယ်ဆိုတာထက် အခု ဘယ်နေရာမှာရှိတယ် ဆိုတာကို ပိုပြီး စိတ်ဝင်စားကြတယ် မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ် ဆရာကြီး၊ ဒါပေမယ့် သမိုင်းမှတ်တမ်းတွေကို ခိုင်ခိုင်မာမာ သိရတော့ ရှာဖွေရတာ ပိုပြီးလွယ်ကူတာပေါ့"

ထိုအခါ ဆရာကြီးသူရဇ္ဇက ဆေးတံထဲသို့ လင်ကွန်းတံဆိပ် ဗာဂျီးနီးယားဆေးမှုန့် အပြည့်ထည့်၍ မီးညှိကာ တစ်ဖွာ နှစ်ဖွာ ဖွာလိုက်ရာ အခန်းထဲ၌ မီးခိုးငွေ့များက ပြန့်လွင့်လာလေတော့သည်။

ဆရာကြီးသူရဇ္ဇသည် စကားကို ပြန်မဆက်သေးဘဲ ဆေးတံကို စိမ်ပြေနပြေဖွာရင်း စဉ်းစားနေပြီးမှ...

"အလွှက်ဇန္ဒား ဘုရင်ရဲ့ရန်ကို အိန္ဒိယ တစ်နယ်လုံး ဘယ်သူမှ မတွန်းလှန်နိုင်ကြတဲ့ အချိန်မှာ ပန်ဂျပ်ပြည်နယ်ထဲက ပေါရုသဆိုတဲ့ မင်းသားတစ်ပါး ပေါ်ပေါက်လာခဲ့တယ်၊ ပေါရုသဟာ ခြင်္သေ့ကဲ့သို့ ရဲရင့်တဲ့မင်းသား ဖြစ်တာကြောင့် အင်အားကြီးမားလှတဲ့ ဂရိစစ်သည်တွေကို ရှိသမျှအင်အားနဲ့ ပြန်လည်တိုက်ခိုက်ခဲ့တာ ဂရိစစ်သည်တွေ အတော်ကလေး အထိနာခဲ့ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြရာ ဦးဗန်ကောင်း စိတ်ထဲမှာ 'မျိုးချစ်စိတ် ပြင်းထန်သော ပုဂ္ဂိုလ်တစ်ဦးပေပဲ' ဟု စိတ်ထဲမှ တွေးတော မိလေသည်။

"အလွှက်ဇန္နားရဲ့ ဂရိစစ်သည်တွေဟာ မျိုးချစ်စိတ် ပြင်းထန်တဲ့ ပေါရုသရန်ကြောင့် ပန်ဂျပ်ပြည်နယ်ကို အတော် ကလေး ခက်ခက်ခဲခဲ တိုက်ကြပြီးမှ အောင်မြင်မှု ရခဲ့ကြတယ်"

"ဟုတ်ကဲ့"

"ပေါရုသနဲ့ နောက်လိုက် နောက်ပါတွေဟာ ပန်ဂျပ် ပြည်နယ်ကို လက်လွှတ်ပေးခဲ့ရပြီးနောက် ဟိမဝန္တာရဲ့ မြောက် ဘက် တောင်တန်းတွေဘက်ကို တိတ်တဆိတ် ထွက်ပြေး တိမ်းရှောင်သွားကြတယ်လို့ ဟိန္ဒူ ရှေးဟောင်းမှတ်တမ်း တွေထဲမှာ ဖော်ပြထားတာတွေ ရှိတယ်"

"ဒီလိုဖြင့် သုဝဏ္ဏပဗ္ဗတ ရွှေမြို့တော်ဟာ ပေါရုသ မင်းသားနဲ့ နောက်လိုက် နောက်ပါတွေ လျှို့ဝှက် တည်ထောင် ခဲ့တဲ့ မြို့ဟောင်းဖြစ်မလား ဆရာကြီး"

"ကျုပ်အထင် ပြောရရင်တော့ အခြားမှတ်တမ်းတွေ ထက် အဲဒီဟိန္ဒူမှတ်တမ်းတွေက ဖော်ပြတာဟာ ပိုပြီးနီးစပ်မှု ရှိတယ်လို့ ထင်မိတယ်၊ ကျုပ် အိန္ဒိယ ဘုံဘိုင်နယ်ကို ရောက်ခဲ့တုန်းက အဲဒီနယ်မှာရှိတဲ့ ရွာပေါင်းအဂတ်များများကို ရောက်ခဲ့ဖူးတယ်၊ အဲဒီမှာ နိုက်ဖ်ပိုင် ဟိုက်ဒရဗတ်နယ်





ဗက်စာကို တောင်ကုန်းပေါ်မှာ လေ့လာခဲ့ရတဲ့ ကျောက်စာ တွေမှာလည်း အဲဒီအကြောင်းကို တွေ့ခဲ့ရတယ်၊ ဒါကြောင့် သုဝဏ္ဏပဗ္ဗတ မြို့ဟောင်းကြီးဟာ ပေါရုသမင်းသားနဲ့ အပေါင်းပါ တွေ လျှို့ဝှက် တည်ထောင်ခဲ့တဲ့ နေရာဆိုတာက ပိုပြီး ယုတ္တိရှိနိုင်ပါတယ်"

ဟု ပြောပြလေသည်။

"ဦးဒိဗ္ဗရဲ့ မှတ်တမ်းထဲမှာ ကျောက်စိမ်းတောင်ကြီးရဲ့ တောင်ထိပ်မှာ တွေ့ခဲ့ရတဲ့ မြို့ဟောင်းအပျက်ကြီးမှာ သလင်း ကျောက်တွေနဲ့ ဆောက်လုပ်ထားခဲ့တဲ့ အဆောက်အအုံ အပြိုအပျက်တွေ အများကြီး တွေ့ခဲ့ရတယ်လို့ တွေ့ရပါတယ်"

"သလင်းကျောက် ဆိုတာ အဖိုးတန် တန်းဝင် ကျောက်မျက်ရတနာစာရင်းဝင် မဟုတ်ပေမယ့် ကျောက်မျက် ရတနာ စာရင်းဝင်ထဲမှာတော့ပါတယ်၊ တန်ဖိုးရှိတဲ့ ကျောက် တွေထဲမှာ အဆောက်အအုံ ဆောက်နိုင်လောက်အောင် အရွယ်အစား ကြီးမားတာကတော့ ကျောက်စိမ်းနဲ့ သလင်း ကျောက်ပဲ ရှိတယ်၊ ကျောက်စိမ်းကတော့ အလင်းရောင်မရလို့ အဆောက်အအုံ ဆောက်လို့မရဘူး။ သလင်းကျောက်ကတော့ ဖန်သားလို လင်းလက်နေတော့ ကြီးကျယ် ခမ်းနားတဲ့ အဆောက်အအုံကြီးတွေ၊ နန်းတော်ကြီးတွေ တည်ဆောက်တဲ့ အခါမှာ သလင်းကျောက်ကို အသုံးပြုခဲ့ကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရွှေနဲ့လုပ်ထားတဲ့ ပစ္စည်းတွေ၊ အဖိုးတန် ကျောက်သံ ပတ္တမြားတွေ၊ ရွှေကြောနဲ့ သတ္တုကြောကြီးတွေပါ ရှိတယ်လို့ မှတ်တမ်းထဲမှာ ဖော်ပြထားတယ်၊ ဦးဒိဗ္ဗတို့ တစ်တွေဟာ လမ်းခရီးမှာတင် အားလုံး သေသွားကြပြီး နောက်ဆုံး ကံကောင်း ထောက်မစွာနဲ့ သူတို့သုံးလေးယောက်သာ သုဝဏ္ဏ ပဗ္ဗတကို ရောက်သွားခဲ့ကြတယ်၊ ဒါပေမယ့် သူတို့ ပြန်လွှတ် လိုက်တဲ့ လမ်းပြတစ်ယောက်က လီဒိုကို ပြန်ရောက်လာနိုင် ခဲ့တယ်၊ ဦးဒိဗ္ဗတို့ကတော့ သတင်းအစ,အန မကြားရတော့ဘဲ ပျောက်ဆုံးသွားခဲ့ကြတယ်"

"ကျုပ် ဟိဝန္တာဘက် ရောက်တုန်းကတော့ ဆရာသခင် ယောဂီတစ်ဦးနဲ့အတူ အဲဒီဘက်ကို ရောက်ခဲ့ဖူးပါတယ်၊ လူသူ အရောက်အပေါက်နည်းပြီး အန္တရာယ် ထူပြောလှတဲ့ နေရာပဲ၊ ဒါကြောင့် အဲဒီနယ်ဘက်တွေကို သွားမယ်ဆိုရင် သတိ ဝီရိယထားနိုင်မှ တော်ကာကျမယ်"

"ဆရာကြီးတို့ သွားခဲ့တုန်းက ဘယ်လို အန္တရာယ် မျိုးတွေ တွေ့ခဲ့သလဲ ဆရာကြီး"

"အင်း... အများကြီးပေါ့"

"ဒီလိုတွေ့တော့ ဆရာကြီးတို့ ဘယ်လိုအန္တရာယ်မှ မဖြစ်ကြဘူးလား"





"ဘယ်ဖြစ်ပါ့မလဲ၊ ကျုပ်တို့မှာ လက်နက်ကောင်းတွေ ပါတာပဲ"

"ဘယ်လိုလက်နက်မျိုးလဲ ဆရာကြီး"

"စိတ်စွမ်းအားလက်နက်နဲ့ မေတ္တာ လက်နက်ပဲပေါ့၊ ဒီလက်နက်တွေလောက် ကောင်းတဲ့၊ လုံခြုံ စိတ်ချရတဲ့ လက်နက် ဘယ်ရှိပါ့မလဲ"

"ကဲ... ဒါဖြင့် ကျွန်တော် သွားတော့မယ် ဆရာကြီး၊ ဆရာကြီးဆီက ဒီလောက်သိရရင် တော်ပါပြီ၊ ဒါပေမယ့် ကျွန်တော် သွားပြီးတဲ့နောက် ကျွန်တော့်ရဲ့မိတ်ဆွေ ဒေါက်တာ မင်းထင်ကျော် နိုင်ငံခြားက ပြန်ရောက်လာရင်သာ အကျိုး အကြောင်း ပြောပြပေးပါ"

ဟု ဦးဗန်ကောင်းသည် ဆရာကြီးသူရဇ္ဇအား နှုတ်ဆက် ခဲ့ပြီးနောက် ပြန်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

## ဦးဗန်ကောင်းတို့၏ ခရီးစဉ်

ဦးဗန်ကောင်းသည် ၎င်းနှင့် စိတ်တူ ကိုယ်တူ လူအချို့နှင့် တိုင်ပင်ကာ ခရီးထွက်ရန်အတွက် ပြင်ဆင်ကြလေသည်။

၎င်းတို့သည် လီဒို ရောက်ကာမှ လိုအပ်သည့် ပစ္စည်းများကို ဝယ်ယူ စုဆောင်းကြမည်ဟု ဆုံးဖြတ်ကာ ရန်ကုန်မှ မန္တလေးသို့ လည်းကောင်း၊

မန္တလေးမှ မြစ်ကြီးနားသို့သော် လည်းကောင်း ခရီးဆက်ကာ မြစ်ကြီးနားသို့ ရောက်သောအခါ ခရီးတစ်ထောက်နားကြလေသည်။





ထို့နောက် မြစ်ကြီးနားမှ ပူတာအိုရောက်အောင် ခရီးဆက်ခဲ့ကြပြီး ပူတာအို ရောက်သောအခါ ရိက္ခာ၊ လက်နက်၊ ဆေးဝါး အစရှိသည်တို့ကို ထပ်မံစုဆောင်းကာ အနောက်ဘက် ခရီးလမ်းကို ခရီးဆက်ခဲ့ကြလေသည်။

မြန်မာနိုင်ငံမှ အိန္ဒိယပြည်သို့ ရောက်အောင် သွားနိုင်သော လမ်းများအနက် အနောက်မြောက်ဘက်ရှိ ချော်ကန်တောင်ကြားလမ်းမှ အနောက်ဘက်သို့ ထွက်ကာ လီဒိုလမ်းမကြီး ရောက်အောင် ခရီးဆက်ကြကာ လီဒိုလမ်းမကြီးအတိုင်း ရက်ပေါင်းများစွာကြာအောင် ခရီးဆက်ခဲ့ကြလေသည်။

လီဒိုသို့ ရောက်သောအခါ လိုအပ်သောပစ္စည်းများကို ထပ်မံစုဆောင်းပြီး ရက်အတန်ကြာအောင် နားကြရပြန်လေသည်။

ထို့နောက် လီဒိုသို့ရောက်သောအခါ ခတ္တိယရှေးဟောင်းပြတိုက်ကြီးသို့ ထပ်မံ သွားရောက်ကာ လူစွန့်စား ဦးဒိဗ္ဗ၏ ခရီးသွား မှတ်တမ်းများကို ထပ်မံလေ့လာ၍ ကူးယူကြပြန်လေသည်။

ပြတိုက် တာဝန်ခံများကလည်း ၎င်းတို့အတွက် လိုအပ်သည့် အကူအညီများ ပေးကြသည်။

ထို့ပြင် အကြောင်းထူးကိစ္စရှိပါက လိုအပ်သော အကူအညီများ ပေးနိုင်ရန် ရောက်ရာအရပ်မှ သတင်းများကို ပို့ပေးပါရန်လည်း တစ်ပါတည်း မှာကြားလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မြန်မာလူမျိုးတွေရဲ့ စွန့်စားရဲတဲ့သတ္တိကိုတော့ ကျုပ်တို့က ချီးကျူးပါတယ်၊ ဘယ်သူမှ ရောက်အောင် မသွားနိုင်တဲ့ ခရီးလမ်းကို ရောက်အောင် သွားနိုင်ခဲ့တာ မြန်မာလူမျိုးတွေပါပဲ၊ အဲဒီခရီးသွားမှတ်တမ်းတွေနဲ့ ရှေးဟောင်း မှတ်တမ်းတွေကို အခုလိုရခဲ့လို့လည်း ကျုပ်တို့ရဲ့ ခတ္တိယ ရှေးဟောင်းပြတိုက်ကြီး ဂုဏ်တက်ခဲ့ပြီး ကမ္ဘာကျော်ခဲ့ပေတာပါပဲ"

ဟု ပြောဆို ချီးမွမ်းလိုက်ကြသေးသည်။

ထို့နောက်. . .

ဦးဗန်ကောင်းတို့ အဖွဲ့သည် လီဒိုမှ လမ်းပြကျွမ်းကျင်သူ တစ်ဦး၊ နှစ်ဦးကို ထပ်မံခေါ်ယူ၍ ခရီးဆက်ကြပြန်လေသည်။

၎င်းတို့အဖွဲ့သည် လီဒိုမှ အနောက်ဘက်စူးစူး ခရီးစဉ်အတိုင်း ရက်အတန်ကြာအောင် ခြေလျင်ခရီး ဆက်ကြသောအခါ ဒီဘရူဂါသို့ ရောက်ကြသည်။

ဒီဘရူဂါ ရောက်သောအခါ ခရီးတစ်ထောက်နားကာ လိုအပ်သော လက်နက်၊ ရိက္ခာ၊ ဆေးဝါးနှင့် အခြား အသုံးအဆောင် ပစ္စည်းများကို ပြည့်စုံအောင် ဖြည့်ကြရလေတော့သည်။

အဘယ်ကြောင့် ဆိုသော်. . .

ဒီဘရူဂါသည် ရှေ့ခရီးလမ်းအတွက် နောက်ဆုံးတွေ့ရသည့် မြို့ရွာဖြစ်သောကြောင့်ပင်။





ဦးဗန်ကောင်းတို့သည် ဒီဘရူဂါ၌ ရှိနေစဉ် အသက်အရွယ် မငယ်လှတော့သော်လည်း အရပ်အမောင်း ပုလွန်းလှသည့် လူပုလေး မိတ္တ ဆိုသူနှင့် မိတ်ဆွေဖြစ်ကြလေသည်။ လူပုလေးမိတ္တသည် ထိုခရီးလမ်းသို့ တစ်ကြိမ်မက အရောက်သွားခဲ့ဖူးသူ ဖြစ်သည်။

ဦးဗန်ကောင်းက လူပုလေးမိတ္တကို သူတို့နှင့်လိုက်ခဲ့ရန် ခေါ်သော်လည်း လူပုလေးမိတ္တက မလိုက်ပေ။

"ကျွန်ုပ် ယခု မလိုက်အားသေးပါ။ ဟိမဝန္တာမှ ဆရာသခင်များထံတွင် ပညာရပ်များ သင်ယူနေဆဲအချိန် ဖြစ်ရုံမက စိတ်စွမ်းအား လေ့ကျင့်မှုများကို ပြုလုပ်နေရသည့် အချိန်ဖြစ်ပါသည်၊ အချိန်တန်လျှင် သင်တို့ရှိရာသို့ လိုက်လာနိုင်လိမ့်မည်ဟု ထင်ပါသည်၊ သင်တို့သွားသော လမ်းခရီး၌ အခက်အခဲမရှိစေရန် ခရီးလမ်းညွှန်များ ရေးပေးလိုက်ပါမည်"

ဟု ပြောဆိုကာ ဘိုးဂျပါထရာ (Bhoja Patra)သစ်ရွက်တစ်ရွက်ကို ပေးလေသည်။

ထိုသစ်ရွက်ပေါ်၌ သက္ကတဘာသာဖြင့် ရေးသားထားသော ခရီးစဉ်နှင့် မြေပုံလမ်းညွှန်များ ပါရှိပေသည်။

"ကျေးဇူးတင်ပါတယ် မိတ္တ၊ ကျုပ်တို့နောက်ကိုတော့ လိုက်ဖြစ်အောင် လိုက်လာခဲ့ပါ"

"စိတ်ချပါလေ၊ ဆရာသခင်က ကျွန်ုပ်ကို ခွင့်ပြုပေးတဲ့အချိန်မှာ အသက်နဲ့ ကိုယ်ခန္ဓာ တည်မြဲနေသေးတယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

တော့ သင်တို့ရှိတဲ့ နေရာကို ရောက်အောင် လိုက်လာခဲ့ပါ့မယ်”

ဟု ကတိပေးလေသည်။

ထို့နောက်တွင် ဦးဗန်ကောင်းတို့ လူစုသည် ဒီဘာရှုဂါ အနောက်မြောက်ဘက်ယွန်းယွန်း ဗြဟ္မပုတ္တရ မြစ်ကမ်းသို့ ရောက်အောင် ခရီးဆက်ခဲ့ကြလေသည်။

ဗြဟ္မပုတ္တရ မြစ်အတိုင်း ဆန်တက်ခဲ့ကြပြီးနောက် လူစွန့်စား ဦးဒိဗ္ဗ သွားခဲ့သော ခရီးစဉ်အတိုင်း ခရီးဆက်ကြရာ နောက်ဆုံးတော့ သေမင်းတံခါးဝဟုခေါ်သော တောနက်ကြီးများအတွင်းသို့ ရောက်သွားကြလေတော့သည်။

ထိုတောစပ်သို့ ရောက်သောအခါ သူတို့ခေါ်လာခဲ့သော လမ်းပြနှစ်ယောက်တို့မှာ ဘယ်လိုမှ ရှေ့ဆက်ခေါ်၍မရတော့ဘဲ နောက်ကြောင်းသို့ ပြန်လှည့်ပြေးကြတော့သည်။

ထို့နောက်တွင် သေမင်းတံခါးဝဟု ခေါ်ဝေါ်ကြသည့် တောနက်အတွင်းသို့ တိုးဝင်ခဲ့ကြရာ ကြောက်မက်ဖွယ်ကောင်းလှသည့် အန္တရာယ်မျိုးစုံတို့နှင့် တွေ့ကြုံရလေတော့သည်။

အဆိုးရွားဆုံး အန္တရာယ်များကတော့ ဩကာ ဟုခေါ်သည့် လူသားစား လူရိုင်းများ၊ ချာဗမ်ထီ ဟုခေါ်သော ခေါင်းဖြတ်လူရိုင်းများ၏ အန္တရာယ်များပင် ဖြစ်သည်။





ထိုလူရိုင်းများမှာ လူများအား အဆိပ်လူးမြားများနှင့် ကျောင်းမြောင်း ပစ်ခတ်ကာ သတ်ဖြတ်ကြသည်။

၎င်းတို့ အသုံးပြုသောလက်နက်မှာ အဆိပ်လူးမြားတံများ ထည့်သွင်းကာ မှုတ်သည့် မှုတ်ပြောင်းများပင် ဖြစ်သည်။ လူလည်း မမြင်ရ၊ အသံလည်း မကြားရဘဲ သစ်ပင် သစ်ရွက်များကြားမှ ဖြတ်ကွက်လာသော အဆိပ်လူးမြားတံများ ထိလိုက်သည်နှင့် ဘယ်လိုမှ ဆေးကုသရန် အချိန်မမီတော့ဘဲ သေဆုံးသွားကြလေသည်။

ဦးဗန်ကောင်းတို့မှာလည်း အသက်ဘေး အန္တရာယ်ကြောင့် သေဆုံးသွားသည့် မိမိတို့ လူများကို ဘယ်လိုမှ မယူနိုင်ဘဲ ဒီအတိုင်းထားခဲ့ကြရလေရာ လူရိုင်းများက ထိုလူများကို ယူဆောင်သွားကာ အမဲဖျက်သကဲ့သို့ တစ်စစီ ဖျက်ကာ ဝိုင်းဝန်း စားသောက်ကြသည်။

ထို့ပြင် ချာဗမ်ထီ လူရိုင်းများ ရန်စွယ်ကလည်း မသေးလှပေ။

ထိုလူရိုင်းများကလည်း သေမင်းတံခါးဝဟု အမည်ပေးထားသော တောနက်ကြီးအတွင်းသို့ ကျူးကျော် ဝင်ရောက်လာသူများကို အလွတ်ပေးလိုဟန်မရှိဘဲ သဲကြီးမဲကြီး လိုက်လံသတ်ဖြတ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ချာပမ်ထီ လူရိုင်းများကတော့ လူများကို ဖမ်းမိပါက ခေါင်းဖြတ် သတ်ဖြတ်ကာ ဦးခေါင်းကို ယူသွားတတ်လေသည်။

ဦးဗန်ကောင်းတို့ တစ်တွေမှာ မိမိတို့၌ ပါလာသည့် လက်နက်များဖြင့် အစွမ်းကုန် ပြန်လည်တိုက်ခိုက်ကာ အသက်ဘေးလွတ်အောင် ရှောင်ကြလေသည်။

သူတို့နှင့်အတူ လိုက်ပါလာသော လမ်းပြအချို့နှင့် အဖွဲ့သားအချို့မှာ သေမင်းတံခါးဝ တောနက်ကြီးထဲ၌ ကျန်ရစ်ခဲ့ကြလေသည်။

နောက်ဆုံးတော့ သူတို့သည် သဘောကောင်းသော လူနီရိုင်းအချို့နှင့် တွေ့ကာ ၎င်းတို့၏ ကူညီလမ်းပြပေးမှုကြောင့် တောနက်ကြီး အလယ်လောက်တွင်ရှိသော ဆင်သေစခန်းသို့ ရောက်သွားကြလေသည်။

ထိုနေရာသို့ ရောက်သောအခါ အားလုံးမှာ ခရီးကြမ်းများကြောင့် ပင်ပန်းမှုဒဏ်၊

ထိခိုက် ဒဏ်ရာများကြောင့် အဖျားရောဂါများဝင်ကာ ရှေ့သို့ ခရီးမဆက်နိုင်အောင် ဖြစ်ကြလေတော့သည်။

ထိုအခြေအနေသည် သူတို့အတွက် ဘယ်လိုမှ မကောင်းနိုင်ဘဲ နောက်ကြောင်း ပြန်လှည့်ရန်လည်း ဘယ်လိုမှ မဖြစ်နိုင်ကြတော့ပေ။





ထို့ထက်ဆိုးသည်က လူရိုင်းများရှိသော နေရာများ၏ အလယ်၌ ရောက်နေသောကြောင့် ကျွမ်းကျင်သောလူ မပါဘဲနှင့် ဘယ်လိုမှ ပြန်မထွက်နိုင်သော အခြေအနေမျိုးသို့ ရောက်နေတော့သည်။

နောက်ဆုံးတော့ ဦးဗန်ကောင်းသည် လူနီရိုင်းတစ်ဦးအား အကူအညီတောင်းကာ စာတစ်စောင် ရေးသား၍ ဒီဘရူဂါမှ လူပုလေးမိတ္တာ ရှိရာသို့ ပို့ခိုင်းလိုက်လေသည်။

စာထဲ၌ ၎င်းတို့ ကြုံတွေ့ ရင်ဆိုင်နေရသည့် အခြေအနေနှင့် ရောက်နေသော နေရာကို ခန့်မှန်း၍ မြေပုံတစ်ချပ်ကိုပါ အကြမ်းရေးဆွဲပေးလိုက်သည်။

လူရိုင်းက ထိုစာကိုယူကာ ဒီဘရူဂါနယ်စပ် ရောက်အောင် ပို့ပေးလေသည်။

ဒီဘရူဂါတစ်နယ်လုံး လူပုလေးမိတ္တာကို မသိသူ မရှိသောကြောင့် ဦးဗန်ကောင်း ပေးပို့လိုက်သောစာမှာ တစ်ဆင့်လက်မှ တစ်ဆင့်ပြောင်းကာ နောက်ဆုံးတော့ လူပုလေးမိတ္တာ လက်ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေတော့သည်။

စာထဲ၌ ရေးထားသည့် အကြောင်းအရာမှာ...

"မိတ္တာ...

ငါတို့တော့ သေမင်းတံခါးဝ တောနက်ကြီးရဲ့ အလယ်ကို ရောက်နေကြပြီ၊



www.burmeseclassic.com

www.burmeseclassic.com

လူအတော်များများလည်း လူရိုင်းတွေ ယက်ချက်ကြောင့် လမ်းမှာတင်သေပြီး ကျန်ခဲ့ကြတယ်၊

လမ်းပြပေးမယ့် လူလည်း မရှိတော့ဘူး၊

ငါတို့ အခုရောက်နေတဲ့နေရာက ကျောက်စိမ်းတောင်နဲ့ မဝေးလှတော့ဘူး၊

နောက်ထပ် လေးငါးရက်လောက် ဆက်သွားရင် ရောက်နိုင်တဲ့ နေရာပဲ၊

ဒါပေမယ့် ငါတို့ ဘယ်လိုမှ ရှေ့မဆက်နိုင်တော့ဘူး၊ အခုဆိုရင် အဖွဲ့သားတွေ အားလုံးလိုလိုပဲ ဒဏ်ရာဒဏ်ချက်တွေနဲ့ အဖျားရောဂါတွေ ဝင်နေကြပြီ၊

ဒီအတိုင်း ဆက်နေရရင် မကြာခင်မှာ တို့အားလုံး အသက်ရှင်နိုင်ဖို့ လမ်းမမြင်နိုင်တော့ဘူး။

ဒီအကြောင်းကြားစာကို ရတာနဲ့ ငါတို့တစ်တွေကို အကူအညီပေးဖို့ အမြန်ဆုံး လိုက်လာခဲ့ပါ"

ဟူ၍ ရေးသားထားသည့်စာ ဖြစ်လေသည်။

ထိုစာမှာ ဆင်သေစခန်းမှ ဦးဗန်ကောင်း နောက်ဆုံး ရေးပို့လိုက်သောစာ ဖြစ်သလို ဦးဗန်ကောင်းတို့နှင့် ပတ်သက်သော သတင်းကိုလည်း နောက်ဆုံး သိကြရခြင်း ဖြစ်တော့သည်။

နောက်ပိုင်းတွင် ဦးဗန်ကောင်းတို့နှင့် ပတ်သက်သော သတင်းအစ,အန,ကို မကြားရတော့ပေ။





ထိုအကြောင်းကြားစာကို ရသောအခါ လူပုလေးမိတ္တက ဆရာသခင်ကို အကျိုးအကြောင်း ပြောပြကာ ခွင့်ပန်ရလေတော့သည်။

ဆရာသခင်က . . .

"သေခြင်းတရားသည် ထာဝရ ရှင်သန်ခြင်းတည်းဟူသော အနိစ္စတရား၏ ဆန့်ကျင်ဘက်သာ ဖြစ်ပေသည်။

သက်တမ်းအလိုက် သေဆုံးရခြင်းသည် ဆင်းရဲဒုက္ခကြီး၏ ထာဝရဇာစ်မြစ် ဒုက္ခတစ်ခု ဖြစ်ပေသည်၊ သို့သော် သေဆုံးသောသူသည် အဘခေါ်အနန္တ နှင့် ဆုံးစ,မထင်သော သံသရာအား လှေ့လာခြင်းမျှသာ ဖြစ်ပေသည်၊

နေ့တစ်နေ့၏ အချိန်များစွာတို့၌ အလင်းရောင်ကြောင့် တောင်တန်းကြီးများ၏ အလင်းရောင်သည် ပြောင်းလဲနေတတ်ပေသည်၊

ထိုသို့ပြောင်းလဲရခြင်းမှာ နေမင်း၏ အလင်းရောင်သည် တောင်တန်းကြီးများ၏ သဘာဝအလှကို ပြောင်းလဲပစ်နေသလို . . .

လောကကို အလှဆင်နေခြင်းလည်း ဖြစ်ပေသည်၊

သင်သည် စိတ်ဓွမ်းအားကို မြှင့်တင်ခဲ့ပြီးနောက် လူသားတို့၏ အကျိုးကို ဆောင်ရွက်ရန် သွားပေတော့"

ဟု ခွင့်ပေးလေသည်။


www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရဲ့ ကံကြမ္မာ ဘယ်လိုရှိပါသလဲ ဆရာသခင်"

"ကံကြမ္မာတစ်ခုကို ကြိုတင်သိခြင်းသည် လုပ်ဆောင်ရမည့် ကိစ္စတို့အား နှောင့်နှေးစေသည်၊ ကံကြမ္မာ စက်ဝန်းသည် သူ့သဘာဝအတိုင်း ပုံမှန်လည်ပတ်နေသလို လူသားတို့၏ ကံကြမ္မာကလည်း အချိန်နှင့်အမျှ စက္ကန့်နှင့်အမျှ ပြောင်းလဲနေတတ်ပေသည်၊

အကောင်းဆုံးမှာ မိမိ လုပ်ဆောင်ရမည့် အလုပ်ကို အကောင်းဆုံး ပြုလုပ်ရန်သာ ဖြစ်ပေသည်"

ဟု ပြောကာ ဂူထဲသို့ ပြန်ဝင်သွားသောကြောင့် လူပုလေးမိတ္တာလည်း ဒီဘရူဂါသို့ ပြန်လာခဲ့လေသည်။

ထို့နောက် . . .

ဒီဘရူဂါမှ တာဝန်ရှိသူများအား အကျိုးအကြောင်း ပြောပြသောအခါ ၎င်းတို့ကလည်း လိုအပ်သော အကူအညီများ ပေးရုံမက ဦးဇန်ကောင်းတို့အား ရှာဖွေရန် အဖွဲ့ငယ် တစ်ဖွဲ့ကိုပင် ဖွဲ့ပေးလိုက်လေသည်။

လူပုလေးမိတ္တာ ခေါင်းဆောင်သော အဖွဲ့သည် ဦးဇန်ကောင်း ပေးပို့လိုက်သော လမ်းပြမြေပုံကို ကြည့်ကာ ၎င်းတို့ သွားခဲ့သည့် လမ်းကြောင်းအတိုင်း လိုက်ခဲ့ကြလေသည်။

၎င်းတို့အဖွဲ့မှာလည်း ရှေ့ကလူများနည်းတူ သေမင်းတံခါးဝ တောနက်ကြီး အတွင်းသို့ ရောက်သောအခါ မမြင်ရ





သော အန္တရာယ်များ၊ မြင်ရသော အန္တရာယ်များ၏ ဆီးကြိုတိုက်ခိုက်ခြင်းကို ခံကြရလေသည်။

သို့သော်လည်း ၎င်းတို့အဖွဲ့မှာ ဒီဘရူဂါအစိုးရမှ အကူအညီ ထည့်ပေးလိုက်သည့် လက်နက်နှင့် လူအတော်များများ ပါလာကြရာ အခြေအနေမှာ ဆိုးဆိုးရွားရွားတော့ မဖြစ်ကြပေ။

အဖွဲ့သားများထဲမှ အသေအပျောက် အနည်းငယ်ရှိကြသည်မှလွဲ၍ ခရီးစဉ်ပျက်လောက်အောင် မဖြစ်ဘဲ ခရီးဆက်နိုင်ခဲ့ကြရာ ရက်အတန်ကြာသောအခါ ဦးဇန်ကောင်းတို့ နောက်ဆုံး စခန်းချသွားသော ဆင်သေစခန်းသို့ ဆိုက်ရောက်ကြလေသည်။

ထိုစခန်းသို့ ရောက်သွားသောအခါ ဦးဇန်ကောင်းတို့ စတည်းချသွားသော သဲလွန်စ‌များကိုသာ တွေ့ရပြီး ဦးဇန်ကောင်းတို့ အဖွဲ့သားများကိုတော့ တစ်ယောက်တလေမှ မတွေ့ရပေ။

ထိုမှတစ်ဆင့် သူတို့အဖွဲ့သည် ဗြဟ္မပုတ္တရမြစ်၏ မြောက်ဖျားဘက်သို့ ဆက်တက်ခဲ့ကြရာ အင်းဒီးယန်း လူရိုင်းရွာတစ်ရွာသို့ ရောက်သွားကြလေသည်။

ထိုရွာမှ အကြီးအကဲခေါင်းဆောင်ဖြစ်သူ မရစ် ဆိုသူက လူပုလေးမိတ္တာတို့ အဖွဲ့ကို ကောင်းမွန်စွာ ဆီးကြိုပြီး အရှိအသေ ပြုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

၎င်းတို့က လူပုလေးမိတ္တာကို 'နတ်ဘုရားမိတ္တာ' ဟု ခေါ်ဝေါ်ကြလေသည်။

အဘယ်ကြောင့် ထိုကဲ့သို့ ခေါ်ကြသည်ကိုတော့ မသိကြရပေ။ မရစ်က...

"သူတို့ ဒီရွာကို ရောက်လာခဲ့ကြပါတယ်၊ ဒါပေမယ့် သူတို့တစ်တွေဟာ လူနည်းနည်းလေးပဲ ကျန်တော့တယ်၊ ရှိတဲ့လူတွေအားလုံးကလည်း ရောဂါတွေဝင်ပြီး အားအင်မရှိကြတော့ပါဘူး၊ ကျုပ်တို့က ဒီရွာမှာနေပြီး ဆေးကုဖို့ ပြောတာကို လက်မခံကြပါဘူး၊ ဒီမှာ ခဏပဲ ဝင်နားပြီး ရှေ့ကို ခရီးဆက်သွားကြပါတယ်"

ဟု ပြောပြလေသည်။

"သူတို့ ဘယ်ဘက်ကို ခရီးဆက်သွားကြသလဲ"

"ဟိုး... အထက်ပိုင်းမှာရှိတဲ့ ကျောက်စိမ်းတောင်ကြီး ရှိတဲ့ဘက်ကို သွားကြတယ်"

"ဒီမှာ ဘာတွေ မှာထားခဲ့သေးလဲ"

"သခင်တို့လာရင်ပေးဖို့ ဓားတစ်လက်နဲ့ စာတစ်စောင် ထားခဲ့ပါတယ်"

ဟု ပြောကာ ဦးဖန်ကောင်းတို့ ပေးထားခဲ့သောဓားနှင့် စာရွက်ခေါက်လေး တစ်ခုကို ထုတ်ပေးလေသည်။

ဓားမှာ ဦးဖန်ကောင်း၏ဓား ဖြစ်ဟန်ရှိပြီး စာရွက်ကို ဖတ်ကြည့်သောအခါ...





"မိတ္တ...

ငါတို့တစ်တွေ ဒဏ်ရာတွေ ရနေကြပေမယ့် မိုးမကျခင် ကျောက်စိမ်းတောင်ကို ရောက်ဖို့ ခရီးဆက်သွားကြပြီ၊

မင်း ဒီစာကို ဖတ်ရရင် ငါတို့နောက်ကို ဆက်မလိုက်လာဘဲ မြန်မာပြည်ကိုသာ ရောက်အောင်သွားပါ၊

ဒီအချိန်လောက်ဆိုရင် နိုင်ငံခြားက ဒေါက်တာ မင်းထင်ကျော် ပြန်ရောက်နေလောက်ပြီ၊

သူနဲ့တွေ့ပြီး အကျိုးအကြောင်း ပြောပြလိုက်ရင် ကျန်တဲ့ကိစ္စတွေ သူ ဆက်လုပ်ပါလိမ့်မယ်၊

ဒီလိုကိစ္စမျိုးက ဒေါက်တာမင်းထင်ကျော်မှ အောင်မြင်အောင် ဆောင်ရွက်နိုင်ပါလိမ့်မယ်"

ဟု ရေးသားထားလေသည်။

"သူတို့ ခရီးထွက်သွားတဲ့ဘက်က အသားစားလူရိုင်းတွေ ရှိတဲ့ဘက်ပဲ၊ ကျုပ်တို့လည်း စိတ်မချလို့ လူလွှတ်ပြီး ကြည့်ခိုင်းပါသေးတယ်၊

သူတို့ စခန်းချနေလောက်တဲ့ နေရာဘက်ဆီက မီးခိုးငွေ့တွေ တက်လာတာ သုံးလေးရက်လောက်ပဲ လှမ်းမြင်ရတယ်၊ နောက်ပိုင်းရက်တွေ ရောက်တော့ မီးခိုးတွေကို လုံးလုံးမတွေ့ရတော့ဘူး၊ ကျုပ်အထင် ပြောရရင်တော့ သူတို့တစ်တွေကို လူရိုင်းတွေ ဖမ်းမိသွားပြီ ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဟု မရစ်က စိတ်မကောင်းသော လေသံဖြင့် ပြောပြလေသည်။

လူပုလေးမိတ္တက ဦးဇန်ကောင်းတို့ သွားသော ခရီးစဉ်အတိုင်း ဆက်လိုက်သွားရန် ပြင်သောအခါ မရစ်က တားလေသည်။

"မကြာခင် မိုးကျတော့မှာမို့ ဒီလိုအချိန်မျိုးမှာ ခရီးသွားဖို့ မသင့်တော့ပါဘူး သခင်၊ မိုးကျတဲ့ ရာသီမျိုးမှာ သေမင်းတံခါးဝ တောနက်ထဲကို ခရီးသွားရင် ဘယ်လိုနည်းနဲ့မှ အသက်မရှင်နိုင်ပါဘူး၊

အဆိုးရွားဆုံးကတော့ တောင်ကျရေနဲ့ ငှက်ဖျားရောဂါပါပဲ၊ တကယ်လို့ သခင်တို့ သွားချင်တယ်ဆိုရင် မိုးကုန်တဲ့အထိ စောင့်ပြီးမှ သွားစေချင်ပါတယ်"

ဟု တားသဖြင့် ရှေ့သို့ ခရီးဆက်ရန် အစီအစဉ်ကို ဖျက်ပြီး နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ကြလေသည်။

ဒီဘရူဂါသို့ ရောက်သောအခါ သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို ထိုအကြောင်းများအား အပြည့်အစုံ ပြန်ပြောပြလိုက်၍ ၎င်းတို့က မှတ်တမ်းများအဖြစ် သိမ်းဆည်းထားကြလေသည်။





## အခန်း ( ၆ )

## ဒေါက်တာမင်းထင်ကျော်နှင့် ထူးဆန်းသော ကျောက်စိမ်းရုပ်

ဒေါက်တာမင်းထင်ကျော် နိုင်ငံခြားမှ ပြန်ရောက်လာသော အချိန်မှာပင် ဦးဇန်ကောင်းတို့ ခရီးထွက်သွားသော သတင်းကို ကြားရသဖြင့် များစွာစိတ်ဝင်စားမိလေသည်။

သို့ကြောင့် ဆရာကြီးသူရဇ္ဇ ရှိရာသို့ သွားရောက်ကာ အကျိုးအကြောင်း မေးကြည့်ရလေသည်။

"သူတို့ ခရီးမထွက်ခင်ကတော့ ကျုပ်ဆီကို လာပြီးတော့ သုဝဏ္ဏပဗ္ဗတ မြို့ဟောင်းနဲ့ပတ်သက်တဲ့ အချက်အလက်တွေ လာမေးသွားတယ်၊ တကယ်ဆိုရင် ဒီလိုခရီးမျိုးက တခြား



www.burmeseclassic.com

လူထက် မောင်ထင်ကျော်နဲ့က ပိုပြီးသင့်လျော်တယ်၊ မောင်ရင် ပါသွားရင် ပိုကောင်းတာပေါ့"

ဟု ပြောပြသည်။

"ဒီလိုဆိုရင် အဲဒီအချက်အလက်တွေကို ကျွန်တော့်ကို ပေးပါ ဆရာကြီး၊ ကျွန်တော် လေ့လာပါရစေ"

ဟု ပြောသဖြင့် ဆရာကြီး သူရဇ္ဇက ၎င်းနှင့်သက်ဆိုင်သော အချက်အလက်များကို ပေးလိုက်လေသည်။

ဆရာကြီးသူရဇ္ဇ ပေးလိုက်သော အထုပ်ထဲတွင် ပေစာဟောင်းများ၊ စာအုပ်အဟောင်းများ၊ မှတ်တမ်းများ၊ ကျောက်စာချပ်များမှ ကူးယူထားသည့် မှတ်တမ်းများ၊ လက်ရေးမူများအပြင် ကျောက်စိမ်းရုပ်တု တစ်ခုလည်း ပါလာလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုအရုပ်ကိုယူ၍ အသေအချာ ကြည့်လိုက်သောအခါ ထိုအရုပ်မှာ ကျောက်စိမ်းဖြင့် ထုလုပ်ထားတာဖြစ်ပြီး ခါးတစ်ပိုင်းသာ ရှိသော အရုပ်ဖြစ်သည်။

ကျန်ရစ်သော အပိုင်းမှာ ခါးအထက်ပိုင်းသာ ရှိပြီး ပျူခေတ် အမျိုးသမီးများကဲ့သို့ နဖူးစည်း၊ အဝတ်တန်ဆာများ ဝတ်ဆင်ထားလေသည်။

ကိုယ်ဟန်မှာ ကချေသည် တစ်ဦးကဲ့သို့ က,နေဟန် ဖြစ်သည်။



www.burmeseclassic.com


၎င်းအရုပ်နှင့်အတူ မှတ်တမ်းတစ်ခုလည်း ပါရှိလေသည်။ ထိုမှတ်တမ်းမှာ ထိုအရုပ်ကို ဆရာကြီးသူရဇ္ဇထံသို့ ပေးပို့လိုက်သူက သူ၏ကိုယ်တွေ့ အကြောင်းအရာများကို ရေးသားထားခြင်း ဖြစ်လေသည်။

ထိုမှတ်တမ်းကို ရေးသားထားသူမှာ ကိုမင်းဇံ ဆိုသောလူဖြစ်သည်။ ၎င်းမှတ်တမ်းထဲ၌ ရေးသားထားသည်မှာ–

တစ်နေ့သ၌ ထိုကျောက်စိမ်းရုပ်ပါသော အဝတ်ထုပ်တစ်ထုပ်ကို မိတ်ဆွေတစ်ယောက်က လက်ဆောင်လာပေးသဖြင့် ယူထားလိုက်လေသည်။

အထုပ်ကို ဖြေကြည့်သောအခါ အထုပ်အတွင်း၌ ခါးတစ်ပိုင်း ပြတ်နေသည့် ကျောက်စိမ်းရုပ်တစ်ရုပ်ကို တွေ့ရလေသည်။

ကိုမင်းဇံသည် ထိုကျောက်စိမ်းရုပ်ကို မြင်သောအခါ လှပ၍ လက်ရာမြောက်လှသောကြောင့် စွန့်မပစ်ရက်တော့သဖြင့် မိမိအိမ်မှ စင်တစ်စင်ပေါ်၌ အလှတင်ထားလေသည်။

ကိုမင်းဇံမှာ ဈေးကြီးတစ်ခုတွင် ပန်းများကို ဖောက်သည်ရောင်းသူတစ်ဦး ဖြစ်လေသည်။

သူသည် မှော်ဘီ၊ တိုက်ကြီးဘက်ရှိ ပန်းခြံများမှ ပန်းများကို ဖောက်သည်ယူကာ အခြားသူများအား ပြန်လည်ရောင်းချလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နယ်မှရောက်လာသော ပန်းများကို စီစဉ်ပြင်ဆင်၍ မိုးမလင်းမီ (........) ဈေးကြီးသို့ အရောက်သွားကာ ပန်းသည်များကို ဖောက်သည်ပေးရလေသည်။

တစ်နေ့သော နံနက်ပိုင်းအချိန်တွင် ဈေးသို့သွားရန် ထွက်အလာ လမ်းရောက်မှ သော့တွဲ မေ့ကျန်ခဲ့သဖြင့် တပည့်ဖြစ်သူကို ပြန်အယူခိုင်းရာ ခဏကြာတော့ တပည့်ဖြစ်သူမှာ ရေးကြီးသုတ်ပျာဖြင့် ပြန်လာလေတော့သည်။

"ဘိုးခင်... ဘာဖြစ်လာတာလဲ၊ သော့တွဲတွေ့ခဲ့ရဲ့လား"

"ကျွန်တော် အိမ်ထဲမရောက်ခဲ့ဘူး ဆရာ"

"ဘာဖြစ်လို့လဲဟင်"

"ဆရာ့အိမ်ထဲမှာ အမျိုးသမီးတစ်ယောက် လမ်းလျှောက်နေတာကို တွေ့ခဲ့ရတယ် ဆရာ"

"ဟေ..."

ထိုစကားကြောင့် ကိုမင်းဇံမှာ အံ့သြသွားလေသည်။

ယခုအချိန်တွင် သူ့မိန်းမ မခင်ရွှေမှာ ပန်းဆိုင်၌ ရှိနေမည် ဖြစ်သောကြောင့် အိမ်၌ ဘယ်သူမှ မရှိပေ။

"မင်းဟာ သေချာရဲ့လားဟ"

"သေချာတယ် ဆရာ၊ ကျွန်တော် သေသေချာချာကို မြင်ခဲ့ရတာ"

"မခင်ရွှေများ အိမ်ပြန်ရောက်နေရော့သလား"





"အစ်မ မဟုတ်ဘူးဆရာ၊ အခုတွေ့ခဲ့ရတဲ့ အမျိုးသမီးက ရှေးခေတ် မင်းသမီးတွေ ဝတ်တဲ့ အဝတ်အစားမျိုးတွေနဲ့ အတော်လှတယ်"

"ဟင်..."

ကိုမင်းဇံ စိတ်ထဲမှာ မိမိအိမ်ထဲသို့ သူခိုးများ ရောက်နေရော့သလားဟု စိတ်ပူကာ တပည့်ဖြစ်သူ ဘိုးခင်နှင့်အတူ အိမ်သို့ တစ်ခေါက် ပြန်သွားလေသည်။

အိမ်သို့ရောက်သောအခါ အတွင်း၌ မီးရောင်ရှိသော ကြောင့် အပြင်ဘက်မှ လှမ်းကြည့်လိုက်ရာ အတွင်း၌ ဘယ်သူမှမတွေ့ရပေ။

အိမ်ရှေ့ဘက် တံခါးပေါက်မှာလည်း သော့ခတ်လျက် သားအတိုင်း တွေ့သဖြင့် သော့ဖွင့်ကာ ဆရာတပည့်နှစ်ယောက် အတွင်းသို့ ဝင်ကြည့်ကြသောအခါ ဘယ်သူမှ မရှိပေ။

တစ်အိမ်လုံး ခြေရာလက်ရာ ပျက်မပျက် လိုက်လံ စစ်ဆေးကြည့်ပြန်တော့လည်း ဘာတစ်ခုမှ ထူးတူးခြားခြား မတွေ့ရပေ။

ကျောက်စိမ်းရုပ်ထားသော နေရာသို့ ရောက်သော အခါမှ ထူးခြားမှုတစ်ခုကို သတိပြုမိလေသည်။

စင်ပေါ်၌ ကတ္တီပါအနီစဖြင့် ဖုံးအုပ်ထားသည့် ကျောက်စိမ်းရုပ်မှာ ကတ္တီပါစ အပြင်ဘက်သို့ ရောက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိ မိန်းမ မခင်ရွှေ မြင်မည်စိုးသောကြောင့် ကတ္တီပါစဖြင့် သေသေချာချာ ဖုံးအုပ်ထားပါလျက် ယခုအခါ ကတ္တီပါစက တခြား၊ အရုပ်တခြား ဖြစ်နေသဖြင့် အနည်းငယ် အံ့သြသွားမိလေသည်။

"ဒီကတ္တီပါစကို ဘယ်သူကများ ဖယ်လိုက်တာပါလိမ့်" ဟု တွေးကာ ကတ္တီပါစကို ပြန်ဖုံးထားလိုက်လေသည်။

ထို့နောက်...

တစ်အိမ်လုံးအနှံ့ လိုက်လံ ကြည့်ရှုသော်လည်း အခြေအနေ မထူးသဖြင့် သော့တွဲကို ယူကာ ပြန်ထွက်လာခဲ့လေသည်။ နောက်ပိုင်းရက်များမှာတော့ ရက်ခြားဆိုသလို ကိုမင်းဖဲ တစ်ယောက် ထူးခြားသော အိပ်မက်များကို မက်လေသည်။

အိပ်မက်ထဲမှာ ရှေးခေတ် အဝတ်အစားများနှင့် လှပသော မိန်းမတစ်ယောက်ကို တွေ့ရလေသည်။

သူမက ပြောသည်။

"ငါ့မောင်... အစ်မတော်က မင်းတို့ဆီမှာ အကြာကြီး မနေပါဘူး၊ ဒါပေမယ့် ဒီမှာရှိနေတဲ့ အခိုက်မှာတော့ သန့်ပြန့်တဲ့ နေရာမှာ အမွှေးနံ့သာနဲ့ ထားပေးပါ"

ဟု လာပြောလေသည်။

ကိုမင်းဖဲမှာ ထိုအိပ်မက်ကို စမက်စဉ်က မိမိ စိတ်စွဲ၍ မက်သည်ဟု အထင်ရှိကာ မေ့မေ့လျော့လျော့ ရှိခဲ့သော်လည်း





နောက်ပိုင်း တစ်ရက်ခြား နှစ်ရက်ခြား ဆိုသလို မက်ပါများလာသောအခါ မနေဝံ့တော့ဘဲ အိမ်ရှေ့တွင် သီးသန့်စင်ကလေးတစ်ခု ပြုလုပ်၍ ထိုကျောက်စိမ်းရုပ်ကို တင်ကာ အမွှေးနံ့သာများ ပက်ဖျန်းထားလေသည်။

ထိုအခါ ဇနီးဖြစ်သူ မခင်ရွှေက...

"ကိုမင်းဖဲ... ရှင် ဘာတွေ လျှောက်လုပ်နေတာလဲ"

ဟု နားမလည်သော အမူအရာဖြင့် မေးလေသည်။

"ငါက ဘာလုပ်နေလို့လဲ"

"ဟို... ရှင် ခေါင်းရင်းခန်းမှာ စင်နဲ့ တင်ထားတဲ့ အရုပ်က ဘာရုပ်လဲဟင်... နတ်ရုပ်လားဟင်..."

"မဟုတ်ပါဘူးဟ"

"ဒါဖြင့် ဘာရုပ်လဲ၊ အဲဒီအရုပ်ကို အိမ်မှာထားတာ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ညဘက်ဆိုရင် အိမ်ရှေ့ခန်းက လူတစ်ယောက် လမ်းလျှောက်နေတဲ့ ခြေသံလိုလိုတွေလည်း ကြားရတယ်"

"မင်း စိတ်ထင်လို့ နေမှာပါ"

"စိတ်ထင်လို့ မဟုတ်ဘူးတော့်၊ သေသေချာချာကို ကြားရတာ၊ တစ်ညတုန်းကလည်း ညဘက် အပေါ့အပါး ထသွားတာ အိမ်ရှေ့ခန်းမှာ လူရိပ်လိုလို မြင်လိုက်ရတယ်၊ ဒီအတိုင်းဆိုရင်တော့ ကျွန်မ မနေဝံ့ဘူး၊ ကြောက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရှင့်အရုပ်ကို တခြားတစ်နေရာ ပို့ပစ်ရင်ပို့၊ မဟုတ်ရင်တော့ ကျွန်မ အမေတို့ အိမ်ကို သွားနေတော့မယ်"

ဟု မခင်ရွှေက အကျပ်ကိုင်လေသည်။

ကိုမင်းဖုံမှာ ထိုကျောက်စိမ်းရုပ်ကလေးကို မိမိအိမ်မှာပင် ထားချင်သော်လည်း ဇနီးဖြစ်သူက အကျပ်ကိုင်သောကြောင့် မထားဝံ့တော့ဘဲ သူငယ်ချင်းတစ်ယောက်ကို ပေးလိုက်လေတော့သည်။ သို့သော်...

ရက်အတန်ကြာသောအခါ ထိုသူငယ်ချင်း ရောက်လာပြီး အရုပ်ကို ပြန်လာပေးလေသည်။

"မင်းအရုပ်ကို မင်းပဲ ပြန်ယူပေတော့၊ ငါ့ဆီမှာ ဆက်ထားလို့ မဖြစ်တော့ဘူး"

"ဘာဖြစ်လို့လဲကွ"

"မပြောပါနဲ့တော့ကွာ... ဒီအရုပ် အိမ်ရောက်လာတဲ့နေ့ကစပြီး တစ်ညမှ ကောင်းကောင်းမအိပ်ရပါဘူး၊ အိပ်ပျော်မယ် ကြံလိုက် ခါးတစ်ပိုင်း ပြတ်နေတဲ့ မိန်းမတစ်ယောက် ရောက်လာပြီး နှောင့်ယှက်လိုက်နဲ့ ကြောက်ဖို့ ကောင်းလိုက်တာကွာ... မပြောပါနဲ့တော့"

"ဟင်..."

"အခုတော့ ဒီအရုပ်ကို အိမ်မှာဆက်ထားရင် မိန်းမနဲ့ ကလေးတွေက ကြောက်လို့ အိမ်မှာမနေတော့ဘူး ဆိုတာနဲ့





ပြန်လာပေးတာပါ၊ မင်းအရုပ်ကို မင်းပဲ ပြန်ယူပါတော့ သူငယ်ချင်းရယ်၊ တောင်းပန်ပါတယ်"

ဟု တောင်းတောင်းပန်ပန် ပြောဆိုကာ အရုပ်ကို ပြန်ပို့ပေးသွားလေသည်။

ထိုအခါ ကိုမင်းဖုံမှာ အရုပ် အိမ်သို့ ပြန်ရောက်လာသည်ကို မိန်းမသိလျှင် အိမ်မှာ မနေမည်စိုးသဖြင့် လုံခြုံသောနေရာ၌ ဝှက်ထားရလေသည်။

ထိုသို့ ပြန်ရောက်လာပြီး တစ်ရက်တွင် အိပ်မက် မက်ပြန်လေသည်။

အိပ်မက်ထဲတွင် ရှေးခေတ် အဝတ်အစားနှင့် အမျိုးသမီး ရောက်လာပြီး ဤသို့ ပြောလေသည်။

"ငါ့မောင်... အစ်မကြောင့် မင်း ဒုက္ခရောက်နေလို့ တခြားကို ပို့ချင်တယ်ဆိုရင် မင်းပို့ချင်တဲ့နေရာတွေကို ပို့လို့ မရဘူးကွယ်၊ မင်းပို့ပေးရမယ့်နေရာက အစ်မကို မူလနေရာကို ပြန်ရောက်အောင် ပို့ပေးနိုင်တဲ့ လူရဲ့လက်ထဲကို ရောက်အောင် ပို့ပေးရမှာ"

"သူက ဘယ်သူလဲ... ဘယ်မှာလဲ..."

"အခု သူက ဒီမှာ မရှိသေးဘူး၊ ဒါပေမယ့် စိတ်မပူပါနဲ့၊ မင်း ပို့ပေးရမယ့်နေရာ ရှိပါသေးတယ်"

ဟု ပြောကာ နေရပ်လိပ်စာ တစ်ခုကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနက်လင်းတော့ အဲဒီနေရာကို သွားပို့ပေးလိုက်ပါ"

ဟု ပြောဆိုကာ ပျောက်ကွယ်သွားလေသည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ အိပ်မက်ထဲမှာ ပြောသွားသည့် လိပ်စာအတိုင်း သွားလေရာ ရွှေတောင်ကုန်း လမ်းကြား အတွင်းဘက်၌ ခြံဝန်းကျယ်ကြီးနှင့် နေထိုင်သော ဆရာကြီးသူရဇ္ဇ ရှိရာသို့ ရောက်သွားလေသည်။

ဆရာကြီးက သူ့ကိုမြင်သောအခါ ဆီးကြိုနှုတ်ဆက်ကာ နေရာထိုင်ခင်း ပေးလေသည်။

ကိုမင်းဇံက ဧည့်ခန်း ကုလားထိုင်ပေါ်သို့ ထိုင်မိရုံ ရှိသေးသည်။ ဆရာကြီးက...

"ကျောက်စိမ်းရုပ် လာပို့ပေးတာလားကွယ့်"

ဟု မေးရာ ရုတ်တရက်ဆိုတော့ ကိုမင်းဇံမှာ များစွာ အံ့ဩသွားလေသည်။

အဘယ့်ကြောင့် ဆိုသော်...

ဆရာကြီးသူရဇ္ဇနှင့် သူနှင့်က ယခုမှ ပထမဦးဆုံး မြင်တွေ့ဖူးသောကြောင့်ပင်။

"ဟုတ်...ဟုတ်ပါတယ် ခင်ဗျ၊ ဒါထက် ဆရာကြီးက ဘယ်လိုသိနေတာလဲဟင်"

ဆရာကြီးသူရဇ္ဇက ဆေးတံကို ဖွာလိုက်ရင်း အေးအေး ဆေးဆေး အမူအရာဖြင့်...





"ဘာဆန်းသလဲကွယ်၊ ညတုန်းက မောင်ရင်မက်တဲ့ အိပ်မက်မျိုး ကျုပ်လည်း မက်ခဲ့တာဆိုတော့ ကြိုပြီးသိနေ တယ် ဆိုပါတော့"

ဟု ပြောသဖြင့် ကိုမင်းဇံမှာ ကတုန်ကယင်ဖြင့် လှမ်း ပေးလိုက်ရာ ဆရာကြီးသူရဇ္ဇက လှမ်းယူလိုက်သည်။

"ဝိညာဉ်လောက၊ ပရလောက ဆိုတာ အတော် ကလေး ဆန်းကြယ်တာဆိုတော့ ကျုပ်တို့ ဉာဏ်တစ်ထွာ တစ်မိုက်နဲ့တော့ လိုက်လို့ ဘယ်မီနိုင်ပါ့မလဲ"

ဟု ညည်းတွားလိုက်လေသည်။

ကိုမင်းဇံလည်း ဆရာကြီးကို နှုတ်ဆက်၍ ပြန်လာခဲ့ပြီး နောက် ထိုအကြောင်းများကို မှတ်တမ်းအဖြစ် ရေးကာ ဆရာကြီးထံသို့ နောက်တစ်ခေါက် သွားပို့ပေးလိုက်လေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇ )

## လှူပူလေးမိတ္တာ ရောက်လာခြင်း

ဒေါက်တာမင်းထင်ကျော် အနေနှင့် ဆရာကြီးသူရဇ္ဇ ထံမှ ယူဆောင်လာသော မှတ်တမ်း အချက်အလက်များထဲ၌ ကျောက်စိမ်းရုပ်တုနှင့် ပတ်သက်သည့် အကြောင်းများကို စိတ်ဝင်စားမိလေသည်။

"ကိုမင်းဇံရဲ့ မှတ်တမ်းထဲက အဆိုအရဆိုရင် ဒီ ကျောက်စိမ်းရုပ်တုဟာ သူနဲ့ ထိုက်တန်တဲ့လူ၊ ဒါမှမဟုတ် သူ့ရဲ့ နေရာဟောင်းကို ပြန်ပို့ပေးနိုင်တဲ့ လူရဲ့လက်ထဲကို ပြန်ရောက်ရမယ်လို့ အဆိုရှိတယ်၊

အခု ငါ့လက်ထဲကို ရောက်လာပါလား၊





ဆရာကြီးသူရဇ္ဇက ဘာကြောင့် ငါ့ကို ပေးလိုက်တာ ပါလိမ့်၊ ဆရာကြီးကတော့ အကြောင်းမရှိဘဲ တမင်တော့ ပေးလိုက်မယ် မထင်ဘူး၊

ထိုက်တန်တဲ့လူ၊ ဒါမှမဟုတ် မူလနေရာဟောင်းကို ပြန်ပို့ပေးမယ့်လူဆိုတာ ငါကိုယ်တိုင်များ ဖြစ်နေရော့သလား၊

ဒီလိုဆိုရင်တော့ သူ့အကြောင်းနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို သိခွင့်ရရင်တော့ ပိုကောင်းမှာပဲ"

ဟု တစ်ယောက်တည်း တွေးနေမိသည်။

ထို့နောက်...

ဆရာကြီးသူရဇ္ဇ ပေးလိုက်သည့် မှတ်တမ်းများ၊ မြေပုံ များကို တစ်ခုချင်း လေ့လာ၍ ကူးတန်တာကူး၊ မှတ်စု ထုတ်တန်တာ ထုတ်၊ လေ့လာသင့်သည်များကို ထပ်မံ လေ့လာ၍ ညဘက်အချိန်သို့ ရောက်သောအခါ ကျောက်စိမ်း ရုပ်တုကလေးကို မိမိအခန်းထဲသို့ ယူဆောင်သွားကာ စားပွဲ ပေါ်မှာ တင်ထားလိုက်လေသည်။

ညဘက်ရောက်သောအခါ အိပ်မက်လိုလိုနှင့် ထူးဆန်း သော အရာများကို မြင်တွေ့ရလေသည်။

အိပ်မက်ထဲတွင် ရှေးခေတ် အဝတ်အစားများနှင့် လှပ ချောမောလှသည့် အမျိုးသမီးတစ်ဦး ရောက်လာ လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်း ဘယ်သူလဲ"

"ကျွန်မနာမည် သုဝဏ္ဏဒေဝီသို့ ခေါ်ပါတယ်"

"မင်း ဘယ်နေရာက လာတာလဲ"

"သုဝဏ္ဏပဗ္ဗတ မြို့ဟောင်းကပါ"

"ဒီကို ဘာကိစ္စနဲ့ ရောက်လာတာလဲ"

"ရှင်က ကျွန်မအကြောင်းနဲ့ ပတ်သက်ပြီး သိချင်တယ်ဆိုလို့ လာပြောပြတာပါ"

ထိုအခါ မိမိယူလာသော ကျောက်စိမ်းရုပ်ကို သတိရပြီး ကြည့်လိုက်တော့ စားပွဲပေါ်မှာ မတွေ့ရတော့ပေ။

"ကျွန်မက သုဝဏ္ဏပဗ္ဗတ မြို့တော်ရဲ့ အရှင်သခင် ပေါရုသရဲ့ သမီးတော်ပါ၊ ပေါရုသ ဆိုတာ အလွှက်စန္ဒား ဘုရင်ရဲ့ ဂရိစစ်သည်တော်တွေကို ရှုပ်ရှုပ်ချွံချွံ တွန်းလှန်တိုက်ခိုက်ခဲ့တဲ့ သူရဲကောင်းပါ"

"ဆက်ပြောပါဦး"

"နောက်တော့ အင်အားချင်း မမျှတာနဲ့ ဟိမဝန္တာ တောင်တန်းတွေရဲ့ မြောက်ဘက်ကို တိမ်းရှောင်ခဲ့ကြရတယ်၊ ပေါရုသ မင်းသားဟာ နောက်လိုက်နောက်ပါ ခြွေရံသင်းပင်းတွေနဲ့အတူ တောနက်ကြီးတစ်ခုထဲ ရောက်တော့ လူရိုင်းတွေရဲ့ ရန်ကို တွန်းလှန်ခဲ့ရတယ်"

"လူရိုင်းတွေ ဆိုတာ"





"အဲဒီ ဟိမဝန္တာ တောနက်ကြီးထဲမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနေတဲ့ လူနီရိုင်းတွေ၊ ဩကာလူရိုင်းတွေ၊ ချာဗမ်ထီ လူရိုင်းတွေအပြင် နာဂလို့ခေါ်တဲ့ နဂါးလူရိုင်းတွေကို ပြောတာပါ"

"နဂါးဆိုတာ ဘယ်လိုမျိုးလဲ၊ နဂါးမြွေကို ပြောတာလား"

"မဟုတ်ပါဘူး၊ နဂါးလို့ခေါ်တဲ့ နာဂလူရိုင်းတွေ တောင်ခေါင်းတွေထဲမှာ ခိုအောင်းနေကြတဲ့ လူရိုင်းတွေပါ၊ အာသံပြည်နယ်ဘက်က ဆင်းသက်လာတဲ့ မျိုးနွယ်စုတွေပါပဲ"

ထိုစကား ကြားသောအခါမှ နဂါးမြွေနှင့် လူရိုင်းနဂါးတို့ ကွဲပြား ခြားနားပုံကို သိရတော့သည်။

"ပေါရုသမင်းသားနဲ့ အပေါင်းပါတွေဟာ ဟိမဝန္တာ တောနက်ကြီးထဲက လူရိုင်းတွေကို တိုက်ခိုက် နှိမ်နင်းပြီး သစ္စာခံခိုင်းခဲ့တယ်၊ နောက်တော့ နာဂလူရိုင်းတွေက ပေါရုသမင်းသားကို အရှင်သခင်အဖြစ် အသိအမှတ်ပြုပြီးတော့ သူတို့ အထွတ်အမြတ်ထားတဲ့ ကျောက်စိမ်းတောင်ကြီး ရှိတဲ့နေရာကို လိုက်ပြပေးခဲ့ကြတယ်"

"ဟင်..."

"ပေါရုသ မင်းသားဟာ ကျောက်စိမ်းတောင်ကြီးရဲ့ တောင်ထိပ်ပေါ်ကိုတက်ပြီး မြို့တည်ထောင်ခဲ့တယ်၊ နာဂနဂါး


www.burmeseclassic.com

www.burmeseclassic.com

တွေ အထွတ်အမြတ်ထားတဲ့ ကျောက်စိမ်းတောင်ကြီးဟာ ကမ္ဘာပေါ်မှာ အကြီးဆုံး ကျောက်စိမ်းတောင်ကြီး ဖြစ်သလို တောင်ပေါ်မှာလည်း ရွှေ၊ ငွေ ကျောက်သံပတ္တမြားတွေက တောင်ပုံရာပုံ ပေါများလှတာကြောင့် 'သုဝဏ္ဏပဗ္ဗတမြို့တော်' လို့ အမည်ပေးပြီး နှစ်ပေါင်းများစွာကြာအောင် နေခဲ့ကြတယ်"

"နောက်တော့ ဘယ်လို ပျက်စီးသွားတာလဲ"

"အဲဒီမြို့မှာ နေကြတဲ့ လူတွေက ပြင်ပလောကနဲ့ အဆက်အသွယ်ပြတ်ပြီး သီးခြားကမ္ဘာတစ်ခုလို နေကြတော့ နှစ်ပေါင်းကြာလာတော့ မျိုးဆက် ပြတ်ပြီးတော့ မြို့ပျက်ခဲ့ရတာပဲ"

"သုဝဏ္ဏပဗ္ဗတ မြို့ကြီး ပျက်စီးသွားတာ နှစ်ပေါင်း ဘယ်လောက်ကြာပြီလဲ"

"နှစ်ပေါင်း တစ်ထောင်ကျော်ခဲ့ပြီပေါ့"

"ဒါထက် ဒီကျောက်စိမ်းရုပ်တုတစ်ပိုင်းက မြန်မာပြည် ကို ဘယ်လို ရောက်လာတာလဲ"

"လွန်ခဲ့တဲ့တစ်ချိန် သုဝဏ္ဏပဗ္ဗတ မြို့ဟောင်းကို မြန်မာပြည်က လူတစ်ဦး ခေါင်းဆောင်တဲ့ လူသုံးယောက် ရောက်လာကြတယ်၊ အဲဒီလူတွေထဲက လမ်းပြ တစ်ယောက်က ကျောက်စိမ်းရုပ်တု တစ်ပိုင်းကို ဖက်ယူပြီးတော့ မြန်မာပြည်ကို ရောက်အောင် ပြန်ခဲ့နိုင်တယ်"





ထိုစကား ကြားသောအခါ ဆရာကြီးသူရွှေ ပြောပြသော အကြောင်းများထဲ၌ သုဝဏ္ဏပဗ္ဗတ မြို့ဟောင်းသို့ ဦးဒိဗ္ဗတို့ တစ်တွေ ရောက်ခဲ့ကြသည့်အကြောင်း ပါလေရာ ဦးဒိဗ္ဗတို့ ပေးပို့သည့် မှတ်တမ်းများကို ယူဆောင်ခဲ့သူပင် ဖြစ်ရမည်ဟု တွေးမိသည်။

"သူယူလာခဲ့တဲ့ ရုပ်တုက တစ်ပိုင်းပါ၊ ကျန်တဲ့တစ်ပိုင်း က သုဝဏ္ဏပဗ္ဗတမှာပဲ ကျန်ခဲ့ပါတယ်၊ ဒီတော့ ရှင်သွားရင် ဒီကျောက်စိမ်းရုပ်တုတစ်ပိုင်းကို တစ်ပါတည်း ယူသွားပြီးတော့ သုဝဏ္ဏပဗ္ဗတ ရောက်အောင် ပြန်ပို့ပေးပါ၊ ဒီလိုပြန်ပို့ပေးရင် ရှင့်အတွက် အကျိုးကျေးဇူးတွေ ရပါလိမ့်မယ်"

ဟု ပြောဆိုကာ တဖြည်းဖြည်းနှင့် မြင်ကွင်းမှ ဝေဝါး ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်မှာ အထိတ်တလန့် ဖြစ်ကာ အိပ်ပျော်သလိုဖြစ်ရာမှ လန့်နိုးလာလေတော့သည်။

သူသည် နိုးလျှင်နိုးခြင်း အိပ်ရာမှထ၍ ကျောက်စိမ်း ရုပ်တု တင်ထားသော စားပွဲပေါ်သို့ သွားကြည့်သောအခါ ညဦးက သူ တင်ထားသည့်အတိုင်း ဂ္ခြရာလက်ရာမပျက် ရှိနေသည်ကို တွေ့ရလေသည်။

စိတ်ထဲမှာတော့ 'အတော်ထူးဆန်းတာပဲ' ဟု တွေးနေ မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုညက ပြန်အိပ်ရန် ကြိုးစားသော်လည်း ကောင်းစွာ အိပ်မပျော်ခဲ့ပေ။

အဘယ်ကြောင့် ဆိုသော်...

အိပ်ပျော်ကာနီးတိုင်း သူ့အိပ်ခန်းအတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော အမျိုးသမီး တစ်ယောက်၏ ပုံရိပ်သဏ္ဌာန်ကို ခပ်ဝါးဝါး တွေ့မြင်နေရသောကြောင့် ဖြစ်လေသည်။

ဤသို့ဖြင့် နံနက်လင်းသည့် တိုင်အောင် ကောင်းစွာ မအိပ်ရဘဲ ရှိနေရာမှ နံနက် ကိုးနာရီအချိန်လောက် ရောက်သောအခါ ရှေးဟောင်းသုတေသနဌာနမှ ဦးမင်းဟန် ရောက်လာလေသည်။

ခြံဝင်းအတွင်းသို့ မောင်းဝင်လာသော လင့်ရိုဗာကားသံကြားကတည်းက ကိစ္စတစ်ခုခု ထူးလိမ့်မည်ဟု စိတ်ထဲမှ ကြိုတင်တွက်ဆမိရာ ဦးမင်းဟန်ကို မြင်သောအခါ သိပ်မအံ့သြမိတော့ပေ။

ဦးမင်းဟန်က ခရီးရောက်မဆိုက်ပင်...

"ဒေါက်တာ ခရီးထွက်ရာက ပြန်ရောက်ရုံပဲ ရှိသေးတယ်၊ အရေးကြီးတဲ့ကိစ္စက တစ်ခါတည်း တန်းရောက်လာတာပဲဗျို့"

ဟု ပြောသည်။





"ဘာကိစ္စလဲဗျ"

"ဒီမှာလေ... ဒီဘရူဂါကနေတစ်ဆင့် လီဒိုက ခတ္တိယ ရှေးဟောင်းပြတိုက်ကြီးကို အကြောင်းကြားစာ တစ်စောင် ပို့ပေးလိုက်တယ်၊ အဲဒီစာကို ပြတိုက်ကြီးက တာဝန်ရှိတဲ့သူတွေက ကျွန်တော်တို့ ရှေးဟောင်း သုတေသနဌာနကို တစ်ဆင့်ပို့ပေးလိုက်တာပဲ"

ဟု ပြောကာ ငုံးယူဆောင်လာသော အညိုရောင် စာအိတ်ရှည်တစ်လုံးကို ပေးလေသည်။

မြန်မာနိုင်ငံမှ ရှေးဟောင်းသုတေသန လိပ်စာ တပ်ထားသော စာအိတ်ကို ဖောက်၍ အတွင်းမှစာကို ဖတ်ကြည့်သောအခါ...

သုဝဏ္ဏပဗ္ဗတ မြို့ဟောင်းရှာဖွေရန် ခရီးထွက်သွားသော အဖွဲ့မှာ ဟိမဝန္တာတောနက်ကြီးများထဲတွင် ပျောက်ဆုံးသွားကြရာ ဒီဘရူဂါမှ တာဝန်ရှိသူများက နည်းအမျိုးမျိုးနှင့် ကြိုးစားရှာဖွေပါသော်လည်း မတွေ့ရသဖြင့် မြန်မာနိုင်ငံသို့ လှမ်းပြီး အကြောင်းကြားစာ ရေးပို့လိုက်ခြင်း ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ဦးမင်းဟန်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။

"ဒီက တာဝန်ရှိတဲ့ လူတွေကတော့ အခြေအနေ သိရအောင် စုံစမ်းစေချင်တယ်၊ ဒီလောက်ဝေးလံတဲ့ ခရီးမျိုး



www.burmeseclassic.com

www.burmeseclassic.com

ကျတော့လည်း တခြားလူတွေနဲ့ ဖြစ်မယ်မထင်ဘူး၊ ဒါကြောင့် ဒေါက်တာဆီကိုလာပြီး အကူအညီ တောင်းရတာပါပဲ"

ဦးမင်းဟန်က အကျိုးအကြောင်းပြောပြပြီး လာရင်း ကိစ္စကိုပါ တစ်ပါတည်း ပြောလေသည်။

"ဒီကိစ္စကို ကျွန်တော် စိတ်ဝင်စားပါတယ်၊ တကယ်လို့ သွားဖြစ်မယ်ဆိုရင် ဦးမင်းဟန်တို့အနေနဲ့ ဘယ်လိုအကူအညီ ပေးနိုင်သလဲ"

"ဒီခရီးကို ဆရာ လက်ခံမယ်ဆိုရင်တော့ ဝမ်းသာ စရာပေါ့၊ ခရီးစဉ်အတွက်တော့ ဘာမှမပူပါနဲ့၊ ဒီကနေ လီဒို ရောက်တဲ့အထိ ကျွန်တော်တို့ အားလုံး စီစဉ်ဆောင်ရွက်ပေး ပါ့မယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ ကျေနပ်သွားလေသည်။

အဘယ်ကြောင့် ဆိုသော်...

ထိုခရီးစဉ်ကို မိမိအစီအစဉ်ဖြင့် သွားရန် စိတ်ကူးနေခဲ့ မှာပင် ထိုကဲ့သို့ အစီအစဉ်မျိုး ပေါ်လာသောကြောင့် များစွာ အဆင်ပြေသွားလေသည်။ သို့ကြောင့်...

ဦးမင်းဟန် ပြောသည့်ကိစ္စကို သဘောတူ လက်ခံပါ ကြောင်း ပြောလိုက်သောအခါ ဦးမင်းဟန်လည်း စိတ်လက် ပေါ့ပါးစွာဖြင့် ပြန်သွားလေတော့သည်။





ထို့နောက်တွင် ခရီးရောက်မဆိုက် ဆိုသလို ခရီး သတ်မှတ်ရန်အတွက် ခရီးသွားဖော် မိတ်ဆွေများနှင့် တိုင်ပင်ကာ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ရလေသည်။

ထိုသို့ စီစဉ်နေသော ရက်အတွင်းမှာပင် သူ့အိမ်သို့ မမျှော်လင့်သော ဧည့်သည်တစ်ဦး ရောက်လာပြန်လေသည်။ ထိုသူမှာ အခြားမဟုတ်ဘဲ အရပ်အမောင်း ပုလွန်းလှသည့် လူပုလေးမိတ္တပင် ဖြစ်သည်။

"ဒေါက်တာမင်းထင်ကျော် ဆိုတာ..."

"ကျွန်တော်ပါပဲ"

"ကျုပ်က ဒီဘရှူဂါက လာခဲ့တာပါ၊ ဆရာရဲ့မိတ်ဆွေ ဦးဗန်ကောင်း လွှတ်လိုက်တဲ့လူပါ"

"ဟင်... ဦးဗန်ကောင်း..."

ဒေါက်တာမင်းထင်ကျော်မှာ ဦးဗန်ကောင်း ဟူသော အမည်ကို ကြားရသောအခါ များစွာ စိတ်ဝင်စားမိလေသည်။

"ဦးဗန်ကောင်းကို တွေ့ခဲ့ရသလား၊ သူနဲ့ ဘယ်မှာ တွေ့တာလဲ"

"ကျုပ်နဲ့ စတွေ့တာကတော့ ဒီဘရှူဂါမှာပဲ၊ သူ့ကို နောက်ဆုံး တွေ့လိုက်ရတာကလည်း ဒီဘရှူဂါမှာပါပဲ"

"ဟင်..."


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ မြန်မာလူမျိုးတွေရဲ့ စိတ်ဓာတ်နဲ့ ဖွဲ့သတ္တိကိုတော့ ချီးကျူးရမှာပဲ၊ သူဟာ အဲဒီခရီးစဉ်ကို သွားဖို့ အတော့်ကို စိတ်အားထက်သန်ခဲ့တယ်၊ သူက တစ်ပါတည်း လိုက်ခဲ့ဖို့ ခေါ်ပေမယ့် မလိုက်ဖြစ်ခဲ့ဘူး၊ နောက်တော့ သူတို့တစ်ဖွဲ့လုံး ပျောက်သွားပြီ သတင်းကြားတော့မှ ကျုပ် လိုက်သွားခဲ့တာ"

"အဲဒီလို လိုက်သွားတော့ တွေ့ခဲ့လားဟင်"

"မတွေ့ရတော့ပါဘူး... သူက လူနီရိုင်း တစ်ဦးကို ရေးပေးလိုက်တဲ့ စာတစ်စောင်ကိုတော့ ရတယ်"

လူပုလေးမိတ္တက ဟောင်းနွမ်း စုတ်ပြတ်လျက်ရှိသော စာရွက်ခေါက်ကလေးကို ထုတ်ပေးလေသည်။

ထိုစာထဲမှာ သူတို့ သေမင်းတံခါးဝ ဟုခေါ်သော တောနက်ကြီးအတွင်းသို့ ရောက်နေပြီး အန္တရာယ်များနှင့် ရင်ဆိုင်နေကြရပုံများကို ရေးသားထားလေသည်။

"နောက်တော့ ဒီဘရူဂါက လူတွေက အကူအညီတောင်းတာနဲ့ သူတို့သတင်းကို စုံစမ်းဖို့ ကျုပ် သူတို့နောက်ကို လိုက်သွားခဲ့တယ်"

"ဒီတော့ အခြေအနေ ဘယ်လို သိခဲ့ရသလဲ"

"နောက်တော့ သူတို့ နောက်ဆုံး စခန်းချသွားခဲ့တဲ့ နေရာကို ရောက်သွားခဲ့တယ်၊ အဲဒီရွာရောက်တော့ မရစ်





ဆိုတဲ့ လူနဲ့ တွေ့ပြီး သူက ဓားတစ်လက်နဲ့ စာတစ်စောင် ပေးတယ်"

ဟု ပြောကာ မိတ္တက နောက်ထပ် စာရွက်ဟောင်း တစ်ခုကို ထုတ်ပေးပြန်သည်။

ဒေါက်တာမင်းထင်ကျော်က ဦးဗန်ကောင်း ရေးထားခဲ့သော စာရွက်ကလေးကို ဖတ်ကြည့်ပြီး မိတ်ဆွေကြီးအတွက် စိတ်မကောင်း ဖြစ်မိလေသည်။

"ကျုပ်လည်း သူတို့နောက်ကို ဆက်လိုက်သွားဖို့ ကြိုးသေးတယ်၊ ဒါပေမယ့် မိုးရာသီ ရောက်တော့မှာမို့ ပြန်လှည့်ခဲ့ရတယ်"

"ဒါဖြင့် အဲဒီခရီးလမ်းတွေကို ခင်ဗျား ကောင်းကောင်း မှတ်မိတယ်ပေါ့"

"ကျုပ်က ကျောက်စိမ်းတောင်အထိ ရောက်အောင် တစ်ခေါက် နှစ်ခေါက် သွားခဲ့ဖူးပါတယ်၊ နောက်ပြီး အဲဒီ တောနက်တွေထဲမှာ ကျုပ်ကို ခင်မင်လေးစားတဲ့ လူနီရိုင်းတွေ ရှိပါတယ်"

"ဒီလိုဆိုတော့လည်း ဟန်ကျတာပေါ့၊ ကျွန်တော်က လည်း ဦးဗန်ကောင်းတို့ နောက်ကို လိုက်ဖို့ စီစဉ်နေတာပဲ"

"ဒါပေမယ့် ဆရာ့ကို တစ်ခုတော့ ကြိုပြောထားမယ်၊ အခုသွားမယ့် ခရီးမျိုးက အန္တရာယ်တော့ အလွန်များတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုနေရာမျိုးသွားရင် အန္တရာယ်ကတော့ တွေ့မှာပဲ၊ ဒါတွေကို မကြောက်ပါဘူး။ ဒါထက် ခင်ဗျားက ကျောက်စိမ်းတောင်အထိ ရောက်ဖူးတယ် ဆိုတော့ သုဝဏ္ဏပဗ္ဗတမြို့ဟောင်းကိုရော တွေ့ခဲ့လား"

"တောင်ထိပ်ပေါ် အထိတော့ မရောက်ခဲ့ပါဘူး"

"မိတ္တာက အဲဒီဘက်နယ်ကို ကျွမ်းကျင်တဲ့လူ ဆိုတော့ ပစ္စည်းလေးတစ်ခု ပြရဦးမယ်"

ဟု ပြောကာ မိမိအိပ်ခန်းစားပွဲပေါ်မှာ တင်ထားသော ခါးတစ်ပိုင်းပြတ် ကျောက်စိမ်းရုပ်တုကို ယူလာပြီး လူပုလေး မိတ္တာကို ပေးလိုက်သည်။

မိတ္တာသည် ဒေါက်တာမင်းထင်ကျော် ပေးသော ကျောက်စိမ်းရုပ်ကို အသေအချာကြည့်ပြီးနောက် အထိတ်တလန့် ဖြစ်သွားလေတော့သည်။

"ဆရာ... ဒီ... ဒီအရုပ်ကို ဘယ်,.. ဘယ်က ရတာလဲ"

"ကျွန်တော့်မိတ်ဆွေ တစ်ယောက် ပေးတာပါ၊ ဘာဖြစ်လို့လဲ"

"ဒီအရုပ်ဟာ သာမန်အရုပ် မဟုတ်ဘူး။ လူရိုင်းတွေ အင်မတန်ကြောက်တဲ့ သုဝဏ္ဏဒေဝီ နတ်ရုပ်ပဲ"

"ဟင်..."





"ဟုတ်တယ်၊ ဒီရုပ်တုကိုမြင်ရင် လူရိုင်းတွေက ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြတယ်၊ ဆရာ ဒီအရုပ်ကို အခုလို ရတာ ကံကောင်းတာပဲ"

"ဘာကြောင့်လဲ"

"သေမင်းတံခါး၀ လို့ ခေါ်ကြတဲ့ တောနက်ကြီးထဲမှာ ကျူပ်တို့တစ်တွေရဲ့ အသက်ကို သုဝဏ္ဏဒေဝီ နတ်ရုပ်က ကာကွယ် စောင့်ရှောက်ပေးပါလိမ့်မယ်"

ဟု ပြောလေရာ ဒေါက်တာမင်းထင်ကျော်မှာ များစွာ အံ့သြနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

## ချာဇမ်ယီလူရိုင်းများနှင့် တိုက်ခိုက်ကြခြင်း

နောက်ပိုင်းရက်များတွင် ရှေးဟောင်း သုတေသနဌာနမှ ဦးမင်းဟန်တို့ စီစဉ်ပေးမှုဖြင့် ပူတာအိုသို့ ရောက်သည်အထိ လေယာဉ်ပျံဖြင့်သွားခွင့်ရပြီး ထိုမှတစ်ဆင့် ချောကန်တောင်ကြားလမ်းမှ လီဒိုသို့ ရောက်အောင် ခရီးဆက်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့်အတူ ဆရာကြီးသူရရွှေ၊ စာရေးဆရာ အောင်မင်းအောင်၊ စောထီး၊ ငမဲအောင်နှင့် ဦးမွန်ထော်တို့လည်း လိုက်လာကြလေသည်။

လီဒိုသို့ ရောက်သောအခါ ရက်အတန်ကြာအောင် နားကြကာ ခတ္တိယ ရှေးဟောင်းပြတိုက်ကြီးသို့ သွားရောက်





ပြီး ဦးဒိဗ္ဗတို့ ပေးပို့ခဲ့သော မှတ်တမ်းများကို လေ့လာကြလေသည်။

ဆရာကြီးသူရရွှေ၊ ဒေါက်တာမင်းထင်ကျော်နှင့် စာရေးဆရာ အောင်မင်းအောင်တို့မှာ ဦးဒိဗ္ဗတို့ ပေးပို့ထားသည့် မှတ်တမ်းများကို အကြိမ်ကြိမ်လေ့လာ၍ လိုအပ်သည့် အချက်အလက်များကို ကူးယူကြလေသည်။

ထိုသို့ လေ့လာကြရင်းမှပင် ဆရာကြီးသူရရွှေက...

"ဒီမှတ်တမ်းတွေကို လေ့လာကြည့်တဲ့အခါ ဘယ်သူမှ ရှာမတွေ့သေးတဲ့ နေရာတစ်ခုကို ကျုပ်တို့ မြန်မာလူမျိုးတွေ ရောက်ခဲ့တယ် ဆိုတာကတော့ ဂုဏ်ယူစရာပဲ"

ဟု ပြောလေရာ စာရေးဆရာ အောင်မင်းအောင်က...

"ဒါပေါ့... ဆရာကြီးရယ်၊ ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ စွန့်စားတဲ့ သတ္တိကို အားလုံးသိကြရတာပေါ့၊ အခု ဦးဇန်ကောင်းတို့ ကိစ္စဆိုရင်လည်း ခတ္တိယ ရှေးဟောင်းပြတိုက်ကြီးက လူတွေရော၊ ဒီဘရူဂါမှာ ရှိတဲ့လူတွေပါ စိတ်ဝင်စားနေကြတာ မဟုတ်လား"

ဟု ဝင်ပြောလေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က...

"ကျွန်တော် လေ့လာမိသလောက် ပြောရရင်တော့ 'သုဝဏ္ဏပဗ္ဗတ' ဆိုတဲ့ ပျောက်ဆုံးနေတဲ့ ဂမ္ဘီရမြို့တော်ကြီးကို


www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယတစ်နယ်လုံးသာမကဘူး၊ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ နီပေါ၊ တိဗက်နဲ့ တရုတ်က လူတွေကပါ စိတ်ဝင်စားနေကြတာ အမှန်ပဲ"

ဟု ပြောသည်။

"ဒီလိုဖြင့် သူတို့တစ်တွေလည်း သူတို့နည်း သူတို့ဟန်နဲ့တော့ ရှာကြမှာပေါ့"

"မရှာကြဘဲ ဘယ်နေပါ့မလဲ၊ ရှာကြတာပေါ့၊ မှတ်တမ်းဟောင်းတွေ အရဆိုရင် သူတို့လည်း အကြိမ်ကြိမ် သွားခဲ့ကြတာပဲ၊ ဒါပေမယ့် အဲဒီတောနက်ကြီးထဲကို ဝင်သွားတဲ့လူ မှန်သမျှ တစ်ယောက်မှ ပြန်မလာနိုင်ကြဘူး"

"တယ်လည်း ကြောက်စရာ ကောင်းပါလား"

"ဒါကြောင့်လည်း ဟိမဝန္တာတောနက်ကြီးဆိုတဲ့ အမည်ကနေ သေမင်းတံခါးဝ ဆိုတဲ့အမည် တွင်ခဲ့ရတာပေါ့"

"ဒါဖြင့် ဘယ်သူမှ အောင်မြင်အောင် မစွမ်းဆောင်နိုင်တဲ့ လမ်းကို ကျုပ်တို့တိုင်းပြည်က ဦးဒိဗ္ဗဆိုတဲ့ လူက ပထမဦးဆုံး ရောက်သွားခဲ့တာပေါ့၊ သူပို့ပေးလိုက်တဲ့ မှတ်တမ်းတွေကို မြင်ရတော့မှ ပျောက်ဆုံးနေတဲ့ ဂမ္ဘီရမြို့တော်ဆိုတာ တကယ်ရှိကြောင်းနဲ့ အဲဒီနေရာမှာရှိတဲ့ ရတနာပစ္စည်းတွေအကြောင်းကို အားလုံးက သိကြရတာပေါ့... ဟုတ်လား"





"အမှန်ပါပဲ... ဒါပေမယ့် အဲဒီနေရာကို ဦးဒိဗ္ဗတို့အရင် ဘယ်သူမှ မရောက်ခဲ့သလို ဦးဒိဗ္ဗတို့ရဲ့ နောက်မှာလည်း ဘယ်သူမှ ရောက်ကြသေးဟန် မရှိသေးပါဘူး"

"အံ့ဩစရာပဲ"

"ဟုတ်တယ်၊ ဒီလောက် အံ့ဩစရာကောင်းလို့လည်း ဒီမှတ်တမ်းတွေရှိနေတဲ့ ခတ္တီယ ရှေးဟောင်းပြတိုက်ကြီးဟာ အိန္ဒိယမှာသာမကဘူး၊ ကမ္ဘာကပါ စိတ်ဝင်စားတာကိုပါ ခံရတာပေါ့"

"ဦးဇန်ကောင်းတို့ ပျောက်နေတဲ့ကိစ္စမှာ သူတို့တစ်တွေ အားကြီးမာန်တက် အကူအညီ ပေးနေကြတာ ဒါကြောင့်ပဲ ဖြစ်မယ် ထင်တယ်"

ထိုသို့ ပြောဆိုကြပြီး ဦးဒိဗ္ဗ ပို့ထားသော မှတ်တမ်းများကို တစ်ခုမကျန် ကူးယူမှတ်သားကြပြီး လီဒိုမှ ဒီဘရူဂါ ရောက်အောင် ခရီးဆက်ကြလေသည်။

ဒီဘရူဂါသည် လူပုလေးမိတ္တာ နေထိုင်သည့်မြို့ ဖြစ်သောကြောင့် တည်းခို နေထိုင်ရေး အခက်အခဲ မရှိသလောက်

ထိုနေရာသို့ ရောက်သောအခါ ဦးဇန်ကောင်းတို့နှင့် ပတ်သက်သည့် သတင်းကွင်းဆက် အတော်များများကို ရရှိကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုထက် သုဝဏ္ဏပဗ္ဗတသို့ ရောက်ရှိသွားခဲ့သော ဦးဒိဗ္ဗတို့နှင့် ပတ်သက်သော သတင်းဟောင်း အချို့ကို ထပ်မံကြားသိရသောကြောင့် များစွာ အားတက်မိလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲတွင်...

"အင်း... ဒီလိုဆိုရင် ပျောက်ဆုံးနေတဲ့ သုဝဏ္ဏပဗ္ဗတ မြို့ဟောင်းဆိုတာ ဒဏ္ဍာရီပုံပြင်ထဲကလို စိတ်ကူးနဲ့ ဖန်တီးထားတဲ့ နေရာတစ်ခု မဟုတ်တာတော့ သေချာတယ်၊

ဒီအတိုင်းဆိုရင် ဦးဒိဗ္ဗတို့ ရောက်သွားကြတယ် ဆိုတာလည်း အမှန်ဖြစ်သလို သုဝဏ္ဏပဗ္ဗတကလည်း ဒီဟိမဝန္တာတောင်တန်းကြီးတွေရဲ့ တစ်နေရာမှ အမှန်တကယ် ရှိနေတယ်ဆိုတာ သေချာနေပြီ၊

ဒီအချက်တွေသာ မှန်မယ်ဆိုရင်တော့ ဦးဗန်ကောင်းတို့တစ်တွေလည်း လူရိုင်းတွေ လက်ချက်နဲ့ အသက်မသေကြသေးဘူး ဆိုရင်တော့ သုဝဏ္ဏပဗ္ဗတကို ရောက်ကြမှာအမှန်ပဲ"

ဟု တွေးမိလေသည်။

ဒီဘရူဂါသို့ရောက်လျှင် လူပုလေးမိတ္တာက ခရီးအတွက် လိုအပ်သည့် ပစ္စည်းများကို စုဆောင်းခြင်း၊ ခရီးစဉ်အတွက် အသုံးတည့်မည့် လူများကို ရှာဖွေ စုဆောင်းလေသည်။

ထိုမြို့သို့ ရောက်သောအခါ ဆရာကြီးသူရဇ္ဇက...





"မောင်ထင်ကျော်... ဒီမှာစုံစမ်းလို့ရတဲ့ သတင်းတွေ အတိုင်းဆိုရင်တော့ လမ်းခရီးမှာ အနှောင့်အယှက် အန္တရာယ်တွေကို ကျော်သွားနိုင်ရင် သုဝဏ္ဏပဗ္ဗတကို မုချ ရှာတွေ့မှာ သေချာတယ်"

ဟု ပြောလေသည်။

"ဟုတ်တယ် ဆရာကြီး၊ သေမင်းတံခါးဝ တောနက်ကြီး အတွင်းက လူသားစား လူရိုင်းတွေ၊ ခေါင်းဖြတ် လူရိုင်းတွေရဲ့ ရန်ကို ကျော်နိုင်ရင်တော့ ကျွန်တော်တို့ ရည်ရွယ်ချက် အောင်မြင်မှာပဲ၊ ဒါထက် အရင်က ဆရာကြီး ဒီနယ်ဘက်တွေကို ရောက်ဖူးတယ် မဟုတ်လား"

"ကျုပ် ဟိမဝန္တာ တစ်ကြောကို လှည့်ခဲ့စဉ်ကတော့ ရောက်ခဲ့ဖူးပါတယ်၊ ဒီကနေသွားရင် လူပုလေးမိတ္တာ ရောက်ခဲ့တဲ့ ဆင်သေစခန်း အထက်ပိုင်းမှာရှိတဲ့ အင်ဒီးယန်း လူရိုင်းရွာအထိ ရောက်ခဲ့ဖူးပါတယ်၊ အဲဒီရွာရဲ့ မလှမ်းမကမ်းမှာ ရှိတဲ့ ကျောက်ဂူထဲမှာ စိတ်စွမ်းအား လေ့ကျင့်မှု အားကောင်းတဲ့ မဟိန္ဒ ဆိုတဲ့ လူတစ်ယောက်နဲ့တောင် မိတ်ဆွေ ဖြစ်ခဲ့ဖူးပါတယ်၊ သူက တောထဲမှာ အနေကြာလာတော့ လူတွေရဲ့ စိတ်သာမကဘူး၊ တိရစ္ဆာန်တွေရဲ့ စိတ်ကိုပါ နားလည်တဲ့ လူတစ်ယောက်ပဲ"

"အတော်ထူးဆန်းပါလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် မောင်ထင်ကျော်၊ လောကမှာ သိနားလည်ဖို့ အခက်ခဲဆုံးက လူတွေရဲ့ စိတ်ပဲ၊ လူ့ရဲ့စိတ်ကို နားလည်အောင် လေ့ကျင့်နိုင်ရင် ကျန်တဲ့ တိရစ္ဆာန်တွေရဲ့ စိတ်ကို သိနိုင်ဖို့ မခဲယဉ်းတော့ဘူး"

"ဘယ့်လိုကြောင့်လဲ ဆရာကြီး"

"ဘာကြောင့်လဲဆိုတော့ တိရစ္ဆာန်တွေမှာ ရက်စက်ကြမ်းကြုတ်တာပဲ ရှိတယ်၊ ကောက်ကျစ်တာ မရှိကြဘူး"

ထိုစကား ကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာ သဘောကျသွားလေသည်။

"အဲဒီရွာ ရောက်တဲ့အခါ မဟိန္ဒနဲ့ မောင်ထင်ကျော်ကို တွေ့ပေးပါ့မယ်၊ သူနဲ့တွေ့ရင် ခရီးလမ်းနဲ့ ပတ်သက်တဲ့ အကူအညီတွေ အများကြီး ရနိုင်ပါတယ်"

"ဒါဖြင့် ဆရာကြီးကရော..."

"ကျုပ်ကတော့ အဲဒီရွာမှာပဲ စောင့်နေခဲ့တော့မယ်၊ မဟိန္ဒနဲ့ တွေ့ရင် သူနဲ့အတူ လေ့လာ ဆွေးနွေးစရာတွေ အများကြီး ရှိတယ်"

ဟု ပြောလေသည်။

သူတို့အဖွဲ့သည် ဒီဘရူဂါမှာ ရက်အတန်ကြာအောင် နေကြပြီး လိုအပ်သော ရိက္ခာ၊ လက်နက်၊ ဆေးဝါး၊ အသုံးအဆောင်များကို ထပ်မံ ဖြည့်ဆည်းကာ ခရီးဆက်ခဲ့ကြလေသည်။





သူတို့သည် လူပုလေးမိတ္တာ လမ်းပြပေးမှုကြောင့် ယခင်လူများ သွားခဲ့သည့် လမ်းဟောင်းများမှ မသွားကြဘဲ ဖြတ်လမ်းများကို အသုံးပြု၍ သွားခဲ့ကြရာ တစ်လကျော်မျှကြာသောအခါ သေမင်းတံခါးဝ ဟု အမည်တွင်သော တောနက်ကြီး အစပ်၌ရှိသော အင်ဒီးယန်း ရွာကလေးသို့ ရောက်သွားကြလေသည်။

ထိုရွာကလေးမှ အင်ဒီးယန်း လူရိုင်းခေါင်းဆောင် မရစ်ဆိုသူမှာ လူပုလေးမိတ္တာအား ခင်မင်လေးစားသူ ဖြစ်သောကြောင့် ခရီးသည်များ တည်းခိုရန်အတွက် တဲကြီးတစ်လုံး ပေးထားလေသည်။

ထို့ပြင် ၎င်းတို့ ရှာဖွေ စုဆောင်းထားသော အသားခြောက်၊ ပျားရည်နှင့် ၄က်ဥ၊ ဖွတ်ဥများကို လာရောက်ပို့ပေးကြသည်။

ဒေါက်တာမင်းထင်ကျော်တို့ကလည်း လူရိုင်းနေရာများသို့ ခရီးသွား အတွေ့အကြုံ ရှိသူများဖြစ်သဖြင့် ၎င်းတို့ နှစ်သက်သော အသုံးအဆောင်ပစ္စည်းများကို လက်ဆောင်ပြန်ပေးသောအခါ များစွာသဘောကျကြလေသည်။

ဆေးတံ၊ ဆေးတံသောက်ဆေး၊ အရက်၊ အဝတ်အစားနှင့် ဓားတို၊ ဓားရှည်များကို အထူးပင် နှစ်သက်သဘောကျလေသည်။


www.burmeseclassic.com

www.burmeseclassic.com

"အင်း... သူတို့လာပေးတဲ့ အစားအသောက်တွေက တော့ ကောင်းပါရဲ့၊ ဒါပေမယ့် ဒီဥတွေက ငှက်ဥ၊ ဖွတ်ဥတွေမှ ဟုတ်ကြရဲ့လား မသိဘူး၊ တော်ကြာ မြွေဥတွေ ဖြစ်နေရင် တော့ အခက်ပဲ"

ဟု ငမဲအောင်က ဝါးကျည်တောက်တစ်လုံးဖြင့် ဥများကို ပြုတ်နေရင်းမှ တွေးတွေးပူပူ ပြောလိုက်လေသည်။

"ဒီလောက်လည်း တွေးကြောက်မနေပါနဲ့ ငမဲအောင် ရယ်၊ သူတို့က တောထဲမှာ အမြဲနေကြတဲ့ လူတွေဆိုတော့ အန္တရာယ်ကို ပိုသိကြပါတယ်၊ မြွေဥတော့ ယူမလာပါဘူး"

ဟု စောထီးက ပြောသည်။

ထိုအခါ မုဆိုးဝါရင့်နေသော ဦးမွန်ထော်က...

"ကြောက်တတ်တဲ့လူ မစားဘဲ နေပေါ့ကွာ၊ စကားပုံ ရှိတယ်၊ အကောင်းဆုံး၊ အဆိမ့်ဆုံး၊ အရသာ အရှိဆုံး အစားအစာတွေထဲမှာ 'ဖွတ်ဥ၊ လိပ်သည်း၊ ကျွဲနို့ခဲ' ဆိုတဲ့ အစားအစာတွေက အကောင်းဆုံးပဲတဲ့၊ ဖွတ်ဥ ဆိုတာ အတော်ရှားတယ်၊ ဒီလို တောထဲ တောင်ထဲ ရောက်မှ စားရတာ၊ ဘာပဲဖြစ်ဖြစ် မစားဝံ့တဲ့သူ နေပေါ့ကွာ၊ တို့ကတော့ စားရမှာပဲ"

ဟု ပြောကာ ပြုတ်ထားပြီးသား ဥတစ်လုံးကို အခွံခွာ၍ စားရန်ပြင်သောအခါ စာရေးဆရာ အောင်မင်းအောင်က အိတ်ထဲမှ ဆားဘူးကို ထုတ်ကာ ချပေးရင်း...





"ဦးမွန်ထော် ပြောသလို ဥတွေထဲမှာ ဖွတ်ဥ အကောင်း ဆုံး ဆိုပေမယ့် သူ့ချည်းပဲတော့ မဟုတ်ဘူးဗျ၊ ဆားပါမှ ပိုကောင်းတာ၊ ရော့... ဒီမှာ ဆားဘူး"

ဟု ပြောလိုက်ရာ အဖွဲ့သားများမှာ ဝါးကျည်တောက်နှင့် ပြုတ်ထားသော ဥများကို ခွာလိုက် ဆားဖြင့် တို့စားလိုက်နှင့် သဘောကျနေကြလေသည်။

ညဘက် ရောက်သောအခါ တဲစုများ ရှိရာဘက်မှ ကလတက်ခေါက်သံ၊ တုံးခေါက်သံများနှင့်အတူ ဆူဆူညံညံ အသံများ ကြားရလေသည်။

သို့ကြောင့် အိပ်ရာမှ ထ၍ကြည့်ကြသောအခါ ဟိုမှ သည်မှ ပြေးလွှားနေကြသည့် အင်ဒီးယန်း လူရိုင်းအချို့ကို လှမ်းမြင်ရသည်။

လူပုလေးမိတ္တက အပြင်ထွက်ပြီး စနည်းနာသည်။

"ကေန္တ သူတို့ရဲ့ဥတွေကို ယူစားမိလို့ တောထဲက မြွေတွေများ အုပ်စုလိုက် လိုက်လာရော့သလား"

ဟု စောထီးက ပြောသည်။

ထိုအခါ အပြင်မှ တဲအတွင်းသို့ ပြန်ဝင်လာသော လူပုလေးမိတ္တက...

"အခုလာတာ မြွေတွေထက် ပိုပြီး ကြောက်စရာ ကောင်းတဲ့ ချောဗမ်ထီ ခေါင်းဖြတ် လူရိုင်းတွေတဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်ရာ အားလုံးမှာ အထိတ်တလန့် ဖြစ်သွားကြကာ မိမိတို့ လက်နက်များကိုယူ၍ တိုက်ခိုက်ရန် ပြင်ကြရလေတော့သည်။

အပြင်ဘက်တွင် ရာသီဥတုက သာယာနေသောကြောင့် လရောင်က ရှိနေရာ ပတ်ဝန်းကျင်တစ်ဝိုက်ရှိ လှုပ်ရှားမှုများကို ကောင်းစွာ မြင်တွေ့နေရသည်။

အင်ဒီးယန်း လူရိုင်းများမှာ ၎င်းတို့ တဲများအတွင်းမှ ရေးကြီးသုတ်ပျာ ထွက်လာကြရာ အချို့ဆိုလျှင် အဝတ်ပင် မပါပေ။

သို့သော် လက်ထဲမှာတော့ ဓား၊ လှံ၊ လက်နက်များက လူတိုင်းလိုလို ကိုင်ဆောင်လာကြသည်။

အသက်လုရမည့် တိုက်ပွဲတစ်ပွဲအတွက် အဝတ်အစားထက် လက်နက်က ပို၍အရေးကြီးလေသည်။

အချို့က ဓား၊ အချို့က လေးမြား၊ အချို့က ရဲတင်း၊ အချို့က ဒိုင်းကာနှင့် လှံများ ကိုင်ဆောင်ထားကြလေသည်။

လေးနှင့်မြား ကိုင်ဆောင်ထားကြသူများက မျောက်တစ်ကောင်ကဲ့သို့ လျှင်မြန်စွာဖြင့် သစ်ပင် အမြင့်များပေါ်သို့ တက်သွားကြလေသည်။

သဘာဝ အတွေ့အကြုံများအရ သစ်ပင်မြင့်များအပေါ်မှ ရန်သူကို တိုက်ခိုက်ခြင်းသည် မိမိအတွက် အကာအကွယ်





ရသကဲ့သို့ တစ်ဖက်ရန်သူကိုလည်း အပေါ်စီးမှ တိုက်ခိုက်နိုင်လေသည်။

သူတို့သည် တိုက်ခိုက်ရေးနည်းဗျူဟာများကို ထွေထွေထူးထူး တကူးတက သင်ယူစရာမလိုဘဲ တိုက်ရင်း ခိုက်ရင်းနှင့်ပင် အတွေ့အကြုံ ရင့်ကျက်လာကြခြင်း ဖြစ်၏။

အင်ဒီးယန်းလူရိုင်း အတော်များများ လက်ထဲမှာတော့ လှံရှည်နှင့် အဆိပ်လူးမြားဒဏ်မှ ကာကွယ်နိုင်သည့် သစ်သားပွပွကို ဒိုင်းသဖွယ် ပြုလုပ်၍ အပေါ်မှ ကြွဲသားရေချပ်များ အုပ်ထားလေသည်။

သူတို့ကို ကြည့်ရသည်မှာ တိုက်ပွဲဝင်မည့် သူရဲကောင်းများကဲ့သို့ စိတ်ဓာတ် တက်ကြွလျက် ရှိနေကြသည်။

လှံရှည်ကိုင်ထားသူများက ရှေ့ဆုံးမှ နေရာယူကြ၍ ဓားနှင့် ရဲတင်းများ ကိုင်ထားသူများက နောက်ဘက်မှာ နေရာယူကြလေသည်။

လေးနှင့်မြား ကိုင်ဆောင်ထားသူများက သစ်ပင်မြင့်များ အပေါ်၌ အသီးသီး နေရာယူကြပြီးသောအခါ မလှမ်းမကမ်း တောနက်များအတွင်းမှ အော်ဟစ်ဆူညံသံများ ပေါ်ထွက်လာလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့ အဖွဲ့သားများမှာလည်း သေနတ်များကိုယူ၍ သင့်တော်သော သင့်တော်သော အကာ



www.burmeseclassic.com

www.burmeseclassic.com

အကွယ်နေရာများ၌ နေရာယူကာ တိုက်ခိုက်ရန် ပြင်ရလေတော့သည်။

"ချာဝမ်ထီလူရိုင်းတွေ အတော်များများက ဓားကောက်တွေကို ကိုင်လေ့ရှိကြတယ်၊ လူချင်း ပူးသတ်ပြီး တိုက်ခိုက်လို့ သူတို့နိုင်ရင် ဓားနဲ့ ခေါင်းဖြတ်ယူကြတယ်"

ဟု လူပုလေးမိတ္တက ပြောပြလေသည်။

ခဏကြာတော့ အော်ဟစ်သံများကို ပိုမိုကျယ်လောင်စွာ ကြားရလေသည်။ ချာဝမ်ထီ ခေါင်းဖြတ်လူရိုင်းအုပ်စုများ ရောက်လာကြလေသည်။

လရောင်အောက်မှာ သစ်ပင်များ၊ တောင်ပို့တောင်ကွယ်များကို အကာအကွယ်ယူ၍ အုပ်စုလိုက် တက်လာသော လူရိုင်းများကို လှမ်းမြင်ရသဖြင့် ဒေါက်တာမင်းထင်ကျော်တို့ တစ်ဖွဲ့လုံး လက်ထဲမှာ ကိုင်ထားသော သေနတ်များဖြင့် တစ်ပြိုင်နက် လှမ်းပစ်ကြလေတော့သည်။

"ဒိုင်း...ဒိုင်း...ဒိုင်း...ဒိုင်း..."

သေနတ်သံများမှာ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသောကြောင့် ပတ်ဝန်းကျင် တစ်ခုလုံး ရေပွက်သံအလားဆူညံသွားလေတော့သည်။

စောစောက ကျောက်ခေတ် လူသားအချင်းချင်း တိုက်ခိုက်နေကြသည့် တိုက်ပွဲ ပုံသဏ္ဌာန်မှာ ခေတ်မီသေနတ်သံ





များကြောင့် ချက်ချင်းဆိုသလို ပုံသဏ္ဌာန် ပြောင်းသွားလေတော့သည်။

အစုလိုက် အပြုံလိုက် ပြေးတက်လာသော လူရိုင်းအုပ်စုများမှာ သေနတ်ကျည်ဆန်များ ထိမှန်လိုက်သောကြောင့် ကိုင်းတောကို ဓားဖြင့် ပိုင်းချလိုက်သလို အပြုံးအရိုင်းလဲကျသွားလေသည်။

ဓား၊လှံများဖြင့်သာ အနီးကပ် တိုက်ခိုက်နိုင်သော လူရိုင်းအုပ်စုများမှာ အဝေးမှပစ်လိုက်သော ကျည်ဆန်များဒဏ်ကို ဘယ်လိုမှ မခံနိုင်ကြဘဲ တဖြည်းဖြည်းနှင့် အရေးနိမ့်လာကြလေတော့သည်။

ထိုအခါ အင်ဒီးယန်း လူရိုင်းများမှာ ပိုမိုအားရှိလာကြပြီး ဟစ်ကြွေးသံများကို သံပြိုင်ပေးကာ တရကြမ်း တိုက်ခိုက်ကြလေရာ နောက်ဆုံးတော့ ချာဝမ်ထီ လူရိုင်းအုပ်စုများမှာ မခံနိုင်တော့ဘဲ နောက်ကြောင်းသို့ ပြန်လှည့်ပြေးကြလေတော့သည်။

ထိုအခါ နယ်ခံလူရိုင်းများက နောက်ဘက်မှ လိုက်လံတိုက်ခိုက်ကြရာ သန်းခေါင်ကျော်ကျော် အချိန်လောက်တွင် တိုက်ပွဲမှာ ပြီးသွားလေတော့သည်။

မီးတုတ်၊ မီးတိုင်များဖြင့် အနီးပတ်ဝန်းကျင်သို့ လိုက်လံကြည့်သောအခါ မြေပြင်ပေါ်မှာ သွေးသံရဲရဲဖြင့် သေဆုံး


www.burmeseclassic.com

www.burmeseclassic.com

နေသော ချာဗမ်ထီ လူရိုင်းအလောင်း အတော်များများကို တွေ့ကြရလေသည်။

ခဏကြာတော့ တောနက်အတွင်းဘက်မှ 'တဟေးဟေး တဟားဟား' အသံများကို ကြားကြရပြန်သဖြင့် ချာဗမ်ထီ လူရိုင်းများ နောက်တစ်ကျော့ ပြန်တက်လာပြန်လေပြီလားဟု အထိတ်တလန့် ဖြစ်သွားကြသည်။

မဟုတ်ပေ. . .။

ချာဗမ်ထီလူရိုင်းများကို အောင်ပွဲရလိုက်သဖြင့် ရွာသူ ရွာသားများက အောင်ပွဲခံနေသည့်အသံ ဖြစ်သည်။

လူရိုင်းခေါင်းဆောင် မရစ်ကလည်း သူတို့တစ်တွေ အနိုင်ရရန် ခဲယဉ်းလှသော ချာဗမ်ထီလူရိုင်းများကို အနိုင်တိုက်ပေးသော ဒေါက်တာ မင်းထင်ကျော်တို့ အဖွဲ့ကို ကျေးဇူးတင်သောကြောင့် ၎င်းတို့သွားသော ခရီးစဉ်သို့ လိုက်ကာ အကူအညီ ပေးမည်ဖြစ်ကြောင်း ကတိပေးလေသည်။





## အခန်း ( ၉ )

## ဆက်သွယ်ရေးအဖွဲ့ ခိုဖြူ ကိုးကောင်

နောက်တစ်ရက် နှစ်ရက်ခန့် ကြာသောအခါ ဆရာကြီး မဟိန္ဒ နေထိုင်သော ကျောက်ဂူရှိရာကို မေးမြန်း စုံစမ်းကြသောအခါ မရစ်က သူကိုယ်တိုင် လိုက်ပို့ပေးရာ ဒေါက်တာ မင်းထင်ကျော်နှင့် ဆရာကြီးသူရဇ္ဇတို့ သွားကြလေသည်။

မဟိန္ဒ တရားကျင့်နေသော ကျောက်ဂူမှာ အင်ဒီးယန်း ရွာနှင့် ခရီးအတော်ဝေးပြီး သေမင်းတံခါးဝ တောနက်အတွင်းရှိ ကျောက်ဂူ တစ်ဂူ၌ ရှိလေသည်။

နေ့ဝက်ခရီးလောက် သွားကြရပြီး ထိုနေရာသို့ ရောက် ကာနီးသောအခါ မရစ်က. . .


www.burmeseclassic.com

www.burmeseclassic.com

"သူနေတဲ့နေရာမှာ ကျားတွေ၊ ဆင်တွေ၊ မြွေတွေ၊ ငှက်တွေ အများကြီး ရှိကြတယ်"

ဟု ပြောပြသည်။

သူတို့ ကျောက်ဂူနှင့် မလှမ်းမကမ်း ရောက်သွားတော့ ဂူပေါက်ဝမှ ရပ်ပြီး ထွက်စောင့်နေဟန်ရှိသော မဟိန္ဒကို လှမ်းမြင်ရသည်။

မရစ် ပြောသကဲ့သို့ ကျားတွေ၊ ဆင်တွေကိုတော့ မတွေ့ရပေ။ သို့သော် တောတွင်း တိရစ္ဆာန် ငယ်ကလေးများနှင့် ကျေးငှက် အများအပြားတို့ကိုတော့ တွေ့ရသည်။

မဟိန္ဒမှာ အသက်အရွယ်ကြီးရင့်လှကာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများမှာ ဆွတ်ဆွတ်ဖြူနေပြီး ဝတ်စားထားသည့် အဝတ်အစားများမှာလည်း အဖြူရောင်များ ဖြစ်လေရာ နှင်းတောထဲမှ ထလာသူပမာ ဆွတ်ဆွတ်ဖြူလျက် ရှိနေသည်။

အနီးသို့ရောက်၍ ဆရာကြီးသူရဇ္ဇကို မြင်သောအခါ ကောင်းစွာ မှတ်မိဟန်ဖြင့်. . .

"လှည်းဘီးနဲ့ သဏ္ဌာန်တူတဲ့ သံသရာ စက်ဝန်းကြီးထဲက မလွတ်နိုင်သေးသမျှတော့ ဒီလိုပဲ တွေ့လိုက်၊ ဆုံလိုက်၊ ခွဲခွာလိုက်၊ ပြန်တွေ့လိုက် ဖြစ်နေကြဦးမှာပဲ၊ အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ် မိတ်ဆွေကြီး"

ဟု နှုတ်ဆက်လေသည်။





ဆရာကြီးသူရဇ္ဇကလည်း ဝမ်းသာအားရ အမူအရာဖြင့် ပြန်လည်နှုတ်ဆက်ရင်း. . .

"ဒါထက် ခင်ဗျားဆီကို လာနေကြတဲ့ ကျားတွေ၊ ဆင်တွေ၊ ကျားသစ်တွေလည်း မမြင်ပါလား"

ဟု မေးလိုက်သည်။

"သူတို့ကတော့ အမြဲလာကြပါတယ်၊ အခု မတွေ့တာက မိတ်ဆွေကြီးတို့ ရောက်လာရင် စိတ်အနှောင့်အယှက် ဖြစ်ကြမှာစိုးလို့ အဝေးမှာ နေခိုင်းထားလို့ မတွေ့တာပါ"

မဟိန္ဒမှာ သူတို့အဖွဲ့ ရောက်လာမည်ကို ကြိုတင်သိနေဟန် ရှိလေသည်။

"ဒါထက် သတ္တဝါတွေရဲ့ အတွင်းစရိုက်ကို လေ့လာတာ အတော်ကလေး ခရီးရောက်နေပြီလား"

ဟု ဆရာကြီးသူရဇ္ဇက မေးလိုက်သည်။

"သူတို့ရဲ့ အဖွဲ့အစည်းသန္တာန်မှာ စားမှု၊ အိပ်မှုနဲ့ ကာမမှု ဆိုတဲ့ သုံးမျိုးပဲရှိတော့ လေ့လာရတာ သိပ်မရှုပ်ထွေးလှပါဘူး၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ မစ္ဆရိယ၊ အာဃာတ၊ ရန်ငြိုးရန်စ ဆိုတဲ့ ကြောက်စရာကောင်းတဲ့ စိတ်မျိုးတွေ မရှိလှတော့ သူတို့ရဲ့စိတ်က လွတ်လပ်ပါတယ်"

ဟု ပြောဆိုကာ သူတို့သုံးယောက်ကို ဂူအတွင်းပိုင်းသို့ ခေါ်သွားလေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဂူအတွင်းပိုင်းတွင် ထွေထွေထူးထူး ပစ္စည်းဟူ၍ ဘာတစ်ခုမှမရှိဘဲ သောက်ရေ ထည့်ထားဟန် ရှိသော ကြေးအိုးတစ်လုံးနှင့် ဂူအလယ်လောက်တွင် မီးတောက်များ ထနေသော မီးပုံတစ်ပုံသာ ရှိလေသည်။

မီးပုံနံဘေးပတ်လည်မှာတော့ ပြာပုံများ ရှိလေသည်။

"သင်တို့ ဒီကိုလာတာ သင်တို့ရဲ့ အနာဂတ်ကို သိချင်လို့ပဲ မဟုတ်လား"

ဟု ဒေါက်တာမင်းထင်ကျော်ကို ကြည့်ကာ မေးလိုက်သဖြင့် ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြရင်း...

"ဟုတ်ပါတယ်"

ဟု ပြန်ပြောလိုက်သည်။

"ကျွန်ုပ်ကို လူတွေဟာ 'အနာဂတ်လမ်းကို ပြပေးသူ'လို့ ခေါ်ကြတယ်၊ ယခု ထိုကိစ္စအတွက် သင်တို့သည် ကျွန်ုပ်ထံသို့ ရောက်လာကြပေပြီ၊ ကျွန်ုပ်သည် သင်၏ အနာဂတ်နှင့် ပတ်သက်၍ လျှောက်ရမည့်လမ်းများကို ပြပေးမည်၊ ကျွန်ုပ် ရှေ့တွင် မျက်နှာချင်းဆိုင် ထိုင်ပေတော့ မိတ်ဆွေ"

ဟု ပြောကာ မဟိန္ဒက မီးဖိုနံဘေးရှိ ပြာများပေါ်တွင် တင်ပလ္လင်ခွေ ထိုင်ချလိုက်သဖြင့် ဒေါက်တာမင်းထင်ကျော်က ၎င်းရှေ့တွင် တင်ပလ္လင်ခွေ ထိုင်ချလိုက်သည်။

ထို့နောက် မဟိန္ဒက ၎င်း၏ မျက်စိကို ကြည့်နိုင်း လေသည်။





"ကျွန်ုပ်၏ မျက်လုံးအိမ်ထဲမှာ သင့်ရဲ့ အနာဂတ်လမ်းကို ကြည့်လော့"

ဟု ပြောသဖြင့် ၎င်း၏ မျက်လုံးအတွင်းသို့ စိုက်ကြည့်လိုက်ရာ အင်အားကောင်းလှသော စွမ်းအင်တစ်မျိုး၏ ချုပ်ကိုင်မှုကို ခံလိုက်ရကာ သတိလစ်သွားသလို အိပ်ပျော်သလို ဖြစ်သွားလေသည်။

လူကသာ သတိလစ်သွားသော်လည်း နားထဲမှာတော့ စကားသံများကို ကြားနေရလေသည်။

"သင် နားထောင်ပေလော့၊ သင်သည် ရေသမုဒ္ဒရာနှင့် နီးသော တောင်ဘက်ဖျား ထိုင်းပြည်က လာရောက်သူ ဖြစ်ပြီး အန္တရာယ်များလှသော မရဏာမြို့တော်ကို ရှာဖွေရန် ဤနေရာသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်၊ သင်နှင့်အတူ ထူးဆန်းသော ရုပ်တုတစ်ခုပါလာပြီး ထိုရုပ်တု၏ ဝိညာဉ်က စောင့်ရှောက်သဖြင့် အန္တရာယ် အသွယ်သွယ်တို့ကို ကျော်ဖြတ်နိုင်ကာ သင်တို့ ရှာဖွေနေသော မရဏာမြို့တော်သို့ ရောက်ကြပေလိမ့်မည်"

ထိုနေရာသို့ ရောက်သောအခါ စကားသံမှာ ရပ်သွားသောကြောင့် ဂူကြီးတစ်ခုလုံး ထင်းချောင်းများကို မီးလောင်နေသည့် အသံမှတစ်ပါး တိတ်ဆိတ်ငြိမ်သက်လျက် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာမှ မဟိန္ဒ၏အသံက ပြန်ပေါ်လာသည်။

"နားထောင်ဦးလော့... သင်၏ ကံကြမ္မာသည် ဆန်းကြယ်လှပေစွ၊ ထိုမျှ ကြောက်မက်ဖွယ်ရာ ကောင်းလှသော အန္တရာယ်များ ကြားမှာပင် ကျောက်စိမ်းဝိညာဉ်က ဆက်သွယ်ပေးသော မိန်းမလှလေးတစ်ဦးနှင့် တွေ့ရပေလိမ့်မည်၊

ထိုနောက်ပိုင်း တွေ့ကြုံရမည့် အနာဂတ် ကံကြမ္မာများမှာ အခြားသူ ဖန်ဆင်း၍ မရပေ၊ သင်ကိုယ်တိုင်ပင် ဆက်လက်ဖန်ဆင်းရပေမည်"

ဟု ပြောကာ စကားကို အဆုံးသတ်သွားလေသည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်မှာလည်း အိပ်မက်မှ လန့်နိုးလာသလို သတိပြန်ရလာလေသည်။

ထို့နောက် မဟိန္ဒသည် ထိုင်နေရာမှ ထ,ကာ မီးပုံနံဘေးမှ ပြာများကို သစ်ပြားတစ်ခုနှင့်ယက်ကာ မျက်နှာပြင်ညီအောင် ညှိနေလေသည်။

ထိုသို့ပြုလုပ်ပြီးသောအခါ တုတ်ချောင်း တစ်ချောင်းဖြင့် တောနှင့် ပတ်သက်သော အမှတ်အသားများ၊ တောင်နှင့် ပတ်သက်သည့် အမှတ်အသားများ၊ မြစ်၊ ချောင်း၊ စမ်းချောင်းနှင့်ဆိုင်သော အမှတ်အသားများ၊ နွံအိုင်နှင့် ပတ်သက်သည့် အမှတ်အသားများကို ပြာများဖြင့် ပုံပြခြင်း၊ ရေးပြခြင်းများ





ပြုကာ ထိုအပေါ်တွင် လမ်းကြောင်းတစ်ခုကိုလည်း ရေးပြလေသည်။

နောက်ဆုံး ထိုလမ်းကြောင်း ဆုံးရာနေရာ၌ ပြာပုံကို တောင်တစ်လုံးသဏ္ဌာန် ပုံပြလေသည်။

"ကျွန်ုပ်ရေးပြသော အမှတ်အသားများကို ဘာတစ်ခုမှ မမေ့ပါစေနဲ့၊ တစ်ခုခုကို မေ့လျော့သွားပါက သင်နှင့်အပေါင်းပါ အားလုံးတို့သည် မပြန်လမ်းသို့ ရောက်ကြရပေလိမ့်မည်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က မဟိန္ဒပြာပုံများပေါ်မှ ရေးပြသည့် အမှတ်အသားတို့ကို မေ့လျော့မသွားစေရန် စိတ်ထဲမှာ မှတ်ရုံမက မှတ်စုစာအုပ်ထဲမှာ အကြမ်းဖျင်း ရေးမှတ်ထားလိုက်လေသည်။

မဟိန္ဒက တောင်တစ်လုံးပုံသဏ္ဌာန် စုပုံထားသော ပြာပုံမှ ပြာအချို့ကိုယူပြီး ဒေါက်တာမင်းထင်ကျော် ဦးခေါင်းပေါ်သို့ အနည်းငယ် ဖြူးချလိုက်လေသည်။

"ထိုသို့ ပြုလုပ်ရခြင်းမှာ ကျွန်ုပ်ရေးပြသည့် အကြောင်းအရာများကို သင့်ခေါင်းထဲ၌ အမြဲတစေ စွဲမှတ်မိစေရန်အတွက် ဖြစ်ပေသည်၊

ကျောက်စိမ်းတောင်၌ ရှိကြသည့် ဝိညာဉ်အပေါင်းတို့သည် သင့်အား ကူညီ စောင့်ရှောက်ကြပါစေကုန်သတည်း"



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း ဆုတောင်းပေးလေသည်။

"ဒီခရီးလမ်းမှာ မိတ်ဆွေကြီးပါ လိုက်သွားမှာလား"

ဆရာကြီးသူရဇ္ဇအား ကြည့်ပြီး မေးသည်။

"ကျုပ်က သူတို့နဲ့ မလိုက်ပါဘူး၊ ဒီမှာပဲ ကျန်နေခဲ့ပြီး စိတ်စွမ်းအား လေ့ကျင့်မှုတွေ လုပ်ဖို့ စိတ်ကူးရှိပါတယ်"

"ဒီလိုဆိုတော့လည်း ကောင်းတာပေါ့၊ ကျုပ်အတွက် ကျင့်ဖော် ကျင့်ဖက်တစ်ဦး ရတာပေါ့၊ ဒီလိုဆိုရင် သူ့အတွက် အဆောင်တစ်ခု ပေးလိုက်ဦးမှ"

ဟု ပြောဆိုကာ ကျောက်ဂူအတွင်းပိုင်းသို့ ဝင်သွားပြီး ခဏကြာတော့ ပြန်ထွက်လာရာ သူ့လက်ထဲမှာ အဝတ်စ တစ်ခုဖြင့် ထုတ်ထားသော အရာတစ်ခု ပါလာသည်။

အနားသို့ ရောက်သောအခါ အဝတ်စကိုဖြေ၍ အထဲမှ အရုပ်ကို ဒေါက်တာမင်းထင်ကျော်အား ပေးလေသည်။

ယူကြည့်လိုက်သောအခါ သာမန် အနက်ရောင်ထက် ပိုမိုတောက်သည့် အနက်ရောင် အဆင်းရှိ သစ်သားရုပ်တု တစ်ခုကို တွေ့ရလေသည်။

အရုပ်မှာ သစ်သားဟုသာ ဆိုရသော်လည်း ကျောက်တုံး တစ်တုံးကဲ့သို့ လေးလံလှပေသည်။

အရွယ်အစားမှာ တစ်လက်မသာသာခန့်ရှိပြီး ပုံသဏ္ဌာန် မှာ ဆံပင်ရှည်၊ မုတ်ဆိတ်ရှည်များဖြင့် မျက်လုံးမှိတ်ထားကာ





တင်ပလ္လင်ခွေ အနေအထားတွင် လက်နှစ်ဖက်ကို ရင်ခွင် ထဲမှာ ထား၍ တရားထိုင်နေသော အဘိုးအိုတစ်ဦး၏ပုံ ဖြစ်သည်။

ထုလုပ်ထားပုံမှာ လက်ရာ မြောက်လှသောကြောင့် တကယ့် သက်ရှိလူတစ်ယောက်နှင့်မခြား သဏ္ဌာန် တူလှ ပေသည်။

"ဒီသစ်သားက လေးလှချည်လား၊ ဘယ်လို သစ်သား မျိုးလဲ"

"သစ်ကနက်သား အမြုတေပါ"

"သစ်ကနက်သားအမြုတေ... ဒီအရုပ်ကို ဘယ်သူ ထုတာလဲ၊ ဆရာကြီး ထုထားတာလား"

"မဟုတ်ပါဘူး၊ ဆန်းကြယ်တဲ့ သဘာဝက ထုပေး ထားတာပါ"

"သဘာဝက ထုပေးထားတာ... ဟုတ်လား"

"အံ့ဩသွားတယ်... ထင်ပါတယ်၊ ဟိုတုန်းက ရှေးနှစ်ပေါင်းများစွာကတည်းက သစ်ကနက်ပင်ကြီး တစ်ပင် ရှိပါတယ်၊ ရှေးတုန်းက အဲဒီသစ်ကနက်ပင်ကြီးရဲ့အောက်မှာ တရားကျင့်နေတဲ့ ယောဂီကြီးတစ်ဦး ရှိပါတယ်၊ အဲဒီယောဂီ ကြီးဟာ နှစ်ပေါင်း အတော်ကြာတဲ့အထိ အဲဒီသစ်ကနက်ပင် အောက်မှာ မထ,တမ်း တရားကျင့်နေခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်..."

"နောက်ပိုင်းရောက်တော့ အဲဒီယောဂီကြီးကို မတွေ့ရတော့ဘူး၊ နောက် နှစ်အတော်ကြာတော့ အဲဒီ သစ်ကနက်ပင်ကြီးဟာ သူ့အလိုလို သေပြီး ဆွေးကျသွားတော့တယ်၊ တစ်နေ့တော့ အဲဒီသစ်ဆွေးပုံနားကို ရောက်သွားတဲ့အခါမှာ အဲဒီသစ်ကနက် ရုပ်တုလေးကို တွေ့ခဲ့တာပဲ"

"ဆန်းကြယ်လှတာပဲ"

"ဒါထက် ဆန်းကြယ်တာက အဲဒီအရုပ်ပုံစံဟာ ကျွန်ုပ်တွေ့ဖူးခဲ့တဲ့ ယောဂီကြီးနဲ့ တစ်ပုံစံတည်း တူတာပဲ"

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ဆန်းကြယ်လှသော အကြောင်းတစ်ခုပဲဟု မှတ်ထားလိုက်သော်လည်း သူသည် အဆောင်ယတြာ လက်ဖွဲ့များကို အားကိုးလေ့ရှိသူတစ်ယောက် မဟုတ်သောကြောင့် ထိုအရုပ်ကို ယူထားရမှာ ဝန်လေးနေသည်။

ထို့ပြင်...

ထိုအရုပ်မှာ ဘယ်လိုအစွမ်းသတ္တိမျိုးတွေ ရှိနေသည်ကိုလည်း သိချင်နေသည်။

"သင့်စိတ်ထဲမှာ ဒီအရုပ်နဲ့ ပတ်သက်လို့ စွန့်ပစ်လိုစိတ်ရှိတယ်ဆိုရင် ယခုပင် ဂူပေါက်ဝကို ထွက်၍ စွန့်ပစ်ရန် ကြိုးစားကြည့်ပါလေ"





မဟိန္ဒထံမှ ထိုစကားမျိုး ကြားရသောအခါ ဒေါက်တာမင်းထင်ကျော်မှာ လက်တွေ့သမား တစ်ယောက်မို့ စမ်းကြည့်ရန် သဘောဖြင့် အရုပ်ကို ကိုင်ကာ ဂူအပြင်ဘက်သို့ ထွက်လာခဲ့လေသည်။

ဂူပေါက်ဝ တွင် နေရောင်ခြည် ဖြာကျနေသောကြောင့် အလင်းရောင် အနည်းငယ် ရှိနေသည်။

လှမ်းကြည့်လိုက်တော့ ဂူပေါက်ဝမှာ ရပ်နေသော လူတစ်ယောက်၏ သဏ္ဌာန်ကို မသဲမကွဲ လှမ်းမြင်လိုက်ရသည်။

ရပ်နေသည့်သဏ္ဌာန်မှာ ခပ်ဝါးဝါးမို့ မိမိစိတ်ထဲမှာ ထင်နေ၍လားဟုတွေးကာ ရှေ့သို့ အနည်းငယ် တိုးကြည့်လိုက်သော်လည်း ရပ်နေသောသဏ္ဌာန်မှာ ရွေ့လျား ပျောက်ကွယ်သွားခြင်း မရှိပေ။

ထိုပုံရိပ်သဏ္ဌာန်နှင့် အတော်နီးသည့်နေရာသို့ ရောက်သောအခါမှ ထိုသဏ္ဌာန်မှာ ယောဂီတစ်ဦး၏ ပုံရိပ်သဏ္ဌာန်ဖြစ်ကြောင်း ခန့်မှန်းမိလေသည်။

ရှေ့သို့ ဆက်တိုးသွားရန် စိတ်ထဲမှ ကြံသော်လည်း ခြေထောက်က နေရာရွေ့၍ မရတော့ပေ။

"ဆရာကြီးမဟိန္ဒက သူ့ရဲ့ အတတ်ပညာတွေနဲ့များ ငါ့ကို ပြုစားလိုက်ရော့သလား"



www.burmeseclassic.com

www.burmeseclassic.com

ဟု တွေးလိုက်မိစဉ် ဂူပေါက်ဝ၊တွင် မြင်နေရသည့် ပုံရိပ်သဏ္ဍာန်က တဖြည်းဖြည်းနှင့် ဝေဝါး ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ သူ့ခြေထောက်များလည်း ပြန်လည် လှုပ်ရှား၍ရလာသဖြင့် ဂူအတွင်းသို့ ပြန်ဝင်လာခဲ့လေသည်။

စိတ်ထဲမှာလည်း ဘာပဲဖြစ်ဖြစ် ထိုအရုပ်ကို သိမ်းထားလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ဂူအတွင်းသို့ ရောက်သောအခါ ဆရာကြီးသူရဇ္ဇက–

"မောင်ထင်ကျော် ကျုပ်ကတော့ မောင်ရင်တို့နဲ့ အတူ မလိုက်တော့ဘူး၊ ဒီနေရာကပဲ စောင့်နေရင်း ကျန်ခဲ့တော့မယ်"

ဟု ပြောလေသည်။

BURMESE CLASSIC .com

ဒေါက်တာမင်းထင်ကျော်မှာ အရေးကိစ္စရှိလျှင် အားကိုးရသည့် ဆရာကြီးသူရဇ္ဇ ကျန်နေခဲ့မည် ဆိုခြင်းကြောင့် အနည်းငယ် စိတ်မကောင်း ဖြစ်မိသော်လည်း အန္တရာယ်များလှသော ထိုခရီးမျိုးတွင် ဆရာကြီးလို အသက်အရွယ်ကြီးသူ တစ်ယောက် မလိုက်တာ ကောင်းသည်ဟုလည်း တစ်ဖက်မှ တွေးမိလေ၏။

"ကျုပ် ကျန်နေခဲ့လို့ ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့၊ မောင်ထင်ကျော်တို့ရဲ့ အခြေအနေသတင်းကို ကျုပ်တို့ သိနိုင်ဖို့ အတွက် ဆရာကြီးက စီစဉ်ပေးပါလိမ့်မယ်"





ဟု ပြောဆိုကာ ဂူပေါက်ဝ၊သို့ ပြန်ထွက်လာလေသည်။

အပေါက်ဝသို့ ပြန်ရောက်သောအခါ ဆရာကြီးမဟိန္ဒက သလေးစပါးများကိုယူ၍ ဂူရှေ့ရှိသော ကွက်လပ်ကြီးပေါ်သို့ ကြဲချလိုက်ရာ အနီးပတ်ဝန်းကျင်ရှိ ငှက်များက လာရောက်စားသောက်ကြလေသည်။

ကြက်တူရွေး၊ ဆက်ရက်၊ ချိုး၊ ခါ၊ တောကြက်၊ စာကလေး အစရှိသည့် ငှက်များက လာရောက် စားသောက်ကြသည်။ ထိုအထဲတွင် ခိုများလည်း ပါလာလေသည်။

ထိုခိုများနှင့်အတူ ဆွတ်ဆွတ်ဖြူနေသော ခိုများလည်း ပါလာကြသည်။

ဆရာကြီး မဟိန္ဒက သက္ကတ ဘာသာကဲ့သို့ မာဂဓဘာသာစကားဖြင့် ပြောလိုက်သောအခါ အစာ စားနေကြသော ခိုဖြူများက ပျံဝဲလာပြီးနောက် ဆရာကြီးမဟိန္ဒ အနီးတစ်ဝိုက်တွင် လာရောက် နားကြလေသည်။

ထိုအခြင်းအရာကို မြင်သောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာ အံ့သြသွားလေသည်။

"ဒီခိုဖြူလေးတွေဟာ ကျွန်ုပ် လေ့ကျင့်ပေးထားတဲ့ ခိုကလေးတွေပဲ၊ ဒီခိုဖြူလေးတွေကို သင်တို့နဲ့အတူ ထည့်ပေးလိုက်ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒီနိုတွေကို ကျွန်တော်တို့နဲ့အတူ ထည့်ပေးလိုက်မယ်၊ ဟုတ်လား ဆရာကြီး"

"ဟုတ်ပါတယ်၊ ဒီနိုဖြူကလေးတွေကို ဝါးခြင်းတောင်းကလေးနဲ့ထည့်ပြီး လိုတဲ့နေရာကို ခေါ်သွားပါ၊ သူတို့ဟာ တစ်နေရာနဲ့ တစ်နေရာ ဆက်သွယ်ဖို့ ခက်ခဲတဲ့ ဒီလိုတောနက်ကြီးထဲမှာ အသုံးပြုဖို့ အကောင်းဆုံး ဆက်သွယ်ရေးသမားတွေပါပဲ"

"ဟင်..."

"သင်တို့ ရောက်တဲ့ နေရာက အကျိုးအကြောင်းတွေကို ကျွန်ုပ်တို့ရှိရာကို သတင်းပို့ချင်ရင် ဒီနိုဖြူလေးရဲ့ ခြေထောက်မှာ စာကို ပတ်ချည်ပြီး လွှတ်လိုက်ရင် ဘယ်လိုနေရာကပဲလွှတ်လွှတ် သူတို့ဟာ ကျွန်ုပ်တို့ဆီကို ရောက်အောင် ပျံလာကြပါလိမ့်မယ်"

ဟု ပြောကာ နိုဖြူ ကိုးကောင်ကို ဖမ်း၍ ဝါးခြင်းတောင်းတစ်လုံးထဲသို့ ထည့်ကာ ဒေါက်တာမင်းထင်ကျော်လက်သို့ ပေးလိုက်လေသည်။





BURMESE CLASSIC .com

## အခန်း (၁၀)

## ထူးဆန်းသော မြေပြင်တွာ

ဒေါက်တာမင်းထင်ကျော်တို့သည် အင်ဒီးယန်း လူရိုင်းရွာ၌ ရက်အတန်ကြာ နားနေပြီး လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ကြလေသည်။

ထိုသို့ စီစဉ်ဆောင်ရွက်မှုများထဲတွင် ဆရာကြီးမဟိန္ဒပေးလိုက်သော သစ်ကနက်သား အမြဲတေအရုပ်နှင့် နိုဖြူကိုးကောင်တို့လည်း ပါလေသည်။

သူတို့အဖွဲ့သားများထဲမှ ဆရာကြီးသူရဇ္ဇ တစ်ယောက်သာ ကျန်ခဲ့သော်လည်း နောက်ထပ် လူရိုင်းခေါင်းဆောင်မရစ်နှင့် လူရိုင်းအချို့ လိုက်လာကြသောကြောင့် အဖွဲ့သားများကတော့ လျော့သွားခြင်း မရှိကြပေ။



www.burmeseclassic.com

www.burmeseclassic.com

လူရိုင်းများမှာ တောထဲ၌ အထုပ်အပိုးများ ထမ်းပိုး သယ်ယူရာတွင် များစွာ အားကိုးကြရလေသည်။

သူတို့သည် ရာသီဥတု သာယာသောနေ့တွင် ခရီး စတင်ထွက်ခဲ့ကြလေသည်။

အင်ဒီးယန်း လူရိုင်းရွာမှာ သေမင်းတံခါး၀ ဟုခေါ်သော ဟိမဝန္တာ တောနက်ကြီး၏အစပ်၌ ရှိသောကြောင့် တစ်ရက် နှစ်ရက်ခန့် ကြာသောအခါ တောနက်ကြီးအတွင်းသို့ ရောက် သွားကြလေတော့သည်။

တောနက်အတွင်းသို့ ရောက်သောအခါ မရစ်က ပြောလေသည်။

"ဒီတောနက်ထဲကို ဝင်မိတဲ့လူတိုင်း အသက်ရှင်လျက်နဲ့ ပြန်မထွက်နိုင်ကြတာ လူရိုင်းတွေရဲ့ လက်ချက်ကြောင့်ပဲ၊ သူတို့ဟာ ဒီတောနက်ထဲ ဝင်လာတဲ့လူတွေကို မှုတ်ပြောင်း တွေကို အသုံးပြုပြီး အဆိပ်လူးမြားတွေ အသုံးပြုပြီး သတ်ဖြတ် ပစ်ကြတယ်"

"သူတို့လာရင် သေနတ်တွေနဲ့ပစ်လို့ မရဘူးလား"

"သူတို့က တောထဲမှာ လျှို့ဝှက်ပြီး နေကြတာဆိုတော့ မမြင်နိုင်ဘူး၊ သုံးတဲ့မြားတွေကလည်း အသံမကြားရဘူး၊ လူကို လာထိမှသာ သိရတာ၊ ဒီတော့ တောထဲသွားတဲ့အခါ အပြင်ဘက်မှာ မီးဖိုသုံးတာမျိုး မလုပ်ကြဘဲ မီးဖိုရင် ဂူတွေ ထဲမှာဝင်ပြီး အသုံးပြုကြတာ အန္တရာယ်ကင်းမယ်"





ဟု ပြောပြလေသည်။

"ဒီလောက်ဆိုးတဲ့ လူရိုင်းတွေကို မနှိမ်နင်းကြဘူးလား"

"တစ်ခါက ဒီဘရူဂါစစ်တပ်က လူတွေကို မြားနဲ့ ချောင်းပစ်လို့ လူ ၃၀၀ လောက်ရှိတဲ့ စစ်သားတွေနဲ့ တောနက်ထဲ ဝင်ရှာကြဖူးတယ်"

"ဘယ်လိုဖြစ်သွားသလဲ"

"အဲဒီစစ်သားတွေအားလုံး တစ်ယောက်မှ အသက်ရှင် လျက်နဲ့ ပြန်ထွက်မလာနိုင်ကြဘူး"

"ဟင်..."

"နောက်တော့ မြို့က လူတွေ လိုက်သွားကြတော့ တောနက်ထဲမှာ မြားတန်းလန်းနဲ့ သေနေတဲ့ အလောင်း အတော်များများကိုပဲ တွေ့ကြရတယ်"

"သူတို့မြားဆိပ်ကို ဖြေနိုင်တဲ့ဆေး မရှိဘူးလား"

"ကျုပ်တို့ဆီမှာတော့ ရှိပါတယ်၊ တောထဲက မရှောဆီနဲ့ ဂမုန်းနက်ဥ ပေါင်းစပ်ထားတဲ့ ဆေးဟာ အဆိပ်မှန်သမျှ ပြေစေနိုင်ပါတယ်"

ဟု ပြောသောအခါ အဖွဲ့သားများမှာ အတန်အသင့် စိတ်သက်သာရာ ရသွားကြလေသည်။

သူတို့အဖွဲ့သည် နောက်ထပ် တစ်ရက် နှစ်ရက် ကြာအောင် ထပ်မံခရီးဆက်ကြသောအခါ ဗြဟ္မပုတ္တရမြစ်၏ မြစ်လက်ကက်တစ်ခုသို့ ရောက်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြာများပေါ်တွင် ဆရာကြီးမဟိန္ဒ ရေးပြသော မြေပုံပေါ်မှ ကွေ့ကွေ့ကောက်ကောက် တွေ့ရသော မြစ်တစ်စင်းမှာ ဤမြစ်ပင် ဖြစ်ရမည်ဟု ခန့်မှန်းမိလေသည်။

ထိုမြစ်ကမ်းရိုးတစ်လျှောက် အထက်သို့ ဆန်တက်သွားရာ ညနေစောင်း အချိန်လောက်ရောက်သော် လူတစ်ရပ်ထက်မက မြင့်မားလှသည့် ကျူတောကြီးများ ဖုံးလွှမ်းနေသော နွံအိုင်လွင်ပြင်ကြီး ရှိရာသို့ ရောက်သွားကြသည်။

"ဒါ မရဏနွံအိုင်လို့ ခေါ်တယ်၊ ဒီနွံအိုင်ထဲကို ကျသွားရင် ဘယ်လိုမှ ပြန်မတက်နိုင်ကြဘူး"

ဟု လူပုလေးမိတ္တက ပြောသည်။

"ဒါဖြင့် ဘယ်လိုလုပ်မလဲ၊ မီးမဖိုဘဲ ဒီနွံအိုင်အစပ်မှာ အိပ်လို့ကတော့ သွေးစုပ် ခြင်ရိုင်းတွေ အကိုက်ခံရတာနဲ့ မနက်လင်းတဲ့ အထိတောင် သက်ဆိုးရှည်ကြမှာ မဟုတ်ဘူး"

"စိတ်မပူပါနဲ့၊ ဟိုဘက်ရောက်အောင် ဖြတ်တဲ့ လျှို့ဝှက်လမ်းတွေ ရှိပါတယ်၊ ရှာကြည့်လိုက်ဦးမယ်"

ဟု ပြောကာ လူပုလေးမိတ္တနှင့် မရစ်တို့နှစ်ယောက်မှာ နွံအိုင်ကြီး ရှိရာဘက်သို့ ထွက်သွားကြရာ ကျန်လူများက အမောအပန်း ဖြေရင်း ကျူတောကြီးနှင့် မလှမ်းမကမ်းမှာ ထိုင်နေကြလေသည်။





သို့သော်လည်း အမှောင်ရိပ် သန်းလာပြီ ဖြစ်သောကြောင့် သွေးစုပ်ခြင်များက ဖွဲဖြင့် ဆုပ်ပက်လိုက်သကဲ့သို့ အုပ်စုလိုက် ပျံဝဲလာကြရာ ကောင်းစွာမနေရတော့ဘဲ ပုတ်ခါထုတ်ပစ်ကြရလေတော့သည်။

"ဟော နားထောင်ကြစမ်း၊ ကျုပ်နားထဲမှာ လူသံတွေလိုလို ကြားနေရသလိုပဲ"

ဟု ဦးမွန်ထော်က ပြောလိုက်သဖြင့် အားလုံး အသံတိတ်ကာ နားစွင့်ကြည့်သောအခါ မိမိတို့ ဖြတ်သန်းလာသော တောဘက်ဆီမှ ဆူဆူညံညံ အသံအချို့ကို ကြားကြရသည်။

"လူရိုင်းတွေ လိုက်လာကြပြီ ထင်တယ်"

"ဒီတောထဲမှာ ဒီလောက် လူအုပ်များများက သူတို့ပဲရှိတာ၊ သူတို့ပဲ ဖြစ်မှာပေါ့"

"အသံတွေကတော့ အတော်များတယ်၊ ဘယ်လိုလုပ်ကြမလဲ"

"သူတို့နဲ့ ရင်ဆိုင် တိုက်ဖို့ထက် အခုနေ နွံအိုင်ကြီးရဲ့ဟိုဘက်ကို ရောက်အောင် သွားနိုင်ရင် ပိုကောင်းမယ်"

"လူပုလေးမိတ္တတို့လည်း ပြန်မလာကြသေးဘူး"

ထိုသို့ ပြောနေကြစဉ် လူပုလေးမိတ္တနှင့် မရစ်တို့နှစ်ယောက် ပြန်ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူရိုင်းတွေ လိုက်လာကြပြီ၊ သူတို့အသံတွေကို ကြားနေရတယ်"

"မင်းတို့ နွံအိုင်ထဲက ဖြတ်ရမယ့်လမ်းကို တွေ့ခဲ့ကြလား"

"အချိန်က မှောင်လာပြီ ဆိုတော့ လမ်းရှာဖို့ ခက်နေတယ်"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"လူရိုင်းတွေက အုပ်စုများပုံရတယ်၊ သူတို့နဲ့ တိုက်ဖို့ကတော့ မလွယ်ဘူး၊ တစ်ခုခုတော့ လုပ်ကြရမှာပဲ၊ နောက်ဆုံးမတတ်သာတော့မှဘဲ ပြန်တိုက်ကြမယ်"

ဟု အချင်းချင်း ပြောဆိုနေကြလေသည်။

ထိုသို့ ပြောဆိုနေကြစဉ်မှာပင် အော်ဟစ် ဆူညံလာကြသော လူရိုင်းများ၏ အသံများကို ပိုမိုနီးကပ်စွာ ကြားလာရသည်။

ထိုအချိန်မှာပင် အလင်းရောင်ကလည်း တဖြည်းဖြည်း အားနည်းလာပြီး အမှောင်ထုများက ဖုံးလွှမ်းလာလေတော့သည်။

ထိုအချိန်မှာပင် သူတို့အုပ်စု ရောက်နေသော နေရာနှင့် မနီးမဝေး ကိုင်းတောစပ်မှ ထွက်လာသော လူရိပ်တစ်ခုကို လှမ်းမြင်ရသဖြင့် ရန်သူဟု ထင်သဖြင့် ဒေါက်တာ မင်းထင်ကျော်က သေနတ်ဖြင့် လှမ်းချိန်လိုက်သည်။





သို့သော်... မဟုတ်ပေ။

ကိုင်းတောစပ်မှ ထွက်လာသူမှာ လူရိုင်းတစ်ယောက် မဟုတ်ဘဲ အသက်အရွယ် ကြီးလှပြီဖြစ်သော အဘိုးအိုတစ်ဦး ဖြစ်လေသည်။

အမှောင်ရိပ်ထဲမှာမို့ မသဲကွဲလှသော်လည်း ထိုအဘိုးအိုမှာ အပေါ်၌ အဝတ်အစားမပါဘဲ ခါး၌ နံငယ်ပိုင်းတစ်ခုသာ ပတ်ထားသော ယောဂီတစ်ဦးပင် ဖြစ်တော့သည်။

တောစပ်မှ တရွေ့ရွေ့ ထွက်လာသော ယောဂီကြီးက သူတို့အုပ်စုကို မြင်ဟန်မတူဘဲ လက်ထဲမှာ ကိုင်ထားသော တောင်ဝှေးဖြင့် စမ်းကာ နွံအိုင်အစပ်သို့ ဆင်းသွားလေသည်။

ထို့နောက်...

တောင်ဝှေးဖြင့် စမ်းကာ နွံအိုင်ထဲမှ ဖြတ်လျှောက်သွားလေသည်။

ယောဂီကြီးမှ လမ်းမလွဲသော ကိုင်းပင်များကို နံဘေးသို့ ဖယ်ကာ လျှောက်သွားခြင်းဖြစ်ရာ သူ လျှောက်သွားရာ လမ်းတစ်လျှောက်မှာ လူတစ်ယောက် သွားသာရုံ လမ်းကြောင်း ဖြစ်သွားလေတော့သည်။

ထိုအချိန်တွင် တောထဲမှ ကြားနေရသော အသံများမှာ ပိုမိုနီးကပ်သည့် နေရာသို့ ရောက်လာပြီဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွေတွေထူးထူး စဉ်းစားမနေကြတော့ဘဲ ယောဂီကြီး လျှောက် သွားသော လမ်းအတိုင်း နောက်မှလိုက်ကြရန် ဆုံးဖြတ်ကြပြီး နွံအိုင်ထဲသို့ ဆင်းကြလေသည်။

ရှေ့ဆုံးမှ ဒေါက်တာမင်းထင်ကျော်က အရင်ဆင်းလိုက် သောအခါ ဒူးဆစ်နီးပါးခန့် နစ်ဝင်သွားပြီးမှ အောက်ဘက်မှ သစ်တုံး တစ်တုံးကဲ့သို့ အရာတစ်ခုပေါ်သို့ နင်းလိုက်မိတော့မှ စိတ်သက်သာရာ ရသွားလေသည်။

ရှေ့သို့ ခြေတစ်လှမ်းစမ်းလိုက်၊ နင်းလျှောက်လိုက်နှင့် ကူးသွားရာ နွံအိုင်တစ်ဖက်သို့ ရောက်သွားလေတော့သည်။

ထိုအချိန်တွင် သူ့ရှေ့မှ ဖြတ်သွားသော ယောဂီကြီးမှာ လမ်းပေါ်သို့ တက်သွားပြီ ဖြစ်၏။

လမ်းပေါ် ရောက်သွားတော့မှ ယောဂီကြီးက နောက် ဘက်သို့ တစ်ချက် လှည့်ကြည့်လိုက်လေရာ အလင်းရောင် မှုန်ဝါးဝါးနှင့် ယောဂီကြီး၏ မျက်နှာကို မြင်လိုက်သောအ များစွာ အံ့သြသွားလေသည်။

စိတ်ထဲမှာလည်း ဇဝေဇဝါ ဖြစ်သွားလေသည်။

အဘယ်ကြောင့် ဆိုသော်...

ထိုယောဂီကြီး၏ မျက်နှာမျိုးကို ဆရာကြီးမဟိန္ဒ ဂူပေါက်ဝ၌ တစ်ကြိမ် တွေ့ခဲ့ဖူးသောကြောင့် ဖြစ်ပေသည်





ယောဂီကြီးက ထိုသို့ တစ်ချက် လှည့်ကြည့်ပြီးနောက် အပေါ်သို့ ဆက်တက်သွားရာ မကြာမီ အမှောင်ထဲမှာ ပျောက်သွားလေတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်လည်း တစ်ဖက် ကမ်းပေါ်သို့ တက်လေရာ သူ့နောက်မှ အဖွဲ့သားများ ကလည်း တစ်ယောက်ပြီး တစ်ယောက် လိုက်လာကြလေ တော့သည်။

သူတို့တစ်တွေ တစ်ဖက်ကမ်းသို့ ရောက်မှ မရစ်နှင့် လူရိုင်းများက ကူးလိုက်လာကြသည်။

သူတို့သည် နွံအိုင်အတွင်းမှ ထိုသို့ ကူးလာရသည်ကို အထိတ်တလန့် ဖြစ်နေကြဟန်ဖြင့် မျက်စိမျက်နှာ ပျက်နေ ကြလေသည်။

"ဘာဖြစ်လာကြတာလဲ"

"နွံအိုင်ထဲက ကျုပ်တို့ ဖြတ်ကူးလာတာ သစ်တုံး မဟုတ်ဘူး..."

"ဒါဖြင့် ဘာလဲ"

"အန္တရာယ်ကောင်ကြီး ဖြစ်မယ် ထင်တယ်"

ဒေါက်တာမင်းထင်ကျော်က မရစ် ပြောနေသည်ကို သဘောမပေါက်ဟန်ဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို အန္တရာယ်မျိုးလဲ"

မရစ်က ပြန်မပြောဘဲ ဇဝေဇဝါဖြင့် နွံအိုင်ဘက်သို့ လှမ်းကြည့်နေစဉ် နွံအိုင် တစ်ဖက်ကမ်းစပ်သို့ ဩကာ ဟု ခေါ်သည့် လူသားစား လူရိုင်းအုပ်များ ရောက်လာကြလေသည်။

သူတို့သည် အချင်းချင်း ကွဲကွဲကွကွ ပြောဆိုကာ ဒေါက်တာမင်းထင်ကျော်တို့ ဖြတ်သွားသော လမ်းကြောင်း အတိုင်း လိုက်ရန် နွံအိုင်ထဲသို့ ဆင်းလာကြလေတော့သည်။ ၎င်းတို့သည် တစ်ယောက်ချင်း ရှေ့နောက် တန်းစီလျှောက်ရသောကြောင့် အတန်းလိုက်ကြီး ဆင်းလာကြခြင်း ဖြစ်သည်။

"လာပေ့စေ... တွေ့ကြသေးတာပေါ့"

ဟု ကြိမ်းဝါးကာ ကမ်းစပ်၌ရှိသော သစ်ပင်များဘေးမှာ အကျအန နေရာယူကြကာ သေနတ်များကို အဆင်သင့် ကျည်ထိုး မောင်းတင်ထားကြလေသည်။

ကမ်းစပ်နား နီးလာတော့မှ တော့ဖြုတ်ရန် ပြင်ဆင်ထား ကြခြင်း ဖြစ်၏။

ဝိုးတဝါး အလင်းရောင်အောက်မှာ အတန်းလိုက် တန်းစီ ကူးလာသော လူရိုင်းများကို မြင်နေရလေရာ ပစ်ခတ်ရန် စောင့်ဆိုင်းနေကြသော အဖွဲ့သားများမှာ စိတ်ထဲ၌ မရိုးမရွနှင့် လက်ယားနေတော့သည်။





ထိုအခိုက်မှာပင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခုက ပေါ်လာလေတော့သည်။

ကြည့်နေရင်းမှာပင် ငလျင်လှုပ်သကဲ့သို့ ဖြစ်လာကာ နွံအိုင်ကြီး တစ်ခုလုံး သိမ့်သိမ့် တုန်လာလေတော့သည်။ ငြိမ်သက်နေသော နွံအိုင်မျက်နှာပြင်မှာ နဂါးပွက်တောင်ကဲ့သို့ ရွှံ့ပွက်များ ထ,လာလေသည်။

ကိုင်းတောများ လှုပ်ယမ်းလာသည်။

ထိုနှင့်အတူ နွံအိုင်အလယ်သို့ ရောက်နေသော လူရိုင်း အုပ်စုများမှာ ဝူးဝူးဝါးဝါး အော်ဟစ်ကြကာ ဖရိုဖရဲ ဖြစ်လာလေ တော့သည်။

ဒေါက်တာ မင်းထင်ကျော်တို့ တစ်တွေမှာလည်း ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကို ကြည့်ကာ များစွာ အံ့ဩနေကြလေသည်။

ပုံသဏ္ဌာန်မှာ ရွှံ့မီးတောင်တစ်ခု ပေါက်ကွဲတော့မည့် အခြေအနေမျိုးနှင့် တူနေတော့သည်။

ထိုအခိုက်မှာပင် နွံအိုင်တစ်ခုလုံး သိမ့်သိမ့်တုန်သွား ကာ ကိုင်းတောများ ယိမ်းယိုင် လှုပ်ရှားခြင်းနှင့်အတူ နွံအိုင် အလယ်သို့ ရောက်နေကြသော လူရိုင်းများအားလုံး အောက် သို့ ကျကုန်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အား...အား...အား..."

ဒေါက်တာမင်းထင်ကျော်တို့လည်း ဘယ်လို အခြေအနေမျိုး ဖြစ်လာလေမည်လဲဟု အထိတ်တလန့်ဖြင့် လှမ်းကြည့်နေစဉ်မှာ နွံအိုင်အလယ်သို့ ရောက်နေသော လူရိုင်းများအားလုံး နွံအိုင်ထဲသို့ ကျသွားကြရာ စုံးစုံးမြုပ်သွားကြလေတော့သည်။

"ဘယ်လို ဖြစ်ကုန်ကြတာလဲ"

"အန္တရာယ်ကောင်ကြီး အိပ်ပျော်နေရာက နိုးလာပြီထင်တယ်"

ဟု မရစ်က ကြောက်လန့်တကြား ပြောလေသည်။

"ဘယ်လို အန္တရာယ်လဲ"

ထိုသို့ ပြောဆိုနေကြစဉ် နွံအိုင်မျက်နှာပြင်ပေါ်၌ နွံပွက်များ ထ,လာပြီးနောက် ကြီးမားလှသော သတ္တဝါကြီးတစ်ကောင်၏ ဦးခေါင်းပိုင်းကြီး 'ဘွား'ခနဲ ပေါ်လာလေတော့သည်။

"ဟင်..."

"ဟာ..."

"ဘယ်လိုသတ္တဝါကြီးလဲဟ"

"နည်းတဲ့သတ္တဝါကြီး မဟုတ်ပါလား"

နွံအိုင်ထဲမှ ထိုးတက်လာသော ကြီးမားလှသည့် ဦးခေါင်းကြီးမှာ မြွေတစ်ကောင်၏ ဦးခေါင်းနှင့် တူသော်လည်း





ဘယ်လို မြွေအမျိုးအစားဖြစ်မည်ကို ခန့်မှန်းရ ခက်လှသည့် မည်းမည်းရှည်ရှည် ဦးခေါင်းပိုင်းကြီး ဖြစ်လေသည်။

နွံအိုင်မျက်နှာပြင်ပေါ်သို့ ထိုးတက်လာသော ဦးခေါင်းပိုင်းကြီးမှာ သစ်တုံးကြီးတစ်ခုပမာ ကြီးမား တုပ်ခိုင်လှလေသည်။ နွံအိုင် မျက်နှာပြင်ပေါ်သို့ ဦးခေါင်း ပေါ်လာသည့် သတ္တဝါကြီးမှာ နွံအိုင်ထဲကျသွားသော လူရိုင်းများကို လိုက်လံဖမ်းဆီးကာ စားလေတော့သည်။

"မြွေပြိတ္တာကြီး နိုးလာပြီ"

မရစ်က ထိတ်လန့် တုန်လှုပ်စွာဖြင့် ရေရွတ်လိုက်လေသည်။

"မြွေပြိတ္တာ ဆိုတာ ဘယ်လိုသတ္တဝါမျိုးလဲ"

"ရှူး...တိုးတိုး... အသံ လုံးဝမထွက်ကြပါနဲ့၊ အသံထွက်တာနဲ့ သူ ကြားသွားရင် ဒီဘက်ကို ရောက်လာလိမ့်မယ်"

ဟု သတိပေးသဖြင့် အားလုံး အသံ မထွက်အောင် သတိထားကာ ငြိမ်သက်စွာဖြင့် အခြေအနေကို ကြည့်နေကြလေသည်။

မြွေပြိတ္တာကြီးကို လှမ်းမြင်သဖြင့် တစ်ဖက်ကမ်းစပ်သို့ ရောက်နေကြသော လူရိုင်း အုပ်စုများမှာ အော်ဟစ် ဆူညံလျက် ရှိနေကြရာ မြွေပြိတ္တာကြီးမှာ အသံကြားရာဘက်သို့



www.burmeseclassic.com

www.burmeseclassic.com

ဦးခေါင်းလှည့်ကာ အဆပေါင်းများစွာ ပိုကြီးသည့် အတ္တဘော ခန္ဓာကိုယ်ကြီးကို တွေ့ရသောအခါမှ ပိုမိုအံ့သြကြရလေသည်။

ကိုယ်လုံးကြီး၏ လုံးပတ်မှာ လူလေးငါးယောက်ဖက်ခန့် ရှိပြီး ကြီးကျယ်လှသည့် ခန္ဓာကိုယ်ကြီးနှင့် ဖိမိလိုက်သော ကိုင်းပင်၊ သစ်ပင်များမှာ ကျိုးကျေ ပိပြားကုန်လေတော့သည်။

ခရစ် ပြောသကဲ့သို့ ဦးခေါင်းနှင့်ကိုယ်လုံး အဆမတန် ကွာလှသော မြွေပြိတ္တာကြီးကို မြင်သောအခါ ဒေါက်တာ မင်းထင်ကျော်တို့ တစ်ဖွဲ့လုံးမှာ ထိတ်လန့်တုန်လှုပ်ခြင်း၊ ကြောက်ရွံ့ အံ့သြခြင်းဖြင့် လှမ်းကြည့်နေကြလေသည်။

မြွေပြိတ္တာကြီး တက်လာသည်ကို မြင်သောအခါ ကမ်းစပ်၌ ရောက်နေကြသော လူရိုင်းများမှာ နောက်ကြောင်းသို့ ပြန်လှည့်ပြေးကြလေတော့သည်။

ထိုအခါမှ ကြီးမားသလောက် မီးရထား တွဲကြီးကဲ့သို့ မဆုံးနိုင်အောင် ရှည်လျားသော ကိုယ်ကြီးကိုပါ မြင်ကြရလေသည်။

"တော်ပါသေးရဲ့... ဒီဘက်ကိုမလာဘဲ ဟိုဘက်ကို တက်သွားပေလို့"

"ဒါက ဘယ်လိုသတ္တဝါမျိုးလဲ မရစ်"

"ဒီသတ္တဝါကြီးတွေက မြေအောင်း သတ္တဝါကြီးမျိုးပဲ၊ ကျုပ်တို့ကတော့ မြွေပြိတ္တာကြီးလို့ ခေါ်ပါတယ် သခင်"





"အဆန်းပါလား... သူတို့က နွံအိုင်တွေထဲမှာ အမြဲ နေလေ့ရှိသလား"

"သူတို့က တောင်ပို့တွေရဲ့ အောက်မှာပဲ ဖြစ်ဖြစ်၊ နွံအိုင်တွေရဲ့ အောက်မှာပဲဖြစ်ဖြစ် နှစ်ပေါင်းများစွာကြာအောင် နေလေ့ ရှိကြတယ်၊ အဲဒီလို အပြင်ကို ထွက်လာပြီဆိုရင် လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ နောက်ဆုံး တောဆင်ရိုင်းတွေ ကိုတောင် ဖမ်းသတ်ပြီး စားသောက်ပစ်တတ်ကြတယ်"

"ကြောက်စရာပါလား"

"မြွေပြိတ္တာကြီးတွေဟာ အကောင် ကြီးပေမယ့် မျက်စိက သိပ်မမြင်ကြရဘူး၊ အသံကိုပဲ ကြားရတယ်၊ ဒါကြောင့် ဒီဘက်ကို မလာဘဲ ဆူဆူညံညံ အသံကြားတဲ့ လူရိုင်းတွေရှိတဲ့ ဘက်ကို တက်သွားတာပဲ"

"ဒါထက် တို့အဖွဲ့သားတွေ နင်းလျှောက်လာကြတာ သူ့ကျောပေါ်က မဟုတ်လား"

"အမှန်ပါပဲ"

"ဒါဖြင့် ငါတို့ ဖြတ်လျှောက်တုန်းက ဘာကြောင့် အန္တရာယ်မပေးတာလဲ"

"အဲဒါကတော့ အံ့သြစရာ အတော်ကောင်းတယ်၊ တစ်ယောက်ချင်း နှစ်ယောက်ချင်း ဆိုရင်တော့ ထားပါတော့၊


www.burmeseclassic.com

www.burmeseclassic.com

အခုတော့ အုပ်စုလိုက်ကြီး ဖြတ်လျှောက်ကြတာပဲ၊ အဲဒီအချိန်တုန်းကတော့ သူ မနိုးသေးလို့ ဖြစ်ချင် ဖြစ်မှာပေါ့"

ဟု မရစ်က သူ့အထင်ကို ပြောသော်လည်း ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ သူတို့ရှေ့မှ အရင်ဖြတ်ကူးသွားသော ယောဂီကြီးကို သတိရနေသည်။

သို့ကြောင့်. . .

ဆရာကြီးမဟိန္ဒ ပေးလိုက်သော သစ်ကနက်အမြုတေရုပ်တုကလေးကို စမ်းကြည့်လိုက်မိလေသည်။

❖





## အခန်း (၁၁)

## သုဝဏ္ဏာဒေဝီကို ကြိုဆိုသူများ

ဒေါက်တာ မင်းထင်ကျော်တို့ တစ်တွေသည် နှံ့အိုင်ကြီး၏ အခြားတစ်ဖက်သို့ ရောက်ကြသောအခါ အချိန်ကလည်း အတော်ကလေး မှောင်နေပြီ ဖြစ်သောကြောင့် တောင်ကုန်းတစ်ခုပေါ်သို့ တက်ကာ စခန်းချကြလေသည်။

ငှင်းတို့ပတ်လည်မှာလည်း မြူနှင်းများက ဝေ့ဆိုင်းနေသောကြောင့် မတတ်သာတော့ဘဲ မီးပုံများကို ဖိုကာ ပါလာသော အစားအသောက်များကို ချက်ပြုတ် စားသောက်ကြလေသည်။

မီးပုံနံဘေးမှာထိုင်ကာ စားသောက်ကြရင်းမှပင် ခရီးစဉ်များအကြောင်းကို တိုင်ပင် ဆွေးနွေးကြရသည်။


www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့ အခုရောက်နေတဲ့ နေရာနဲ့ ကျုပ်တို့သွားမယ့် နေရာက အတော်နီးလှပြီလား"

စာရေးဆရာ အောင်မင်းအောင်က မေးလေသည်။

"ဦးဒိဗ္ဗတို့ ရေးပို့လိုက်တဲ့ လမ်းကြောင်းတွေ အရရော ဆရာကြီးမဟိန္ဒ ရေးပြတဲ့ မြေပုံအရပါဆိုလျှင် ကျွန်တော်တို့ အခုရောက်နေတဲ့ နေရာက နောက်ထပ် လေးညအိပ်၊ ငါးည အိပ်လောက် ခရီးဆက်ရင် သုဝဏ္ဏပဗ္ဗတ မြို့ဟောင်း ရှိတဲ့ ကျောက်စိမ်းတောင်ခြေကို ရောက်နိုင်ပါတယ်"

ထိုစကား ကြားသောအခါ အားလုံးမှာ မောပန်းခဲ့ သမျှများ မေ့ပျောက်ကာ စိတ်အားတက်ကြွလာသလို ခံစားကြ ရလေသည်။

"ဒီနေရာတွေမှာ တောင်ထွတ် တောင်စွယ်တွေက အများကြီးရှိတာဆိုတော့ အလွယ်တကူ ရှာတွေ့နိုင်ပါ့မလား"

"ကျောက်စိမ်းတောင်ရဲ့ ပတ်ဝန်းကျင် ပတ်လည်မှာ သူ့နဲ့ အရွယ်တူ၊ အမြင့်တူ တောင်ထွတ်တွေက အများကြီး ဝန်းရံထားကြတယ်၊ ကျောက်စိမ်းတောင်ကြီးရဲ့ သတင်းကို ကြားလို့ ခေတ်မီ လေယာဉ်ပျံတွေ၊ ရဟတ်ယာဉ်တွေနဲ့ ကောင်းကင်ပေါ်က ဝဲပျံပြီး ရှာဖွေကြတယ်"

"အဲဒီလိုရှာတော့ တွေ့ကြသလား"





"ပိုဆိုးတာပေါ့... ကောင်းကင်က ကြည့်ကြတဲ့အခါ မြူနှင်းတွေ ဖုံးလွှမ်းနေတဲ့ ရာပေါင်းများစွာ များတဲ့ တောင်ထိပ် တွေကိုပဲ တွေ့ကြရတယ်၊ အဲဒီတောင်တွေထဲက ဘယ်ဟာ ကျောက်စိမ်းတောင် ဆိုတာကိုတော့ ရှာမတွေ့ခဲ့ကြဘူး"

"အင်း... ကျုပ်တို့တစ်တွေမှာက ခရီးလမ်းပြမြေပုံတွေ ပါလာကြတော့ ကံကောင်း ထောက်မရင်တော့ ကျောက်စိမ်း တောင်ကို ရှာတွေ့နိုင်ကြကောင်းပါရဲ့"

ဟု ပြောဆိုကာ ဒေါက်တာမင်းထင်ကျော်ဆီမှာ ပါလာ သော မြေပုံများကိုကြည့်ကာ ခရီးလမ်းပြများအတွက် တိုင်ပင် ဆွေးနွေးကြလေသည်။

ထိုညက ကောင်းမွန်စွာ အိပ်စက် အနားယူကြရသဖြင့် နောက်တစ်နေ့ နံနက်ပိုင်း ရောက်သောအခါ လန်းဆန်း ကြည်လင်စွာ နိုးလာကြသည်။

သူတို့ ရောက်နေသော နေရာမှာ တောင်ကုန်းထိပ် တစ်ခုအပေါ်တွင် ဖြစ်သဖြင့် ထိုနေရာမှ လှမ်းကြည့်လျှင် ပတ်ဝန်းကျင်တစ်ဝိုက်ကို ကောင်းစွာ မြင်ရလေသည်။

လေအဖိတွင် ကိုင်းတောကြီးများ တအိအိနှင့် ရှိနေသော နွံအိုင်လွင်ပြင်ကြီးကို အပေါ်စီးမှ မြင်ရသောအခါ အစိမ်းရောင် ကမ္ဗလာချပ်ကြီး ဖြန့်ခင်းထားသည်နှင့်ပင် တူလှပေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ညက အသက်ဘေးအန္တရာယ် နီးလှသော မြွေပြိတ္တာကြီးကြောင့် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ရပုံများကို ပြန်တွေးကြည့်သောအခါ ကြက်သီးထဖွယ်ရာ ဖြစ်တော့သည်။

တောင်ထိပ်ပေါ်မှ မျှော်ကြည့်လျှင် တောင်ခြေ တစ်မိုင်ပတ်လည် ဝန်းကျင်လောက်မှာသာ မြူနှင်းများ ဖုံးနေသောကြောင့် မမြင်ရဘဲရှိနေရာ ထိုမှကျော်လျှင် ဖြာကျနေသော နေရောင်ခြည်ကြောင့် ပတ်ဝန်းကျင်မြင်ကွင်းများကို ကောင်းစွာ မြင်နိုင်လေသည်။

လူပုလေး မိတ္တာက အဝေးတစ်နေရာဆီသို့ လက်ညှိုးထိုးပြရင်း...

"အခု လှမ်းမြင်နေရတဲ့ တောင်တန်းတွေရဲ့ အလယ်မှာ ကမ္ဘာပေါ်မှာ အကြီးဆုံး ကျောက်စိမ်းတုံးကြီးလို့ ပြောရလောက်တဲ့ ကျောက်စိမ်းတောင်ကြီး ရှိတယ်၊ ကျုပ်တို့တစ်တွေ လမ်းခရီးတစ်လျှောက်မှာ အန္တရာယ်တွေရဲ့ နှောင့်ယှက်မှုကြောင့် အသက်မသေကြဘူး ဆိုရင်တော့ နောက် လေးငါးရက်လောက်ဆိုလျှင် အဲဒီတောင်ခြေကို ရောက်သွားကြမှာပါ"

ဟု ပြောလေသည်။

"ဘယ်လို အန္တရာယ်မျိုးတွေ တွေ့နိုင်သေးလဲ"





"အဆိုးဆုံးကတော့ လူရိုင်းတွေပဲပေါ့၊ အဲဒီနေရာတွေ တစ်ဝိုက်မှာ လူသားစား လူရိုင်းတွေ၊ ခေါင်းဖြတ်လူရိုင်းတွေ အပြင် ယဉ်ကျေးတဲ့ လူရိုင်းနီတစ်မျိုးလည်း ရှိတယ်"

ထို့နောက်...

သူတို့သည် နံနက်ပိုင်းအတွက် အစားအသောက်များကို စားသောက်ပြီး ခရီးဆက်ကြလေသည်။

လမ်းခရီးတစ်လျှောက်လုံးမှာ ကြီးကြီးမားမား အန္တရာယ်မျိုးမှ မတွေ့ရဘဲ ကျောက်တောင်နံရံများပတ်လည် ဝိုင်းရံလျက်ရှိသော လွင်ပြင်နေရာတစ်ခုသို့ ရောက်သွားကြလေတော့သည်။

ထိုနေရာ၏ သဘာဝဆန်နေပုံကား ဆန်းကြယ်လှပေသည်။

ကောင်းကင်သို့ ထိုးတက်နေသော ကျောက်နံရံကြီးများမှာ မြင့်မားလှပေသည်။

မြင့်မားလှသော ကျောက်နံရံကြီးများ ကာဆီးနေမှုကြောင့် ယင်း၏ အခြားဘက်တွင် ရှိနေသည့် ရှေးနှစ်ပေါင်းများစွာက ရှိနေသည့် အံ့ဩဖွယ်ရာများကို လူသားများ မမြင်တွေ့စေရန် ကာဆီးထားသကဲ့သို့ ရှိနေတော့သည်။

ကျောက်နံရံကြီးများကြားတွင် ယခင်က မီးတောင်ပေါက် ..ရာမှ ချော်ရည်ပူများ စီးဆင်းခဲ့သော လမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com

များမှာ ယခုအခါ တောင်ကြား လမ်းကလေးများသဖွယ် ရှိနေလေတော့သည်။

"အဲဒီ တောင်နံရံတွေရဲ့ကြားထဲမှာ လူရိုင်းတွေ နေကြတယ်"

ဟု မရစ်က ပြောသည်။

"ဒါဖြင့် ဘယ်ကသွားမလဲ၊ တခြားက လှည့်သွားရမယ့် လမ်း ရှိသေးလား"

"မရှိတော့ဘူး... သခင်၊ ဒီတောင်ကြားလမ်းတွေက ဖြတ်သွားမှ သခင်တို့သွားချင်တဲ့ ကျောက်စိမ်းတောင်ကြီးကို ရောက်မှာ"

"ဒီနေရာကို ဘယ်လိုခေါ်သလဲ"

"မရဏာတောင်ကြားလမ်းလို့ ခေါ်ပါတယ်"

နာမည်ကြားရုံနှင့်ပင် ချောက်ချားစရာ ကောင်းလှသော အမည်မျိုး ဖြစ်လေသည်။

သို့သော်လည်း ထိုတောင်ကြားလမ်းမှပင် ဖြတ်ထွက်ကြရမည်မို့ လက်နက်နှင့် ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်ကြပြီး ကျယ်ဝန်းသော တောင်ကြားလမ်းတစ်ခုမှ တစ်ဖက်သို့ ဖြတ်ကြလေသည်။

ကျောက်တောင်နံရံကြီးများမှာ မြင့်မားလှသောကြောင့် မိမိတို့အပေါ်မှာ အုပ်မိုးထားသကဲ့သို့ ရှိနေတော့သည်။





လမ်းကြားအတွင်းမှ ဖြတ်လျှောက်သွားကြစဉ် အပေါ်မှ အဆိပ်လူးမြားနှင့် ကျောက်တုံး ကျောက်ခဲများ ကျလာမည်ကို ရင်တထိတ်ထိတ်နှင့် မော့ကြည့်ကာ သွားကြရလေသည်။

တောင်နံရံကြီး၏ အခြားတစ်ဖက်သို့ ရောက်သော အခါ တောင်ထွတ်များနောက်သို့ နေရောင်ခြည်ကလည်း ဝင်သွားလေသည်။

ဆည်းဆာရောင်များအောက်မှ မျက်စိတစ်ဆုံး တစ်မျှော် တစ်ခေါ် မြင်နေရသော တောင်စဉ် တောင်တန်းများမှာ လွမ်းမောဖွယ်ရာ ရှိလေသည်။

မရဏာ တောင်ကြားလမ်းကို အန္တရာယ် ကင်းစွာဖြင့် ကျော်ဖြတ်နိုင်ခဲ့ကြသဖြင့် အားလုံး စိတ်သက်သာရာ ရနေကြစဉ် မရစ်နှင့် လူပုလေးမိတ္တတို့က ထိုညအဖို့ စခန်းချရန်နေရာကို စိတ်ကြိုက် ရွေးချယ်နေကြလေသည်။

သူတို့ရွေးချယ်သော နေရာမှာ သာမန် နေရာမျိုး မဟုတ်ပေ။ ရန်သူများလာလျှင် အလွယ်တကူ မတက်ရောက် နိုင်သော နေရာဖြစ်သလို မိမိတို့က ရန်သူကို အပေါ်စီးမှ တိုက်နိုင်သော နေရာမျိုးဖြစ်ကြောင်း နောက်မှ သိရလေသည်။

၎င်းတို့ ရွေးချယ်သောနေရာမှာ တောင်ကမ်းပါးယံ၏ မတ်စောက်သောနေရာဖြစ်ကာ ကြီးမားလှသော တောင်ပို့ကြီး တစ်ခုနှင့်ပင် တူကာ အောက်ဘက်တွင် တသွင်သွင် စီးနေ



www.burmeseclassic.com

www.burmeseclassic.com

သော ချောင်းတစ်ခုနှင့်အတူ လွင်ပြင်တစ်ခုကိုပါ အပေါ်စီးမှ လှမ်းမြင်ရသည်။

"အမှန်က ရေ,ရနိုင်ပြီး ပြန့်ပြူးတဲ့ စမ်းချောင်းနံဘေးမှာ နေရာချသင့်ပါလျက်နဲ့ အခုတော့ သူတို့ကြည့်ရတာ တိုက်ပွဲ တစ်ပွဲအတွက် ကြိုတင် ပြင်ဆင်နေတဲ့ ပုံစံမျိုးပဲ"

ဟု မုဆိုးကြီး ဦးမွန်ထော်က မှတ်ချက်ချသည်။

ထိုညက မရစ်တို့ စိတ်တိုင်းကျ မြုပြင်စီမံထားသော ကျောက်တုံး ကျောက်ခဲများ စုပုံကာရံထားသည့် ယာယီခံတပ် အတွင်း၌ အိပ်စက်အနားယူကြရာ နံနက်မိုးမလင်းမီ မရစ်က အိပ်ပျော်နေသူများကို တစ်ယောက်ချင်း လိုက်လံ၍ နှိုးလေသည်။

"ဘာလဲမရစ် . . ."

"တစ်ညလုံး စိတ်မဖြောင့်လို့ ထိုင်စောင့်နေတာ အခု တော့ ကျုပ်ထင်တဲ့အတိုင်း သူတို့ လာနေကြပြီ"

ဟု လေသံတိုးတိုးဖြင့် ပြောလေသည်။

"ဘယ်သူတွေလဲ"

"လူသားစား လူရိုင်းတွေ"

"ဟင် . . ."

ထိုအခါမှ ကပ္ပာကဃာ ထကာ မိမိတို့ နံဘေး၌ ထားသော လက်နက်များကို ကောက်ယူကြသည်။





"လာနေကြတဲ့ အုပ်စုတွေကတော့ အတော်များတဲ့ပုံပဲ၊ အသံတွေ အများကြီး ကြားနေရတယ်၊ သူတို့ မိုးမလင်းခင် ဒီစခန်းကို ဝင်တိုက်ကြလိမ့်မယ် ထင်တယ်"

"လာပေ့စေပေါ့ကွာ . . . ဘာကြောက်စရာရှိသလဲ"

"ကျုပ်တို့ကတော့ ဘယ်လိုပဲ တိုက်ရတိုက်ရ မကြောက် ပါဘူး၊ ဘာကြောင့်လဲဆိုတော့ သခင့်ဆီမှာ ပါလာတဲ့ ယောဂီကြီးရဲ့အရုပ်ဟာ ဒီလူရိုင်းတွေကို ကောင်းကောင်း သုတ်သင်ပစ်နိုင်မှာပါ"

"ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

"မရဏနွံအိုင် အစပ်မှာ ကျုပ်တို့ကို လူရိုင်းတွေက ဝိုင်းကြတော့ ရှေ့ကနေ လမ်းပြပြီးတော့ မြွေပိတ္တာကြီးကို မလှုပ်နိုင်အောင် နှင်းလျှောက်သွားတာ တခြားဟုတ်ပါရိုးလား၊ သခင့်ဆီမှာပါလာတဲ့ ယောဂီရုပ်တုရဲ့ ဝိညာဉ်ပဲပေါ့"

ဟု ထူးဆန်းသော စကားကို ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ မရစ် ပြောသောစကားကို ကြာရည် အံ့သြမနေအားဘဲ လူရိုင်းတွေ ရောက်လာလျှင် ဘယ်ပုံဘယ်နည်း ခုခံတိုက်ခိုက်ရမည်ကို စီမံဆောင်ရွက်ရ လေသည်။

သူသည် တိုက်ပွဲ အတွေ့အကြုံရှိသူ တစ်ယောက် ဖြစ်သော်လည်း လူရိုင်းများမှာ ဘယ်လို လက်နက်မျိုးဖြင့် ဘယ်ပုံ ဘယ်နည်း တိုက်ခိုက်မည်ကို ကြိုတင်မသိရပြီးပင်။



www.burmeseclassic.com

www.burmeseclassic.com

အများအားဖြင့်တော့ လူရိုင်းများမှာ လုံရှည်၊ ဓား၊ ရဲတင်း၊ မှုတ်ပြောင်းများကို အသုံးပြုလေ့ ရှိသော်လည်း မည်သို့မည်ပုံ တိုက်ခိုက်လာမည်ကိုတော့ ကြိုတင် မခန့်မှန်း နိုင်ကြပေ။

သို့သော်လည်း မိမိတို့ဘက်မှ အားလုံး အဆင်သင့် ဖြစ်အောင်တော့ အစစ.အရာရာ ပြင်ဆင်ထားကြလေသည်။ လူရိုင်းတို့၏ သဘောမှာ အလင်းရောင် မရောက်ခင် တစ်ဖက်ရန်သူကို တရကြမ်း ဝင်တိုက်လေ့ ရှိကြသည်။ အလင်းရောင် သိပ်မရသေးသော်လည်း တောင်အောက်မှ တက်လာသော မည်းမည်းသဏ္ဍာန်များကို လှမ်းမြင်နေ ရသည်။

ဒီနေရာမှာတော့ လူပုလေးမိတ္တာနှင့် မရစ်တို့ နေရာ ရွေးပုံကို ချီးကျူးရလေသည်။

အကယ်၍ ချောင်းကမ်းစပ် လွင်ပြင်နေရာမှာသာ စခန်းချနေမိပါက ယခုလောက်ဆိုလျှင် လူရိုင်းအုပ်စုများ ဝင်ရောက် တိုက်ခိုက်ခြင်းကို ခံနေရလောက်ပြီ။

သူတို့အဖွဲ့မှာ လူခြောက်ယောက်သာ ရှိပြီး မရစ်တို့ အုပ်စုနှင့် ပေါင်းပါမှ ၁၅ ယောက်ခန့်သာရှိသဖြင့် လူရိုင်း အုပ်စုနှင့် နှိုင်းယှဉ်လျှင် ဥသျှစ်တစ်တင်းနှင့် နှမ်းတစ်တင်း ကဲ့သို့ ကွာခြားလေတော့သည်။





သူတို့ နေရာယူထားသော နေရာမှာ ကျောက်ကလာပ် တစ်ခုကဲ့သို့ ဖြစ်နေသောကြောင့် အခြားနေရာများက ချောက်ကမ်းပါးကြီးများသာ ရှိပြီး ရှေ့ဘက်မှ တက်လမ်း တစ်လမ်းသာ ရှိနေခြင်းကလည်း သူတို့အတွက် ကံကောင်း စေပြီး တစ်ပန်းသာစေသောအချက် ဖြစ်ပေသည်။

အမှန်တော့ လူရိုင်းများသည် ခေါင်းဖြတ်ချင်၍ ဖြစ်စေ၊ သို့မဟုတ် လူသားစားချင်၍ ဖြစ်စေ သူတို့တစ်တွေ အိပ်မော ကျနေစဉ် တိတ်တဆိတ်တက်လာပြီး သတ်ပစ်ဖို့ရန် တက်လာ ကြခြင်းသာ ဖြစ်သည်။

မလှမ်းမကမ်း ရောက်လာသောအခါ ၎င်းတို့ ဦးခေါင်း ပေါ်မှ ကျော်တက်နေသော လုံရှည်ကြီးများကို အရင် လှမ်းမြင်ရသည်။

လုံရိုးများသည် ရိုးပြတ်များသဖွယ် ထိုးထိုးထောင်ထောင် ရှိနေလေ၏။

သူတို့အနီးသို့ ရောက်လာသောအခါ သေနတ်များဖြင့် ချိန်ကာ တစ်ပြိုင်နက်တည်း ပစ်ချလိုက်လေသည်။

"ဒိုင်း. . ဒိုင်း. . .ဒိုင်း. . .ဒိုင်း. . ."

သေနတ်တစ်ကမ်း အကွာအဝေးတွင် တေ့ပစ်ရသော ကြောင့် ပစ်ကွင်းမှာ ဘယ်လိုမှ လွဲနိုင်စရာ မရှိပေ။

သေနတ်ကျည်ဆန်များ ထိမှန်ခံလိုက်ရသော လူရိုင်း အတော်များများမှာ နောက်သို့ လန်ကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့မှာ အပေါ်စီးမှ ပစ်ရသော ကြောင့် တစ်ပန်းသာနေတော့သည်။

လူရိုင်းများက ၎င်းတို့တွင် ပါလာသော လုံရှည်များဖြင့် ပစ်ခြင်း၊ အဆိပ်လူးမြှားများဖြင့် လှမ်းမှုတ်ခြင်းများ ပြုကြသော်လည်း ခြတောင်ပို့သဏ္ဍာန် ကျောက်တုံးကြီးက အကာအကွယ် ပေးထားသောကြောင့် အပေါ်သို့ ရောက်မလာပေ။

ဒေါက်တာ မင်းထင်ကျော်တို့နှင့် အတူပါလာသော လူရိုင်းများကလည်း ၎င်းတို့ ယူဆောင်လာသော မှုတ်ပြောင်းများအတွင်းသို့ မြှားထည့်ကာ မှုတ်ကြရာ မြှားမိုးရွာသကဲ့သို့ ရှိနေတော့သည်။

သေနတ် ကျည်ဆန်များကြောင့် ရှေ့ဆုံးမှ လူရိုင်းအတော်များများ ကျသွားသောအခါ အနည်းငယ် တန့်သွားကြသည်။

သို့သော်...

နောက်ကြောင်း ပြန်ဆုတ်သွားခြင်းတော့ မဟုတ်ပေ။

ခဏကြာတော့ စောစောကလို တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း တန်းစီတက်ခြင်းမျိုး မဟုတ်ဘဲ အုပ်စုလိုက် တရကြမ်းတက်ရန် ကြိုးစားလာကြပြန်သည်။

သို့ကြောင့် သေနတ်များဖြင့် တရကြမ်း ပစ်ခတ်ကြရလေသည်။





ရှေ့ကလူများ သေနတ်ထိမှန်၍ တစ်ယောက်ကျသွားလျှင် နှစ်ယောက် တက်လာသည်။

နှစ်ယောက်ကျလျှင် လေးယောက် ထပ်တက်လာသည်။

ဤသို့ဖြင့် တစ်ဆတိုးကာ တိုးကာဖြင့် မရ.ရအောင် တက်လာကြရာ အတော်နီးသောနေရာသို့ ရောက်လာကြရာ သေနတ်နှင့် ပစ်၍မနိုင်အောင် ဖြစ်လာတော့သည်။

သေနတ်ထဲမှာ ကျည်ဆန်ကုန်၍ ထပ်ဖြည့်နေစဉ်မှာ မလှမ်းမကမ်း နေရာသို့တိုင် တက်လာနိုင်ကြသည်။

ထိုအခါ မရစ်နှင့် လူရိုင်းများက ၎င်းတို့၏ ကပ်ပါး၊ ရဲတင်း၊ လုံရှည်ကြီးများနှင့် ရင်ဆိုင် တိုက်ခိုက်ကြရလေတော့သည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာ ကြိမ်းဝါးမာန်ဖီသံ၊ အော်ဟစ်ညည်းညူသံ၊ သံ.သံချင်း ထိသံ၊ ထိခိုက်သံများအပြင် သေနတ်သံများကလည်း ဆူညံစွာ ပေါ်ထွက်နေလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့ လက်ချက်ကြောင့် ရန်သူလူရိုင်းများမှာ အတုံးအရုံး သေဆုံးကြသလို ရှေ့မှ ဆီးကြိုတိုက်ခိုက်နေကြသည့် မရစ်တို့အဖွဲ့မှ လူရိုင်းအချို့လည်း လဲကျသွားသည်ကို လှမ်းမြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီအတိုင်း ကြာလျှင်တော့ အင်အားများလွန်းသော လူရိုင်းများ လက်ချက်ကြောင့် မိမိတို့ အဖွဲ့သားများအားလုံး ထစ်ယောက်ပြီး တစ်ယောက် သေဆုံးသွားနိုင်သည်ဟု တွေးမိလေသည်။

တဖြည်းဖြည်းနှင့် အရုဏ်ဦး အလင်းရောင်ကလည်း လင်းလာပြီဖြစ်သဖြင့် တောင်ပေါ်သို့ရောက်ရန် သဲကြီးမဲကြီး တက်ဖို့ ကြိုးစားနေကြသည့် လူရိုင်း ရာပေါင်းများစွာတို့ကို လှမ်းမြင်ရလေသည်။

မိမိတို့အဖွဲ့မှ စောထီး၊ ငမဲအောင်နှင့် ဦးမွန်ထော်တို့မှာ တိုက်ခိုက်ရည် ကောင်းကြသလို စာရေးဆရာ အောင်မင်းအောင်ကလည်း စာရေးကောင်းသလို သေနတ်ပစ် ကျွမ်းကျင်သူ ဖြစ်လေသည်။

ထို့အတူ လူပုလေးမိတ္တာ၊ မရစ်တို့မှာ လှံရှည်နှင့် ရဲတင်းများကို ကျွမ်းကျင် ပိုင်နိုင်စွာ အသုံးချနိုင်သူများပေမို့ လူရိုင်းများစွာတို့မှာ အထိနာကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာလည်း မိမိတို့အတွက် ပြေးစရာလမ်း မရှိတော့မည့်အတူတူ နောက်ဆုံးအချိန်အထိတော့ အစွမ်းကုန် တိုက်ခိုက်မည်ဟု ဆုံးဖြတ်ကာ အနီးသို့ ရောက်အောင် တက်လာသော ရန်သူများအား တစ်ယောက်ပြီး တစ်ယောက် ပစ်ချနေလေသည်။





ထိုသို့ အကြိတ်အနယ် တိုက်ခိုက်နေဆဲမှာပင် တောင်ခြေဘက်မှ အော်ဟစ် ဆူညံသံများကို ကြားရပြန်လေသည်။

ထိုအသံများ ကြားသောအခါ စောထီးက...

"နောက်ထပ် လူရိုင်းတွေ ထပ်ရောက်ပြန်ပြီနဲ့ တူတယ်၊ ဒီအတိုင်းဆိုရင် ကျွန်တော်တို့မှာ ရှိတဲ့ ကျည်ဆန်တွေနဲ့ လောက်တော့မယ် မထင်ဘူး"

ဟု စိတ်ပူစွာ ပြောသည်။

ဒေါက်တာ မင်း ထင်ကျော်က မလှမ်းမကမ်း ရောက်လာပြီး လှံဖြင့်ထိုးရန် ပြေးလာသော လူရိုင်းနှစ်ယောက်ကို သေနတ်ဖြင့် ပစ်ချလိုက်ရင်း...

"နောက်ဆုံး အချိန်အထိတော့ တိုက်ကြတာပေါ့"

ဟု ပြန်ပြောလိုက်သည်။

ခဏကြာတော့ အခြေအနေမှာ သူတို့ထင်သလို မဟုတ်မှန်း သိလာကြရသည်။

တောင်ထိပ်သို့ အလုအယက် ပြေးတက်နေကြသော လူရိုင်းများမှာ ရှေ့သို့ ဆက်မတက်ကြတော့ဘဲ နောက်ကြောင်းသို့ ပြန်လှည့်ဆင်းသွားကြလေတော့သည်။

ထိုအခါ လူပုလေးမိတ္တာက တောင်ထိပ်မှ ထွက်ကြည့်ကာ...

"လူနီရိုင်းတွေ ရောက်လာကြပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဟု အော်ပြောလိုက်သဖြင့် ဒေါက်တာမင်းထင်ကျော်တို့ပါ ထွက်ကြည့်ကြသောအခါ လူသားစား လူရိုင်းအုပ်စုများအား နောက်ထပ် ရောက်လာသော လူရိုင်းများက တရကြမ်းတိုက်ခိုက်နေသည်ကို မြင်တွေ့ရလေသည်။

အတန်ငယ် ကြာသောအခါ အင်အား နည်းနေပြီဖြစ်သော လူသားစား လူရိုင်းများမှာ မခံနိုင်တော့ဘဲ တောထဲသို့ ဝင်ပြေးကြသည်ကို လှမ်းမြင်ရသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ လူသားစား လူရိုင်းများ ထွက်ပြေးသွားကြသော်လည်း လူနီရိုင်းအုပ်စုများ ကျန်နေသေးသောကြောင့် ဘာလုပ်မည်လဲဟု ကြည့်နေစဉ်မှာ ၎င်းတို့သည် ဒေါက်တာမင်းထင်ကျော်တို့ရှိနေသည့် တောင်ပေါ်သို့ တန်းစီပြီး တက်လာကြပြန်လေသည်။

ထိုသို့ တက်လာသည်ကို မြင်သောအခါ စိတ်ပူသွားသော်လည်း ၎င်းတို့ ဟန်အမူအရာမှာ ရန်ပြုရန် တက်လာသည့်ဟန်မျိုးမဟုတ်မှန်း တွေ့ရတော့မှ အနည်းငယ် စိတ်အေးရလေသည်။

မလှမ်းမကမ်းနေရာသို့ ရောက်သောအခါ ခေါင်းဆောင်ဖြစ်ဟန်တူသော လူရိုင်းက ဦးခေါင်း ညွတ်၍ အရိုအသေပေးကာ...

"သုဝဏ္ဏဒေဝီကို ကြိုဆိုပါ၏"





ဟု ပြောလေသည်။

ထိုသို့ပြောသောအခါ ကျန်လူရိုင်းများက...

"သုဝဏ္ဏဒေဝီ"

"သုဝဏ္ဏဒေဝီ"

"သုဝဏ္ဏဒေဝီ"

ဟု သံပြိုင် ဟစ်အော်ကြလေရာ ဒေါက်တာ မင်းထင်ကျော်မှာ အဓိပ္ပာယ် နားမလည်အောင် ဖြစ်နေရာ စာရေးဆရာအောင်မင်းအောင်က...

"သူတို့ပြောတဲ့ သုဝဏ္ဏဒေဝီ ဆိုတာ မောင်ရင်ယူလာတဲ့ ခါးတစ်ပိုင်း ပြတ်နေတဲ့ အရုပ်ကို ပြောတာများဖြစ်နေမလား"

ဟု သတိပေးလိုက်တော့မှ ခရီးဆောင် အိတ်ထဲမှ ကတ္တီပါစဖြင့် ထုပ်ထားသော ကျောက်စိမ်းရုပ်တုကို ထုတ်ယူကာ လက်ထဲမှာ ကိုင်လိုက်သည်။

ထိုရုပ်တုကို မြင်လိုက်သည်နှင့် လူရိုင်းအားလုံးမှာ မြေပေါ်သို့ ပြားပြားဝပ်ကျသွားလေတော့သည်။

အတန်ကြာသောအခါ လူရိုင်း ခေါင်းဆောင်က...

"သုဝဏ္ဏဒေဝီကို သယ်ဆောင်လာသူများ သုဝဏ္ဏပဗ္ဗတ သခင်မက အကြိုတော် လွှတ်လိုက်ပါတယ်၊ ကျုပ်တို့နဲ့ အတူ လိုက်ခဲ့ကြပါ"


www.burmeseclassic.com

www.burmeseclassic.com

ဟု ခေါ်သဖြင့် ဒေါက်တာမင်းထင်ကျော်တို့မှာ ရေတော်တွန်း ရေတွင်းထဲ ကျသကဲ့သို့ ဖြစ်ကာ လူနီရှိင်းများ လမ်းပြခေါ်ဆောင်ရာနောက်မှ လိုက်ခဲ့ကြလေတော့သည်။

ယခုအခါ သဘာဝ အလင်းရောင်များက ပတ်ဝန်းကျင်တစ်ဝိုက်သို့ ပျံ့နှံ့နေလေပြီ။





## အခန်း (၁၂)

## သုဝဏ္ဏာဒေဝီနှင့် တွေ့ရခြင်း

တကယ်တော့ သူတို့တစ်တွေကို လူနီရှိင်းများ ခေါ်သွားသော လမ်းမှာ သာမန်လူတို့ ဘယ်လိုမှ ရှာမတွေ့နိုင်သည့် လမ်းမျိုး ဖြစ်ပေသည်။

ရာပေါင်းများစွာသော တောင်ထွတ်၊ တောင်ကုန်းများကြားမှ ခက်ခက်ခဲခဲ သွားကြရသည့်အပြင် မြင့်မားလှသည့် တောင်ထွတ်ကြီးများ အပေါ်သို့လည်း အကြိမ်ကြိမ် တက်ရောက်ကြရလေသည်။

ရှေ့ဘက်သို့ ဆက်သွားသော လမ်းများတွင် အောက်ဘက်သို့ ဆင်းရသည့်လမ်းမျိုး မတွေ့ရတော့ဘဲ တောင်



www.burmeseclassic.com

www.burmeseclassic.com

တစ်လုံးပေါ် တက်လိုက်၊ တောင်ကြောပေါ်မှာ လျှောက်လိုက်၊ တစ်နေရာရောက်ပြန်လျှင် နောက်ထပ် တောင်ကြောတစ်ခုပေါ်သို့ တက်လိုက်နှင့် အတက်ခရီးများသာ များလေတော့သည်။

ဤသို့ဖြင့် ရက်အတန်ကြာအောင် သွားမိသောအခါ ကြီးမားသော တောင်ကြီးတစ်လုံး၏ တောင်ခြေသို့ ရောက်သွားလေတော့သည်။

ထိုနေရာသို့ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က ၎င်း၌ပါလာသော မြေပုံကို ထုတ်ကြည့်သောအခါ မိမိတို့ သွားလိုသော ခရီးလမ်းဆုံးနေရာသို့ ရောက်နေပြီဖြစ်ကြောင်း ခန့်မှန်းမိလေသည်။

ထိုတောင်ခြေသို့ ရောက်သောအခါ လှပုလေးမိတ္တာက...

"နောက်ဆုံးတော့ ကျုပ်တို့တစ်တွေဟာ သုဝဏ္ဏာဒေဝီ သခင်မရဲ့ ကူညီမှုကြောင့် ကျောက်စိမ်းတောင်ကြီး ရှိတဲ့နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ကြလေပြီ"

ဟု ဝမ်းသာအားရ ပြောလေသည်။

"ဒါ... ကျောက်စိမ်းတောင်ကြီးလား"

"အမှန်ပေါ့... အပေါ်မှာ ကပ်နေတဲ့ သစ်ပင်တွေ၊ ရေညှိတွေကိုသာ ဖယ်ကြည့်လိုက်ရင် ကမ္ဘာပေါ်မှာ အကြီးဆုံး ကျောက်စိမ်းတုံးကြီးကို မုချတွေ့ရမှာပဲ"





"ဒါဖြင့် တောင်ထိပ်ပေါ်မှာ သုဝဏ္ဏပဗ္ဗတ မြို့ဟောင်းကြီး ရှိတာ သေချာပြီပေါ့"

"လူတွေကတော့ ဒီလိုပဲပြောကြတာပဲ၊ ကျုပ်ကိုယ်တိုင်လည်း အပေါ်ကို တစ်ခေါက်မှ မရောက်ဘူးတော့ အတတ်မပြောနိုင်ဘူး၊ ဒါပေမယ့် လူတွေပြောပုံအရ ဆိုရင်တော့ ရှိမှာသေချာပါတယ်"

ဟု ပြောလေသည်။

ထိုကျောက်တောင်ကြီးမှာ မြင့်မားလွန်းသည်က တစ်ကြောင်း၊ မတ်စောက်လွန်းသည်က တစ်ကြောင်းကြောင့် အပေါ်သို့ရောက်အောင် တက်နိုင်မည့်လမ်း ဟူ၍ မတွေ့ရသလောက်ပင်။

တောင်ခြေသို့ ရောက်သောအခါ လှနိုရိုင်းများက တောင်ခြေတစ်နေရာရှိ ကျောက်နံရံအနီးသို့သွားကာ သံပြိုင်ရွတ်ဆိုသံကဲ့သို့ အသံမျိုးဖြင့် ရွတ်ဆိုထိုက်ကြလေသည်။

ထိုသို့ ရွတ်ဆိုလိုက်သောအခါ အတန်ကြာအောင် ငြိမ်သက်နေပြီးမှ ခဏကြာတော့ ကျောက်တောင်နံရံကြီးမှာ တကျွိကျွိ မြည်သံများဖြင့် လှုပ်ရှားလာလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ အံ့သြဖွယ်ရာ မြင်ကွင်းကြောင့် မျက်တောင်မခတ် စိုက်ကြည့်နေစဉ်မှာ ကျောက်နံရံ



www.burmeseclassic.com

www.burmeseclassic.com

ကြီးမှာ တံခါးချပ်ကြီးများသဖွယ် တကျွိကျွိဖြင့် ပွင့်သွားလေရာ ဂူပေါက်ဝကြီး ဖြစ်သွားလေတော့သည်။

ဂူပေါက်ဝ ပွင့်သွားလျှင် အထဲမှ မီးခိုးငွေ့ကဲ့သို့ အရာများ ဝေ့ဝဲထွက်လာသည်။

မီးခိုးငွေ့များ စဲသွားတော့မှ အတွင်းမှ အသက်အရွယ် ကြီးရင့်လှသော အဘိုးအိုတစ်ဦး ထွက်လာသည်။

အဘိုးအိုမှာ အရပ်အမောင်းမြင့်မြင့်၊ ပိန်ပိန်ပါးပါးနှင့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ဆံပင်မွေးများအားလုံး ဆွတ်ဆွတ် ဖြူနေရုံမက အဖြူရောင် အဝတ်များကို ဝတ်ဆင်ထားလေသည်။

သူ့လက်ထဲ၌ တောင်ဝှေး တစ်ချောင်း ကိုင်ထားပြီး တောင်ဝှေးထိပ်၌ ဝင်းလက်သော အရာဝတ္ထု တပ်ထားလေသည်။ ထိုအဘိုးကြီး၏ နောက်မှာတော့ လုံရှည်နှင့် ရဲတင်းများ ကိုင်ထားကြသည့် လူနီရိုင်းများကို တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်တို့ကို ခေါ်လာသော လူနီရိုင်းများက အဘိုးကြီးကို မြင်သောအခါ မြေပြင်ပေါ်မှာ ဝပ်၍ အရိုအသေ ပေးကြလေသည်။

အဘိုးကြီးက ဒေါက်တာမင်းထင်ကျော် အနီး ရောက် အောင် လျှောက်လာပြီး မိမိတို့ နားလည်နိုင်သော ဘာသာ စကားဖြင့် နှုတ်ဆက်လေသည်။





"သုဝဏ္ဏာဒေဝီရုပ်တုကို သယ်ဆောင်လာသူများအား ကြိုဆိုပါ၏။ သင်တို့အား သူ့ရဲကောင်းများအဖြစ် အသိအမှတ် ပြုပါ၏"

ဟု ပြောလေရာ ဒေါက်တာမင်းထင်ကျော်က ဦးခေါင်း ညွှတ်ကာ အသိအမှတ် ပြုလိုက်လေသည်။

"သင်တို့သည် သုဝဏ္ဏာဒေဝီ ရုပ်တု တန်ခိုးကြောင့် သာမန်လူတို့ ဘယ်လိုမှ မတွေ့နိုင် မရောက်နိုင်သော ကျောက်စိမ်းတောင်သို့ ရောက်ခဲ့ကြပေသည်၊

သို့အတွက် သင်တို့အား သုဝဏ္ဏာပဗ္ဗတ၏ ဧည့်သည် တော်များအဖြစ် လက်ခံပါ၏၊ ကျွန်ုပ်နောက်သို့ လိုက်ခဲ့ကြ ပေတော့"

ဟု ပြောဆိုကာ ဂူအတွင်းသို့ ပြန်ဝင်သွားရာ ဒေါက်တာ မင်းထင်ကျော်တို့လည်း များပြားလှသော လူနီရိုင်းများကြားမှ ကျော်ဖြတ်ကာ အဘိုးကြီး ခေါ်ဆောင်ရာနောက်သို့ လိုက်သွား ကြလေတော့သည်။

ကျောက်တောင်အတွင်းသို့ ဝင်သွားကြရာ အတန်ကြာ သောအခါ အလင်းရောင်အချို့ ရှိနေသော ဂူအတွင်းပိုင်းသို့ ရောက်သောအခါ ကျောက်ဂူနံရံများတွင် ခိုအိမ်များသဖွယ် အပေါက်များ ဖောက်ကာ နေထိုင်ကြသော လူရိုင်းအပေ များများကို တွေ့ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

လူနီရိုင်းများသည် ကျောက်ဂူအဝ,များ၌ ဒူးထောက်၍ ဦးခေါင်းကို ကြမ်းပြင်၌ ကပ်ကာ အရိုအသေ ပြုနေကြလေသည်။

လူဖြူကြီး ဦးဆောင်သော လူများသည် ကျောက်တောင်ကြီး အတွင်းပိုင်းသို့ ရောက်ကြသောအခါ အလင်းရောင်အချို့ ရှိနေသောကြောင့် ပတ်ဝန်းကျင်ကို ကောင်းစွာ မြင်နိုင်ကြလေသည်။

အချို့နေရာများတွင် ကျောက်သားကို သဘာဝအတိုင်း ထွင်းထုထားသော ကျောက်လှေကားထစ် များစွာတို့ကို တွေ့ရသဖြင့် ထိုလှေကားထစ်များအတိုင်း အပေါ်သို့ တက်သွားကြရလေသည်။

ထိုနေရာ ရောက်သောအခါ အပြင်မှ အလင်းရောင် ဝင်လာသော ကျောက်ဂူဝ,တစ်ခုကို လှမ်းမြင်ရလေသည်။ အပြင်ဘက်ရောကလျှင် ပေနှစ်ရာခန့်ကျယ်သော ကျောက်သားပြင်ကြီးတစ်ခုကို လှမ်းမြင်ရသည်။

ထိုကျောက်သားပြင်ပေါ်သို့ နေရောင်အချို့ ဖြာဆင်းကျလျက် ရှိနေသည်။

ထိုကွက်လပ်နေရာမှ အောက်သို့ ငုံ့ကြည့်လျှင် တောင်ခြေသို့ မမြင်ရဘဲ တောင်ပတ်လည်၌ ဝေ့ဆိုင်းနေသည့် မြူနှင်းများကိုသာ တွေ့ရသည်။





သူတို့ ယခုရောက်နေသော နေရာမှာ တောင်၏ အထက်ပိုင်းနေရာတစ်ခုဖြစ်မှန်း သိသော်လည်း ဘယ်နေရာဖြစ်မှန်းတော့ မခန့်မှန်းနိုင်ကြပေ။

တောင်အောက်သို့ မမြင်ရတော့သလို တောင်ထိပ်ကိုလည်း မမြင်နိုင်သေးပေ။

ထိုရင်ပြင်ပေါ်မှ လှမ်းကြည့်လျှင် မလှမ်းမကမ်းနေရာ၌ ဂူပေါက်ဝ,တစ်ခုတွေ့ရပြီး အပေါ်သို့တက်သည့် လှေကားထစ်များကိုလည်း လှမ်းမြင်ရသည်။

လူဖြူကြီးက ထိုဂူပေါက် ရှိရာသို့ ခေါ်သွားသဖြင့် ဒေါက်တာမင်းထင်ကျော်တို့လည်း နောက်မှ လိုက်သွားကြလေသည်။

ဂူပေါက်ဝ,မှ အတွင်းသို့ဝင်လိုက်သောအခါ ကျယ်ဝန်းသော အခန်းကျယ်ကြီး တစ်ခုအတွင်းသို့ ရောက်သွားလေတော့သည်။

ထိုအခန်းမှာ ယခင် တွေ့ခဲ့သော အခန်းများထက် ပိုမိုကျယ်ဝန်းရုံမက စူးရှသော အလင်းရောင်တန်းများကဟိုမှ သည်မှ ဖြာဆင်းကျလျက်ရှိသည်။

အမှန်တော့ ထိုအခန်းကျယ်ကြီးမှာ သလင်းကျောက်များဖြင့် ဖွဲ့စည်း တည်ဆောက်ထားသော အခန်းကြီးဖြစ်ကြောင်း နောက်မှ သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခန်းမကြီးမှာ ပေတစ်ရာပတ်လည်ခန့် ကျယ်ဝန်းပြီး အတွင်းပိုင်းဘက်တွင် ကျောက်စင်မြင့်ကြီး သုံးခုရှိလေသည်။

ကျောက်လှေကားထစ်များသဏ္ဌာန် ပြုလုပ်ထားသော အပေါ်ဆုံးစင်မြင့်ကြီးပေါ်၌ ရွှေရောင်တလက်လက် တောက်နေသော ဗုဒ္ဓရုပ်ပွားတော် တစ်ဆူရှိသည်။

ဗုဒ္ဓရုပ်ပွားတော်မှာ လေးပေခန့်မြင့်ပြီး ရွှေစင်ရွှေသား အစစ်ဖြင့် သွန်းလုပ်ထားဟန် ရှိပေသည်။

လူဖြူကြီးက ထိုအခန်းထဲသို့ ဝင်သောအခါ အခြားသူများကို ဝင်ခွင့်မပြုတော့ဘဲ ဒေါက်တာမင်းထင်ကျော် တစ်ယောက်ကိုသာ အတွင်းသို့ ခေါ်သွားလေသည်။

လူနီရိုင်းများက သူနှင့် အတူပါလာသော အဖွဲ့သားများကို အခြားနေရာသို့ ခေါ်သွားကြလေသည်။

"သူတို့ကို ဘယ်နေရာ ခေါ်သွားကြမှာလဲ"

"စိတ်မပူပါနဲ့... သင်တို့အားလုံးကို သုဝဏ္ဏဝဇ္ဇတရဲ့ ဧည့်သည်များအဖြစ်နဲ့ လက်ခံထားပြီးတဲ့အတွက် ဘေး အန္တရာယ် တစ်စုံတစ်ရာ မရှိစေရပါ။ သူတို့ကို ဧည့်ဝတ်ပြုရန် အတွက် ခေါ်သွားခြင်းသာ ဖြစ်ပါသည်"

ထိုစကား ကြားသောအခါမှ စိတ်သက်သာရာ ရသွားလေသည်။





"သင် ဟိုဘက်အခန်းထဲဝင်ကို ဝင်ပြီး ရေမိုးသန့်စင်ပြီး ဒီအခန်းထဲကို ပြန်လာခဲ့ပါ၊ သခင်မနဲ့ တွေ့ဖို့ရန်အတွက် ကျွန်ုပ် အကြောင်းကြားပေးပါ့မယ်"

ဟု ပြောကာ ကျောက်စင်ကြီးများရှိရာ နောက်ဘက်ရှိ ဂူပေါက်အတွင်းသို့ ဝင်သွားရာ ဒေါက်တာမင်းထင်ကျော် လည်း အဘိုးအို ညွှန်ပြခဲ့သော အခန်းအတွင်းသို့ ဝင်လာရာ အတွင်းသို့ ရောက်သောအခါ အခိုးအငွေ့များ ထ,နေသော ရေကန် တစ်ကန်ကို တွေ့ရသဖြင့် လက်ဖြင့် စမ်းကြည့်သော အခါ နွေးနေသည်။

သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေဘဲ အဝတ် အစားများ ချွတ်၍ နွေးနေသောရေဖြင့် ကိုယ်လက်သန့်စင် လေသည်။

ပြီးမှ အဝတ်အစားများကို လဲလှယ် ဝတ်ဆင်ပြီးနောက် အပြင်သို့ ပြန်ထွက်လာသည်။

အပေါက်ဝ၌ အဘိုးအိုက စောင့်နေပြီး သူ့ကို စောစော က ရောက်ခဲ့သော အခန်းကျယ်ကြီးအတွင်းသို့ ခေါ်ဆောင် သွားလေသည်။

အခန်းကျယ်ကြီးအတွင်းမှာ ဘယ်သူမှမရှိဘဲ တိတ်ဆိတ် ငြိမ်သက်လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

လူဖြူကြီးက သူ့ကို အခန်းအလယ်၌ထားခဲ့ပြီး အခန်းပေါက် တစ်ခုအတွင်းသို့ ဝင်သွားပြီး ခဏကြာတော့ ပြန်ထွက်လာသည်။

"သခင်မ... ကြွလာပြီ၊ သင်တို့ အကြောင်းများကို ကောင်းမွန်စွာ ပြောပြပေတော့"

ဟု ပြောနေစဉ် နောက်ဘက် အခန်းတစ်ခုအတွင်းမှ အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားသည့် အမျိုးသမီး တစ်ဦး ထွက်လာလေသည်။

အမျိုးသမီးမှာ သူ အိပ်မက်ထဲမှာ တွေ့မြင်ရသော သုဝဏ္ဏဒေဝီ ဟူသော မိန်းကလေးဝတ်ဆင်သည့် ရှေးခေတ် အဝတ်အစား အဆင်အယင်များနှင့်ဖြစ်ပြီး မျက်နှာကို ပဝါ တစ်ခုဖြင့် ဖုံးအုပ်ထားလေသည်။

မလှမ်းမကမ်းသို့ ရောက်သောအခါ ဒေါက်တာ မင်းထင်ကျော်က ခေါင်းပေါ်၌ ဆောင်းထားသည့် သက္ကလပ်ဦးထုပ်ကို ချွတ်ကာ ဦးညွှတ်၍ အရိုအသေ ပေးလိုက်လေသည်။

"ကျွန်ုပ်သည် သုဝဏ္ဏဒေဝီ ဖြစ်သည်၊ သုဝဏ္ဏပဗ္ဗတကို အုပ်ချုပ်ရသည့် သခင်မပင် ဖြစ်၏။ သင်က ဘယ်သူဖြစ်သလဲ"

ဟု သာယာ ချိုမြသော အသံဖြင့် မေးသည်။

"ကျွန်တော့်နာမည် ဒေါက်တာ မင်းထင်ကျော်ပါ၊ ခရီးသွား သုတေသနသမား တစ်ယောက် ဖြစ်ပါတယ်"

"ဒီအရပ်ကို ဘယ်လိုကိစ္စနဲ့ ရောက်လာတာလဲ"





"မိတ်ဆွေ တစ်ယောက်ကို ရှာဖို့ရန်အတွက် ရောက်လာကြခြင်း ဖြစ်ပါတယ်"

"သင့်ဆီမှာ ကျွန်ုပ်တို့ အလေးအမြတ်ထားသော ရုပ်တုတစ်ခု ပါလာသည်ဟု သတင်းကြားရပါသည်၊ မှန်ပါ သလား ခရီးသည်"

ထိုသို့ မေးသဖြင့် အံ့သြခြင်းတော့ မဖြစ်မိပေ။

သို့သော် စိတ်ထဲက သိချင်နေသည်။

"ဘယ်လို ကြိုတင်သိနေသလဲဆိုတာ သိချင်ပါတယ်"

"သုဝဏ္ဏပဗ္ဗတဟာ ဝိညာဉ်တို့ ပျော်မွေ့ရာ နေရာ တစ်ခု ဖြစ်ပေတယ်၊ ထိုရုပ်တုအကြောင်းကို ကျွန်ုပ်တို့ ကြိုတင် သိနေရခြင်းမှာ သုဝဏ္ဏဒေဝီ ဝိညာဉ်က ကြိုတင် အကြောင်းကြား ထားခြင်းကြောင့်သာ ဖြစ်ပေသည်"

ဟု ပြောလေရာ အနည်းငယ် အံ့သြသွားလေသည်။

"မှန်ပါတယ်...ကျွန်တော့်ထံမှာ ရုပ်တုတစ်ပိုင်း ပါလာ ခဲ့ပါတယ်"

ဟု ပြောဆိုကာ အိတ်ထဲမှ ရုပ်တု ထည့်ထားသည့် အထုပ်ကို ယူကာ သုဝဏ္ဏဒေဝီကို ကမ်းပေးလိုက်သည်။

သုဝဏ္ဏဒေဝီက ထိုအထုပ်ကိုယူ၍ ဖြေကာ အတွင်းမှ ရုပ်တုကို ထုတ်ယူကြည့်လိုက်သည်။

အတန်ကြာအောင် ကြည့်ပြီးသောအခါမှ...


www.burmeseclassic.com

www.burmeseclassic.com

"ဒီရုပ်တုဟာ ကျွန်ုပ်တို့ အလေးအမြတ် ထားသည့် သုဝဏ္ဏဒေဝီရုပ်တု အမှန်ပင် ဖြစ်ပေတယ်၊ ဒီရုပ်တုကို မသမာသူများက ဖျက်ဆီး ခိုးယူသွားခြင်း ဖြစ်ပေသည်၊ သူတို့သည် ထိုပြစ်မှုအတွက် အသက်ပေးဆပ်ကာ ၎င်းတို့၏ ဝိညာဉ်များသည်လည်း ဤနေရာသို့ ရောက်ခဲ့ကြရပေသည်"

ဒေါက်တာ မင်းထင်ကျော်က စိတ်ဝင်စားစွာဖြင့် နားထောင်နေလေသည်။

"ထိုရုပ်တုတစ်ပိုင်းကို ယူဆောင်သွားစဉ်က ကျွန်ုပ်တို့ သုဝဏ္ဏပဗ္ဗတသားတို့ တွေ့ကြုံခဲ့ရသော အန္တရာယ်ဆိုးများ အကြောင်းကို နောင်တွင် သင် သိအောင် ပြသပေးပါမည်"

"ကျေးဇူးတင်ပါတယ် သခင်မ"

"သင်သည် ကျွန်ုပ်တို့အတွက် ကျေးဇူးရှိသောကြောင့် ထိုအတွက် ထိုက်တန်သော အကျိုးကျေးဇူးကိုလည်း ရနိုင်ပေသည်၊ ထိုရုပ်တုကို သင့်လက်နှင့်ပင် မူလနေရာသို့ ရောက်အောင် ပြန်ထားပေးရမည့် အခွင့်အရေးကို ကျွန်ုပ် ပေးပါမည်၊ ယခုတော့ အနားယူပေဦးတော့ ညီသည်တော်"

ဟု ပြောကာ သုဝဏ္ဏဒေဝီက နောက်ဘက် အခန်းထဲသို့ ပြန်ဝင်သွားသောအခါ လူဖြူကြီးက ဒေါက်တာမင်းထင်ကျော် နားရန်အတွက် အခန်း တစ်ခန်းသို့ လိုက်ပို့ပေးလေသည်။





## အခန်း ( ၁၃ )

## သုဝဏ္ဏပဗ္ဗတာ မြို့ဟောင်းသို့ ရောက်ရှိခြင်း

သူနေရမည့် အခန်းထဲသို့ ရောက်သောအခါ မိမိတို့ သုဝဏ္ဏပဗ္ဗတသို့ ချောမောစွာ ရောက်ကြပြီ ဆိုသောအကြောင်း ကို စာတစ်စောင် ရေးသားပြီး ဆိစိမ်စက္ကူဖြင့် ပတ်ကာ ခိုဖြူလေးတစ်ကောင်၏ ခြေထောက်၌ချည်၍ ဆရာကြီး သူရဇ္ဇတို့ရှိသော နေရာသို့ လွှတ်လိုက်လေသည်။

၎င်းနေသော ကျောက်ဂူပေါက်ဝမှ လွှတ်လိုက်သော ခိုဖြူလေးသည် ကျောက်စိမ်းတောင် ဝန်းကျင်သို့ တစ်ပတ် လှည့်ကာ ပျံသန်းနေရှာ ထိုနေရာမှ အပြင်သို့ ပျံထွက်ရန် ကြိုးစားသော်လည်း ဘယ်လိုမှ မရရှာဘဲ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com

သလင်းကျောက်များဖြင့် ပြုလုပ်ထားသော အခန်းတစ်ခုထဲသို့ တိုးဝင်သွားကာ လူတစ်ယောက်၏ လက်ပေါ်၌ သွားရောက်နားလေသည်။

ထိုသူမှာ အခြားသူမဟုတ်ဘဲ သုဝဏ္ဏဒေဝီပင် ဖြစ်ပေသည်။ သခင်မက ခိုဖြူလေး ခြေထောက်တစ်ဖက်မှ ပတ်ချည်ထားသော စာရွက်လိပ်ကလေးကို ဖြုတ်ယူထားလိုက်ပြီးနောက် ခိုဖြူလေးကို ဒီအတိုင်း ပြန်လွှတ်လိုက်လေတော့သည်။

ခိုဖြူလေးသည် ကျောက်တောင် ဂူပေါက်ဝ,မှ ထွက်သည်နှင့် တောင်ဘက်စူးစူး အရပ်ဘက်ဆီသို့ ဦးတည်ကာ ပျံသန်းသွားလေတော့သည်။

ခိုဖြူကလေးသည် တစ်နေ့နှင့် တစ်ညမျှ မရပ်မနား ပျံသန်းသွားလေရာ နောက်တစ်နေ့ နံနက်ပိုင်း အချိန်တွင် ဆရာကြီး မဟိန္ဒ ဂူပေါက်ဝ,သို့ ရောက်သွားလေတော့သည်။

ခိုဖြူလေး ပြန်ရောက်လာသဖြင့် ထိုဂူထဲ၌ တရားအားထုတ်နေသည့် ဆရာကြီးသူရဇ္ဇကာပါ စိတ်ဝင်တစားဖြင့် ထွက်လာပြီး ကြည့်သောအခါ ခိုဖြူလေးခြေထောက်မှာ ဘာမှမတွေ့ရသဖြင့် နှစ်ယောက်စလုံး အံ့သြသွားကြလေသည်။

"ဒေါက်တာမင်းထင်ကျော် လွှတ်လိုက်တာ ဖြစ်မယ်ထင်တယ်၊ ဒါပေမယ့် အကျိုးအကြောင်း ရေးထားတဲ့စာလည်း မပါ,ပါလား"





"ဘယ်ပါတော့မလဲ၊ လမ်းက တစ်စုံတစ်ယောက်က ဖြုတ်ယူထားလိုက်တာ ဖြစ်မှာပေါ့၊ ဒီအတိုင်းဆိုရင် သူတို့တစ်တွေ အခြေအနေ ကောင်းကြပုံ ရပါတယ်၊ ဒါကြောင့် ဒီခိုကို လွှတ်လိုက်တာ ဖြစ်မှာပါ"

ဟု ဆရာကြီးမဟိန္ဒက သူ့ထင်မြင်ချက်ကို ပြောလေသည်။

"ဒါဖြင့် ဘယ်သူဖြစ်မလဲ"

"ဒါကတော့ သုဝဏ္ဏပဗ္ဗတကို လူတွေ မသိစေချင်တဲ့သူတွေ ဖြစ်ချင်ဖြစ်မှာပေါ့"

ဟု အချင်းချင်း ပြောဆိုနေလေသည်။

ထိုအချိန်တွင် သုဝဏ္ဏပဗ္ဗတသို့ ရောက်နေသော ဒေါက်တာမင်းထင်ကျော်မှာ သူ့အတွက် ပေးထားသော အခန်းထဲ၌ တစ်ယောက်တည်း အတွေးကောင်းနေလေသည်။

"မြန်မာပြည်က လူစွန့်စား ဦးဒိဗ္ဗတို့ အရင်ဆုံးရောက်ခဲ့ကြတာ ဒီနေရာ ဖြစ်မယ်ထင်တယ်၊ ဒါပေမယ့် ဦးဒိဗ္ဗရဲ့ မှတ်တမ်းထဲမှာပါတဲ့ မြို့ပျက်ကြီးကိုတော့ မတွေ့ရသေးဘူး။

ဦးဒိဗ္ဗတွေ့ခဲ့တဲ့ မြို့ပျက်ကြီးက ဒီကျောက်စိမ်းတောင်ထိပ်ပေါ်မှာ ရှိမယ်ထင်တယ်၊ ဒီမြို့ကြီး ဘာကြောင့် ပျက်သွားခဲ့ရတာပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com

ဟု တွေးတောနေစဉ် လူနီရိုင်းတစ်ယောက်က ရောက်လာပြီး သူ့အတွက် သောက်ရေနှင့် အစားအသောက်များ လာပို့ပေးသည်။

ကြက်သွန်နီ၊ အာလူး၊ ပန်းဂေါ်ဖီပွင့်တို့ကို စွပ်ပြုတ်ရည်ကဲ့သို့ ပြုလုပ်ထားသော အစားအစာနှင့် ပျားရည်နှင့် မချစ်ဥ စိမ်ထားသော အစားအစာတို့ကို စားသောက်ရသည်မှာ များစွာ အားရှိပြီး အရသာလည်း ရှိပေသည်။

ထိုသို့ စားသောက်ပြီးသောအခါ သူနှင့် လိုက်ခဲ့ရန် ခေါ်သွားသောကြောင့် နောက်မှလိုက်သွားရာ သုဝဏ္ဏာဒေဝီ နေသော အခန်းသို့ ရောက်သွားတော့သည်။

ထိုအခါ လူနီရိုင်းက အခန်းပေါက်ဝ,မှာ နေခဲ့ပြီး ဒေါက်တာမင်းထင်ကျော် တစ်ယောက်တည်း အခန်းထဲသို့ ဝင်သွားရလေတော့သည်။

အခန်းကျယ်ကြီးထဲတွင် သုဝဏ္ဏာဒေဝီနှင့်အတူ မုတ်ဆိတ်ဖြူကြီးလည်း ရှိနေလေသည်။

"သင့်အား သုဝဏ္ဏာပဗ္ဗတ မြို့ဟောင်းသို့ ခေါ်သွားရမည်မို့ ကျွန်ုပ်တို့နောက်မှ လိုက်ခဲ့ပေတော့"

ဟု ပြောကာ အခန်းအပြင်သို့ ခေါ်သွားလေသည်။

သလင်းကျောက် ခန်းမကြီးအပြင်ဘက်သို့ ရောက်သော လွင်ပြင်ကျယ်တစ်ခုသို့ ရောက်သွားကာ အတော်ဝေးဝေး





နေရာတွင် တောင်ထိပ်၌ မြူနှင်းများ ဝေ့ဆိုင်းနေသော ကျောက်တောင်နံရံကြီးတစ်ခု ရှိလေသည်။

မြင့်မားလှသော ကျောက်တောင်နံရံကြီးမှာ ကမ္ဘာတစ်ခုနှင့် သီးခြားထားသကဲ့သို့ ရှိလေသည်။

အခန်းအပြင်သို့ ရောက်သောအခါ လူနီရိုင်း ၁၂ယောက်က ထမ်းစင်သုံးခုနှင့် အသင့် စောင့်နေလေသည်။

ရှေ့ဆုံးမှ ထမ်းစင်ပေါ်သို့ သုဝဏ္ဏာဒေဝီက တက်၍ အလယ်စင်ပေါ်ကို မုတ်ဆိတ်ဖြူကြီးက တက်သည်။ နောက်ဆုံးစင်ပေါ်သို့ ဒေါက်တာမင်းထင်ကျော်ကို တက်စေကာ ကျောက်တောင် နံရံကြီးရှိရာသို့ ဦးတည်ကာ သွားကြလေသည်။

ကျောက်တောင်နံရံကြီး အနီးသို့ ရောက်သောအခါ အနီးရောက်လေ ပို၍ မြင့်လာလေလေဖြစ်ကာ အပေါ်မှ မိုးနေသကဲ့သို့ ရှိနေတော့သည်။

ကျောက်နံရံကြီးအနီး ရောက်သောအခါ ကျောက်နံရံအတွင်းမှ လုံရှည်ကိုင်ထားသည့် လူနီရိုင်းနှစ်ယောက် ထွက်လာကာ အရိုအသေ ပေးကြလေသည်။

"ဒီလူရိုင်းတွေ ဘယ်နေရာက ထွက်လာတာပါလိမ့်"

၎င်းတို့နှစ်ယောက်မှာ မည်သည့်နေရာမှ ထွက်လာမှန်း မသိရဘဲ တစ္ဆေများလို ဖြုန်းခနဲ ရောက်လာခြင်းဖြစ်လေသည်။


www.burmeseclassic.com

နောက်မှ သိရသည်မှာ...

ကျောက်တောင်နံရံကြီးမှာ အပြင်မှကြည့်လျှင် ကျောက်စွန်းတစ်ခု ကာနေသောကြောင့် နောက်ဘက်ရှိ နံရံတစ်ခုကို မမြင်နိုင်ဘဲ အတွင်းဘက်မှ အတော်အတန် ကျယ်ဝန်းသော တောင်ကွဲလမ်းတစ်ခု ရှိနေသည်။

ထိုကျောက်တောင်ကွဲကြီးမှာ မီးတောင် ပေါက်ကွဲမှုကြောင့်ပေလော။

မြေလျှင်ကြောင့်ပဲလော မပြောတတ်ပေ။

အလယ်မှ ကွဲနေသည်မှာ အတော် ကျယ်ဝန်းလှပေသည်။ ထိုအကွဲကြောင်းထဲမှာမှ အပေါ်သို့ တက်သော ကျောက်လှေကားထစ်များကို ထုဆစ်ထားသည်။

လူနီရိုင်းများက ထိုနေရာသို့ ရောက်သောအခါ ကျန်ခဲ့ကြပြီး အခြား ၁၂ ယောက်က အပေါ်သို့ ထမ်းတက်သွားသည်။

နောက်တစ်နေရာ ရောက်လျှင် အခြားတစ်ဖွဲ့က စောင့်နေပြီး အဆင့်ဆင့် လက်ပြောင်း သယ်ယူကြသည်။

ဤသို့ဖြင့် လက်ဆင့်ကမ်း သယ်ယူကြရာ နောက်ဆုံးတော့ မြူနှင်းတွေ ဝေဆိုင်းနေသော ကျောက်စိမ်းတောင်ထိပ်ပေါ်သို့ ရောက်သွားကြလေတော့သည်။

တောင်ထိပ်ပေါ်သို့ ရောက်သောအခါ ရှေးနှစ်ပေါင်းများစွာက ပျောက်ဆုံးနေသော သုဝဏ္ဏပဗ္ဗတ မြို့ပျက်ဟောင်းကြီးကို တွေ့ရလေသည်။



www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော် အနေနဲ့ကတော့ ဦးဒိဗ္ဗမှတ်တမ်းထဲမှာပါသော အဆောက်အအုံ ပျက်ကြီးများကို မျက်ဝါးထင်ထင် တွေ့မြင်ရလေသည်။

သူ့မျက်စိရှေ့တွင် တမှော်တခေါ် မြင်နေရသော အရာများကား...

သလင်း ကျောက်များဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံများဖြင့် ပြည့်နှက်နေသော မြို့ပျက်ကြီးတစ်ခုပင် ဖြစ်တော့သည်။

မီးတောင်ပေါက်ကွဲမှု သို့မဟုတ် မြေလျှင် ပြင်းထန်စွာ တုန်လှုပ်မှုကြောင့် အဆောက်အအုံများမှာ ထိုမျှ တိမ်းစောင်းနေသလောဟု တွေးမိလေသည်။

အချို့သော သလင်းကျောက် နံရံများအတွင်း၌ အဖိုးတန် ကျောက်မျက်ရတနာများ၊ ရွှေတုံးရွှေခဲများ၊ ရွှေဖြင့် ပြုလုပ်ထားသော ရှေးခေတ် လက်ရာမျိုးစုံတို့ကို တွေ့မြင်ရသည်။

အချို့ သလင်းကျောက်နံရံများတွင် သက္ကတ ဘာသာမျိုးဖြင့် ရေးထားသော နံရံစာများကို တွေ့ရလေသည်။

ထိုစာနှင့် လက်ရာများကို တွေ့မြင်ရခြင်းဖြင့် ရှေးနှစ်ပေါင်း များစွာက ပြင်ပလူတို့ မရောက်နိုင်သည့် ဤသီးခြားကမ္ဘာဟု ခေါ်ရလောက်သော ဤနေရာတွင် အသိပညာနှင့်



www.burmeseclassic.com

www.burmeseclassic.com

ယဉ်ကျေးမှု အဆင့်အတန်း တိုးတက် မြင့်မားသော လူတို့ နေထိုင်သွားခဲ့ကြကြောင်း ခန့်မှန်းမိလေသည်။

"ဤနေရာကား သင်တို့လူသားတွေ ကြိုးစား ရှာဖွေနေကြသည့် သုဝဏ္ဏပဗ္ဗတ မြို့ဟောင်းနေရာပင် ဖြစ်တော့သည်"

သုဝဏ္ဏဒေဝီက ပြောပြလေသည်။

"ဒီမြို့ကြီး ဘယ်ပုံဘယ်နည်း ပျက်စီးသွားခဲ့တာလဲ သခင်မ"

"သင် သိလိုပါက ရှေးနှစ်ပေါင်းများစွာက ဖြစ်ပျက်ခဲ့သော အကြောင်းများကို ပြသပါမည်၊ ဒီဗ္ဗစက္ခု သလင်းကျောက်တုံး ရှိရာသို့ လိုက်ခဲ့ပေတော့"

ဟု ပြောကာ မုတ်ဆိတ်ဖြူကြီးနှင့် သုဝဏ္ဏဒေဝီတို့က ရှေ့မှသွားလေရာ ဒေါက်တာမင်းထင်ကျော်က နောက်မှ လိုက်သွားလေသည်။

တစ်နေရာသို့ ရောက်သောအခါ တောင်ကုန်းတစ်ခုပေါ်၌ ရှိသော သလင်းကျောက် အဆောက်အအုံပျက်ကြီး အတွင်းသို့ ဝင်သွားကြလေသည်။

သလင်းကျောက် အဆောက်အအုံကြီးမှာ အမိုးနှင့်နံရံ အချို့ ကွဲအက်ပျက်စီးနေသော်လည်း အတွင်းပိုင်းနေရာအချို့မှာတော့ အကောင်းအတိုင်းပင် ရှိနေသေးသည်။





အခန်းကျယ် အခန်းတစ်ခုအတွင်းသို့ ရောက်သောအခါ အလယ်လောက်တွင် ကျောက်ကလာပ် တစ်ခုပေါ်၌ တင်ထားသော ဖန်တုံးကြီးတစ်လုံးကို တွေ့ရလေသည်။

ထိုဖန်လုံးကြီးမှာ သလင်းကျောက်ဖြင့် ပြုလုပ်ထားဟန် ရှိလေသည်။ မုတ်ဆိတ်ဖြူကြီးက ဖန်လုံးကြီးအနီးသို့ ရောက်သောအခါ အပေါ်တွင် ဖုန်နှင့် နှင်းမှုန် နှင်းစက်များကို အဝတ်စတစ်ခုဖြင့် ဖယ်သပ်ချလိုက်ရာ တဖျပ်ဖျပ်နှင့် အလင်းရောင်များ တောက်ပ ဝင်းလက်လာလေသည်။

မလှမ်းမကမ်းမှာလည်း ကြေးဖြင့် ပြုလုပ်ထားသော မီးဖိုခွက်ကြီးတစ်လုံးရှိသဖြင့် မုတ်ဆိတ်ဖြူကြီးက မီးတောက်များ ထ,လာစေရန် စီမံဖန်တီးလျက် ရှိသည်။

ခဏကြာလာသောအခါ မီးဖိုမှ မီးတောက်များ ထလာပြီးနောက် အခိုးအငွေ့များက ပတ်ဝန်းကျင်တစ်ဝိုက် ဝေ့ဝဲပျံ့နှံ့လာလေသည်။

ထိုအခါ သုဝဏ္ဏဒေဝီက ဒေါက်တာမင်းထင်ကျော်အား သလင်းကျောက်လုံးနားသို့ ခေါ်သွားလေသည်။

ထိုအချိန်မှာပင် မုတ်ဆိတ်ဖြူကြီးက မီးပုံအတွင်းသို့ ဆေးမှုန့်များ ဖြူးချပေးလေရာ သင်းပျံ့သော ရနံ့တစ်မျိုးနှင့် အတူ ပြာလဲ့လဲ့အရောင်များက အခန်းတစ်ဝိုက် ပျံ့နှံ့သွားတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဤဒီဗွစကၡ သလင်းကျောက်တုံးအတွင်းသို့ ကြည့်ရှုလော့"

ဟူသော အသံကြားရသဖြင့် အရောင်မျိုးစုံတို့ ကူးလူး လှုပ်ရှားနေသော ဖန်လုံးကြီးကို စိုက်ကြည့်လိုက်လေသည်။

ထိုအချိန်တွင် မီးပုံမှ ပြန့်လွင့်လာသည့် မီးခိုးငွေ့များကို ရှူလိုက်မိသဖြင့် ခေါင်းထဲမှာ ဝေဝါးလာသည်ကိုတော့ သတိပြုလိုက်မိသည်။

ဒေါက်တာမင်းထင်ကျော်သည် အလင်းရောင်များဖြင့် ပြေးလွှား လှုပ်ရှားနေသည့် သလင်းကျောက်လုံး အတွင်းသို့ ကြည့်နေရင်းမှပင် ပတ်ဝန်းကျင်ကို မေ့လျော့သွားလေတော့သည်။

ထိုအချိန်တွင် ကျောက်လုံးအတွင်းမှ လှုပ်ရှားနေသည့် ပုံရိပ်များကို ဝိုးတဝါး မြင်လာလေသည်။

အစဦးမှာတော့ ပုံရိပ်များမှာ မီးခိုးငွေ့များကဲ့သို့ ဝိုးတဝါး ဖြစ်နေသော်လည်း ကြာကြာစိုက်ကြည့်လိုက်သောအခါ ရုပ်ရှင်မြင်ကွင်းတစ်ခုကဲ့သို့ ထင်ထင်ရှားရှား မြင်လာရလေသည်။

သူ မြင်နေရသော မြင်ကွင်းမှာ...

ကျောက်စိမ်းတောင်ကြီးအပေါ်တွင် သလင်းကျောက်များဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံများဖြင့် ဝင်းလက်နေသည်။





ထိုအဆောက်အအုံများကြားတွင် ရှေးခေတ် အဝတ်အစားများ ဝတ်ဆင်ကာ ဥဒဟို သွားလာနေသော လူများစွာတို့ကို တွေ့နေရသည်။

ခဏကြာတော့ ကြီးကျယ် ခမ်းနားပြီး ပြောင်လက်တောက်ပလျက်ရှိသည့် ခန်းမဆောင်ကြီးအတွင်း၌ ချောမောလှပသည့် ဘုရင်မတစ်ပါးကို မြင်တွေ့ရသည်။

ထိုဘုရင်မ၏ မျက်နှာကို အနီးကပ် တွေ့ရသောအခါ အိပ်မက်ထဲတွင် တစ်ကြိမ် နှစ်ကြိမ် တွေ့ဖူးသော သုဝဏ္ဏဒေဝီ မျက်နှာနှင့် များစွာတူလှသည်ကို သတိပြုမိလေသည်။

နောက်ပိုင်း မြင်ကွင်းများတွင် ထိုဘုရင်မအား လိုချင်မှုကြောင့် လာရောက် တိုက်ခိုက်ကြသော ဘုရင်နှင့် စစ်သည် စစ်သား အမြောက်အမြားကို တွေ့မြင်ရသည်။

စစ်သည် စစ်သားများသည် ကျောက်စိမ်းတောင်ပေါ်သို့ ရောက်ရန်အတွက် တစ်ခုတည်းသော တက်လမ်းဖြစ်သည့် ကျောက်တောင် နှစ်ခုကြဲနေသည့်လမ်းမှ အပေါ်သို့ တက်ကြရာ လမ်းတစ်ဝက် ရောက်သောအခါ အပေါ်မှ ကျလာသော ကျောက်တုံး ကျောက်ခဲများ၊ ချော်ရည်ပူများကြောင့် အားလုံး အသက်ဆုံးရှုံးကြရလေသည်။

တစ်နေ့သောအခါ မဇ္ဈိမဒေသ အရှေ့ဘက်မှ လူစွမ်းကောင်း မင်းသားသည် ကျောက်စိမ်းတောင်ရှိရာသို့ ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ဘုန်းကံရှိသည့်သူမို့ ထိုတောင်၌ နေကြသော နဂါးမျိုးနွယ်များက အကူအညီပေးကြသဖြင့် တောင်ထိပ်ပေါ်သို့ ရောက်အောင် တက်နိုင်ခဲ့လေသည်။

ထိုမင်းသားသည် သုဝဏ္ဏဒေဝီ ဘုရင်မနှင့် မေတ္တာမျှကာ လက်ဆက်ပြီးနောက် သုဝဏ္ဏပဗ္ဗတ၌ နေထိုင်လေရာ နှစ်ပေါင်း များစွာကြာသောအခါ မြောက်ပိုင်းအရပ်မှ လာသော ဂျွမ်းစစ်သားများက လာရောက် တိုက်ခိုက်ကြလေရာ နောက်ဆုံး သုဝဏ္ဏပဗ္ဗတမြို့ကြီး ပျက်စီးသွားလေသည်။ ထိုတိုက်ပွဲ၌ လူစွန့်စား မင်းသားလေး သေဆုံးသွားသော်လည်း သုဝဏ္ဏဒေဝီ သခင်မကိုမူ အစ,အနမျှပင် မတွေ့ကြရပေ။

ဂျွမ်းစစ်သည်များသည် သုဝဏ္ဏပဗ္ဗတမှ အဖိုးတန် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများကို ယူငင်၍ မြို့ကို ဖျက်ဆီးပစ်ခဲ့ကြလေတော့သည်။

သုဝဏ္ဏပဗ္ဗတ သခင်မနှင့် ၎င်း၏လက်စွဲတော် ဘိုးသပ္ပ ဆိုသော ဆရာကြီးတို့ နှစ်ယောက်ကို နဂါးမျိုးနွယ်တို့က ၎င်းတို့နေသော ကျောက်တောင် လိုဏ်ခေါင်းများအတွင်းသို့ ခေါ်ဆောင်သွားကာ ဝှက်ထားကြလေသည်။

ထိုနေရာသို့ ရောက်သောအခါ မြင်ကွင်းများက ဝေဝါး လာလေတော့သည်။





ထိုအခါ ဘိုးသပ္ပက မီးပုံအတွင်းသို့ ဆေးမှုန့်များကို ထပ်မံ ဖြူးထည့်လိုက်သောအခါ အခိုးအငွေ့များ တက်လာပြီးနောက် ဖန်လုံးကြီးအတွင်း၌ နောက်ထပ်မြင်ကွင်းများ ပေါ်လာပြန်လေသည်။

"ထပ်မံကြည့်ပေဦးလော့"

ဒေါက်တာ မင်းထင်ကျော်က ဖန်လုံးကြီး အတွင်းကို ကြည့်လိုက်သောအခါ သုဝဏ္ဏပဗ္ဗတ မြို့ဟောင်းပျက်ကြီး ရှိရာသို့ လူသုံးယောက် ရောက်လာကြသည်။

နောက်မှ သိရသည်မှာ ထိုလူသုံးယောက်တို့မှာ အခြား မဟုတ်ပေ။

လူစွန့်စား ဦးဒိဗ္ဗတို့ အဖွဲ့ပင် ဖြစ်၏။

၎င်းတို့သည် ပျောက်ဆုံးနေသော မြို့ပျက်ကြီးအတွင်းသို့ လှည့်လည် ကြည့်ရှုကြပြီး ထိုအကြောင်းများကို မှတ်တမ်းပြု၍ လူတစ်ယောက်ကို နေရပ်သို့ ပြန်လွှတ်လိုက်သည်။

ထိုသူက အဆောက်အအုံပျက် တစ်ခုအတွင်းမှ တွေ့ရသည့် ခါးတစ်ပိုင်း ပြတ်နေသော ကျောက်စိမ်းရုပ်တုတစ်ပိုင်းကို ယူဆောင်သွားလေသည်။

ထိုသူသည် ကံအားလျော်စွာ နေရပ်သို့ ပြန်ရောက်သွားသော်လည်း ကျောက်စိမ်းရုပ်တုကို ယူဆောင်သွားခြင်းကြောင့် အန္တရာယ်ဆိုး တစ်ခုနှင့် ကြုံကာ သေဆုံးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုကျောက်စိမ်းရုပ်တုမှာ တစ်ယောက်ပြီး တစ်ယောက်၊ တစ်ဆင့်ပြီး တစ်ဆင့် ပြောင်းသွားသော်လည်း ထိုလူများမှာ အန္တရာယ်ဆိုးများဖြင့် ကြုံတွေ့ရသဖြင့် သေဆုံးသွားကြလေရာ နောက်ဆုံး ဆရာကြီး သူရဖွလက်မှတစ်ဆင့် ဒေါက်တာမင်းထင်ကျော် လက်သို့ ရောက်လာလေတော့သည်။

ထိုနေရာသို့ ရောက်သောအခါ မြင်ကွင်းများက ဝေဝါး ပျောက်ကွယ်သွားလေတော့သည်။

အခန်းတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေသည်။

"ဒီကျောက်စိမ်းရုပ်တုက ဘာလဲ"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ဒီရုပ်တုက သုဝဏ္ဏဒေဝီ ကိုယ်ပွားရုပ်တုပဲ ဖြစ်ပါတယ်"

"ကျန်တဲ့ တစ်ပိုင်းက ဘယ်မှာလဲ"

"တောင်ရဲ့ တစ်နေရာမှာ ရှိပါတယ်၊ ထိုနေရာကို သင်ကိုယ်တိုင် သွားရောက် ပို့ပေးရမှာ ဖြစ်ပါတယ်"

"ဘာကြောင့်လဲ"

"ထိုအရုပ် ရှိသောနေရာတွင် အန္တရာယ် ဝိညာဉ်များ စောင့်ကြပ်လျက် ရှိပေသည်၊ မထိုက်တန်သူတို့ သွားလျှင် ပြန်လမ်းမရှိပေ"

"ကျွန်တော်ကိုယ်တိုင် မသွားဘဲ အခြားတစ်ယောက်ကို လွှတ်ရင်ရော မရဘူးလား"





"သင်နှင့် အတူပါလာသူများကို သင့် စိတ်ကြိုက် ရွေးချယ် လွှတ်မယ်ဆိုရင် လွှတ်နိုင်ပါတယ်၊ ဒါပေမယ့် မထိုက်တန်သူ ဆိုရင်တော့ ပြန်လမ်းမရှိပေဘူး"

"မသွားရင်ကော မရဘူးလား"

"ကျွန်ုပ်တို့ စေခိုင်းတာကို ငြင်းဆန်မယ်ဆိုရင် ရှေးက လူများအတိုင်း သုဝဏ္ဏပဗ္ဗတ အကျဉ်းသားဘဝနဲ့ တစ်သက်လုံး နေရလိမ့်မယ်"

ထိုစကား ကြားသောအခါမှ ဦးဖန်ကောင်းကို သတိရ လေတော့သည်။

"တစ်ခုတော့ မေးပါရစေ၊ ဒီမှာ ကျွန်တော်တို့ လူမျိုး တွေ အကျဉ်းခံနေရတာ ရှိပါသလား"

အနည်းငယ် စဉ်းစားပြီးမှ...

"ရှိပါတယ်"

ဟု ပြန်ပြောလေသည်။

"သူတို့ကို တွေ့နိုင်ပါသလား"

"ကျွန်ုပ်တို့ စေခိုင်းသည့်ကိစ္စ အောင်မြင်ပါက တွေ့ခွင့် ပေးပါမည်"

"ထိုအသက်နှင့်လဲ၍ ဆောင်ရွက်ရသောကိစ္စ အောင် မြင်ပါက ကျွန်ုပ်အတွက် ဘယ်လို အကျိုးကျေးဇူး ရနိုင်ပါသလဲ"


www.burmeseclassic.com

www.burmeseclassic.com

"သင့်အတွက် ထိုက်တန်သောဆုသည် ထိုနေရာမှာပင် ရှိသဖြင့် ယူခဲ့ရုံသာ ရှိပါသည်"

"ဘယ်အချိန် ပြန်ပို့ပေးရမှာလဲ အဘ"

"လာမယ့်လပြည့်နေ့တွင် ဆောင်ရွက်ပေးရပါမည်"

"ကောင်းပါပြီ... ကျွန်တော်ရဲ့ အဖွဲ့သားများနှင့် တွေ့ဆုံ တိုင်ပင်ခွင့်သာ ပေးပါ"

ဟု ခွင့်တောင်းလေရာ မုတ်ဆိတ်ဖြူကြီးနှင့် သုဝဏ္ဏဒေဝီတို့က သဘောတူ ခွင့်ပြုကြလေသည်။





**အခန်း ( ၁၄ )**

## ဇလပ်ဖြူ (သို့မဟုတ်) သုဝဏ္ဏဒေဝီ

ထိုနေ့ညတွင် ရောက်စ,က တစ်နေရာစီ ခွဲထားသည့် မိမိအဖွဲ့သားများနှင့် တွေ့ခွင့်ရလေသည်။

"ကျွန်တော် သုဝဏ္ဏပဗ္ဗတ မြို့ဟောင်းကို ရောက်ခဲ့ပြီးပြီ"

ထိုစကား ကြားသောအခါ အားလုံးက စိတ်ဝင်စားကြသဖြင့် ဒေါက်တာမင်းထင်ကျော်က မိမိ ကြုံတွေ့ခဲ့ရသည့် အကြောင်းများကို ပြန်ပြောပြလိုက်သည်။

"ဒါဖြင့် မောင်ထင်ကျော် သုဝဏ္ဏဒေဝီကို တွေ့ခဲ့ပြီပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"တွေ့တော့ တွေ့ရတယ်၊ ဒါပေမယ့် မျက်နှာကိုတော့ မြင်ခွင့် မရသေးဘူး"

"သူတို့က မောင်ရင့်ကို ရှေးနှစ်ပေါင်းများစွာက ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေကို ပြတယ်ဆိုတော့ အခြား အကြောင်း တစ်ခုခု ရှိလို့များလား"

"သူတို့ ကြည့်ရတာကတော့ ဒီနေရာကို အသက် မသေဘဲ ရောက်လာတဲ့ လူတွေကို အသက်ရှင်လျက်နဲ့ ပြန်လွှတ်ပေးချင်ပုံ မရဘူး"

"ဒါကတော့ ဒီနေရာက လျှို့ဝှက်ထားတဲ့ နေရာဆိုတော့ လူတွေ ဘယ်အသိခံချင်ပါ့မလဲ၊ ဒါထက် ကျုပ်တို့မိတ်ဆွေကြီး ဦးဇန်ကောင်းရဲ့ သတင်းအခြေအနေကိုရော ဘယ်လိုသိခဲ့ရသလဲ"

"သူတို့ ပြောပုံအရ ဆိုရင်တော့ ဦးဇန်ကောင်းဟာ ဒီတောင်ရဲ့ တစ်နေရာမှာ ရှိနေတဲ့ပုံပဲ၊ သူတို့နဲ့ အပေးအယူ လုပ်ထားတဲ့အတိုင်း သုဝဏ္ဏဒေဝီ ရုပ်တုကို သူ့နေရာ ရောက်အောင် ပြန်ပို့ပေးပြီးရင်တော့ သူ့ကိုရှာဖွေပြီး ကယ်တင်ရမယ်"

"စောစောက မောင်ရင် ပြောတဲ့အထဲမှာ သုဝဏ္ဏဒေဝီ သခင်မနဲ့ ဆရာကြီး ဘိုးသပ္ပဆိုတာ အခု တွေ့နေရတဲ့ လူတွေလား"





"ဒါကတော့ အတတ်မပြောနိုင်ဘူး၊ တကယ်လို့ ဟုတ်တယ်ဆိုရင် သူတို့ရဲ့ သက်တမ်းဟာ နှစ်ပေါင်းများစွာ ကြာရောပေါ့"

"ဒါထက် နေပါဦး၊ သူတို့နဲ့ အပေးအယူ လုပ်တယ်ဆိုတာ ဘယ်လိုကိစ္စမျိုးလဲ"

ဦးမွန်ထော်က ဝင်မေးလိုက်သည်။

"သုဝဏ္ဏဒေဝီ ရုပ်တုကို မူလနေရာ ရောက်အောင် ပြန်ပို့ပေးရမယ့် ကိစ္စပဲ၊ အဲဒီမှာ ဝိညာဉ်တွေ စောင့်နေတယ်လို့ ပြောတယ်၊ တကယ်လို့ မထိုက်တန်တဲ့လူ သွားရင် ပြန်လမ်း မရှိဘူးတဲ့"

ထိုစကား ကြားသောအခါ ဦးမွန်ထော်၊ စောထီး၊ ငမဲအောင်တို့အပြင် လူပုလေးမိတ္တကပါ ဒေါက်တာ မင်းထင်ကျော်အတွက် စိတ်ပူသွားကြလေသည်။

"ဒီကိစ္စက… ဆရာ ကိုယ်တိုင်သွားဖို့ မလိုပါဘူး၊ ကျွန်တော်တို့ပဲ သွားပါရစေ"

"ဟုတ်တယ်ဆရာ၊ ဆရာက ဒီအဖွဲ့မှာ ခေါင်းဆောင်ဆိုတော့ တစ်ခုခုဖြစ်လို့ မရဘူး၊ ကျွန်တော်တို့ပဲ တာဝန်ယူလိုက်ပါ့မယ်၊ သေသွားရင်လည်း ဘာမှမဆန်းဘူး"

ဟု စောထီးနှင့် ငမဲအောင်တို့က အားတက်သရော ပြောကြသလို လူပုလေး မိတ္တကပါ…


www.burmeseclassic.com

www.burmeseclassic.com

"ဒီအလုပ်မျိုးတွေက ကျုပ်လို လူမျိုးနဲ့သာ အကိုက် ဆုံးပဲ၊ ဒီတော့ ကျုပ်ပဲ လုပ်ပါ့မယ်"

ဟု ဝင်ပြောလေရာ ဒေါက်တာ မင်းထင်ကျော်က အဖွဲ့သားများ၏ စိတ်ဓာတ်ကို သိရသဖြင့် များစွာ အားတက်မှု ဖြစ်ရလေသည်။

"ဒါက နောက်မှ အခြေအနေ ကြည့်ပြီး စီစဉ်ကြတာ ပေါ့၊ အခုတော့ ကျွန်တော်တို့တစ်တွေ ရှေ့ကို ဘယ်လို အစီအစဉ်တွေ ဆက်လုပ်မယ်ဆိုတာ တိုင်ပင်ကြရအောင်"

ဟု ပြောဆိုကာ အသေးစိတ် အစီအစဉ်များကို တိုင်ပင် ဆွေးနွေးကြလေသည်။

ညဦးပိုင်းအချိန် ရောက်သောအခါ အစောင့်နှစ်ယောက် က ဒေါက်တာမင်းထင်ကျော်ကို လာခေါ်သဖြင့် လိုက်သွားရ လေသည်။

သူ့ကို သုဝဏ္ဏဒေဝီသခင်မ ရှိသော သလင်းကျောက် ခန်းမဆောင်အတွင်းသို့ ခေါ်သွားခြင်း ဖြစ်သည်။

အခန်းပေါက်ဝ,သို့ ရောက်သောအခါ လူနှီရိုင်း နှစ်ယောက်က ရပ်ကျန်နေခဲ့ပြီး သူတစ်ယောက်တည်း အတွင်းသို့ ဝင်လာခဲ့သည်။

အခန်းတစ်ခုလုံး ဆီမီးရောင်များကြောင့် လင်းနေပြီး သင်းပျံ့သော မွှေးရနံ့များတလည်း ကြိုင်နေလေသည်။





အတွင်းခန်း တစ်နေရာသို့ ရောက်သွားသောအခါ သုဝဏ္ဏဒေဝီကို တွေ့ရသဖြင့် ဦးညွှတ်ကာ အရိုအသေ ပေးလိုက်လေသည်။

သုဝဏ္ဏဒေဝီက သူ့ကို ထိုင်ခုံတစ်ခုပေါ်မှာ ထိုင်နိုင်း သဖြင့် ဝင်ထိုင်လိုက်သည်။

"သင့်ကို ပြောရန်စကား ရှိသဖြင့် အခေါ်လွှတ်ခြင်း ဖြစ်ပေတယ်"

"ပြောပါ သခင်မ"

"သုဝဏ္ဏပဗ္ဗတ ဟု အမည်ရှိသော ဤနေရာသည် သီးခြားကမ္ဘာ တစ်ခုကဲ့သို့ ပြင်ပလောကနှင့် အဆက်အသွယ် ပြတ်နေသော ဂမ္ဘီရမြို့ဟောင်းနေရာပင် ဖြစ်ပေတယ်၊ ဤနေရာ ကို အသက်ရှင်လျက်နှင့် မရောက်နိုင်ကြသလို ဤနေရာကို ရောက်ပြီး အသက်ရှင်လျက်နှင့် ပြန်ထွက်သွားနိုင်သည်မှာ လည်း လွန်စွာရှားပေ၏"

"..............."

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောဘဲ ငြိမ်၍ နားထောင်နေလေသည်။

"သင်တို့တစ်တွေ တစ်ဖွဲ့လုံး ဤနေရာသို့ ရောက်လာ ကြသည်မှာ ကံကောင်း ထောက်မသဖြင့် ရောက်လာကြသည် ဟု ထင်ပါသလား ခရီးသည်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ထူးဆန်းသော စကားကို မေးလေသည်။

"ဒါဖြင့် ဘယ်ပုံဘယ်နည်း ရောက်လာကြတယ်ဆိုတာ ပြောပြစေလိုပါတယ်"

"ကျွန်ုပ် အလိုရှိသဖြင့် ရောက်လာအောင် စီမံလိုက်ခြင်းသာ ဖြစ်ပေတယ်"

"ဟင်..."

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော် စိတ်ထဲ၌ အံ့သြသွားလေသည်။

"ကျွန်တော်တို့ကို ဘယ်အတွက် အလိုရှိတယ်ဆိုတာ ပြောပြပါ သခင်မ"

"အဓိက အချက်ကတော့ သုဝဏ္ဏာဒေဝီ ကျောက်စိမ်းရုပ်တု တစ်ပိုင်းကို ဤနေရာအထိ သယ်ဆောင်ပေးနိုင်သူမှာ သင်တစ်ဦးသာ ရှိသည်ကတစ်ကြောင်း၊ နောက်တစ်ချက်က ကျွန်ုပ်နှင့်အတူ ဤနေရာတွင် ရာသက်ပန် နေစေလိုသော ရည်ရွယ်ချက်ပင် ဖြစ်ပေသည်"

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ ထိုစကား ကြားသောအခါ များစွာ တုန်လှုပ် ချောက်ချားသွားမိလေသည်။

သို့စေကာမူ...





ယခုအချိန်တွင် သူမနှင့် ဆန့်ကျင်ဘက် ပြောနေခြင်းဖြင့် အကျိုးမရှိနိုင်သည်ကို တွေးမိသဖြင့် မိမိသိလိုသော အကြောင်းများကိုသာ မေးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"ဦးစွာ ကျွန်တော် သခင်မရဲ့ မျက်နှာကို မြင်ဖူးချင်ပါတယ်"

ထိုစကား ကြားသောအခါ သုဝဏ္ဏာဒေဝီထံမှ စကားသံမကြားရဘဲ အတန်ကြာအောင် ငြိမ်သက်သွားလေသည်။

ခဏကြာတော့မှ...

"ကျွန်ုပ်ရဲ့မျက်နှာကို မြင်တွေ့ရသူတိုင်း အသက်ရှင်လျက်နှင့် နေခွင့်မရပေ၊ သင် ကြည့်ဝံ့ပါသလား"

ဟု မေးလေသည်။

ဒေါက်တာ မင်းထင်ကျော်က စိတ်ကို ဆုံးဖြတ်လိုက်ပြီး...

"ကြည့်ဝံ့ပါတယ်"

ဟု ပြောလိုက်ရင်း နှစ်ပေါင်းများစွာ ကြာမြင့်အောင် အသက်ရှည်နေသော သုဝဏ္ဏာဒေဝီ သခင်မ၏ မျက်နှာမှာ မည်သို့မည်ပုံ ရှိမည်ကို စိတ်ဝင်စားနေမိသည်။ အတန်ကြာသောအခါ သုဝဏ္ဏာဒေဝီက ၎င်း၏ မျက်နှာပေါ်တွင် ဖုံးထားသော ပဝါစ,ကို လှစ်ဖယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သုဝဏ္ဏာဒေဝီသခင်မ၏ မျက်နှာကို မီးရောင် မှိန်ပျပျ အောက်၌ တွေ့လိုက်ရသောအခါ များစွာ အံ့ဩသွားမိလေသည်။

“ဟင်…”

သူ မြင်တွေ့ရသော မျက်နှာမှာ ကြောက်မက်ဖွယ် ကောင်းသော မျက်နှာမျိုးလည်း မဟုတ်။

အိုမင်း ရင့်ရော်နေသည့် မျက်နှာမျိုးလည်း မဟုတ်ဘဲ ချောမောလှပသော မိန်းမပျိုတစ်ဦး၏ မျက်နှာမျိုး ဖြစ်သည်ကို အံ့ဩဖွယ်ရာ တွေ့မြင်ရလေသည်။

ထိုမျက်နှာသည် ကျောက်စိမ်းရုပ်တုကို ရရှိစဉ်က အခန်းထဲ၌ အိပ်မက်လိုလိုနှင့် တွေ့မြင်ရသော မျက်နှာမျိုး ဖြစ်ပေသည်။

“ကျွန်မ မျက်နှာကို အခုလို တွေ့ရလို့ အံ့ဩသွားသလား အစ်ကို”

“ဟုတ်တယ်၊ ဒီလိုတွေ့ရမယ်လို့ မျှော်လင့်မထားဘူး၊ ခင်ဗျား ဘယ်သူလဲ၊ အကျိုးအကြောင်း ပြောပြပါဦး”

“ကျွန်မ ဒီအကြောင်းတွေကို ပြောပြချင်လို့ အစ်ကို့ကို ခေါ်တာပါ၊ တကယ်တော့ သုဝဏ္ဏာဒေဝီ သခင်မ ကွယ်လွန်သွားခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ”





“ဒါဖြင့် မင်းက ဒီနေရာကို ဘယ်လိုကနေ ဘယ်လို ရောက်နေတာလဲ”

“ဒါက ဘိုးသိပ္ပံရဲ့ အစီအမံတွေပါပဲ၊ သူက ဒီနေရာမှာ ရှေးကလို သုဝဏ္ဏပဗ္ဗတလို မြို့ကြီးတစ်မြို့ဖြစ်အောင် ကြိုးစားနေပါတယ်၊ ဒါကြောင့် ကျွန်မကို ဒီနေရာမှာ သုဝဏ္ဏာဒေဝီ သခင်မအနေနဲ့ ထားတာပါ”

“ဒါထက် မင်းက ဘယ်သူလဲ၊ ဘယ်အရပ်ကလဲ”

“ကျွန်မက မြောက်ပိုင်းနယ်ဘက်မှာရှိတဲ့ တိဗက်ရွာ ကလေး တစ်ရွာကပါ၊ နာမည်က ဇလပ်ဖြူလို့ ခေါ်ပါတယ်၊ လူနီရိုင်းတွေက အတင်းအဓမ္မ ဖမ်းခေါ်လာပြီး ဒီနေရာမှာ ထားတာပါ”

ထိုသို့ပြောရင်း ဇလပ်ဖြူ ဆိုသော မိန်းကလေး၏ အသံမှာ ကတုန်ကယင်ဖြင့် ဝမ်းနည်းလာလေသည်။

“ခင်ဗျားရဲ့အကြောင်းကို ကြားရတာ စိတ်မကောင်း ပါဘူး၊ သူတို့က ဘာကြောင့် ဒီလိုလုပ်ရတာလဲ”

“ဒီမှာ အဓိက,ကတော့ ဘိုးသိပ္ပံပါပဲ၊ သူက ပြုစားစီရင် တတ်တဲ့ မှော်အတတ်ပညာတွေကို တတ်ကျွမ်းလေတော့ အရာရာတိုင်းမှာ သူ့ပညာတွေနဲ့ စီရင်ထားတာ များတယ်၊ လူနီရိုင်းတွေကလည်း သူ့ဆိုရင် ဖိန့်ဖိန့်တုန်အောင် ကြောက် ကြရတယ်၊ သူ့ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ သုဝဏ္ဏပဗ္ဗတ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ချိန်ကလို တန်ခိုးကြီးတဲ့ နေရာတစ်ခုဖြစ်အောင်လုပ်ပြီး ဟိမဝန္တာတစ်ကြော၊ တိဗက်တစ်ကြောမှာ ထင်ရှားအောင် လုပ်ဖို့ ရည်ရွယ်ချက်ပါပဲ"

"ဒါဖြင့် ဘိုးသိပ္ပဆိုတာ ဒီဗွစက္ခုဖန်လုံးထဲမှာ တွေ့ရတဲ့ ဘိုးသိပ္ပပဲလား"

"သူက ဘိုးသိပ္ပ အစစ်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒီပညာရပ်တွေကို တတ်ကျွမ်းတဲ့ ဘိုးသိပ္ပရဲ့ မျိုးဆက် တစ်ဦးပါပဲ"

"ကဲ...ဒါဖြင့် ကျောက်စိမ်းရုပ်တုကို သွားပြန်ပို့ပေး ရမယ့် အစီအစဉ်ကိုလည်း ပြောပါဦး၊ ဘယ်လိုအန္တရာယ်မျိုး တွေနဲ့ တွေ့နိုင်သလဲ"

ဟု မေးလိုက်သောအခါ ထိုမိန်းကလေးက အခန်းဝ ဘက်ကို စိတ်မချသလို တစ်ချက် လှမ်းကြည့်လိုက်သည်။

လှံရှည်ကြီးများ ကိုင်ထားသော လူနီရိုင်းများက အခန်း ပေါက်ဝ,မှာရှိနေပြီး အခန်းတွင်းမှာတော့ မည်သည့်အနှောင့် အယှက်မှ မရှိပေ။

ထိုအခါ ဇလပ်ဖြူက လေသံခပ်တိုးတိုးဖြင့် ပြောပြ လေသည်။

"လပြည့်နေ့မှာ ကျောက်စိမ်းရုပ်တု သွားပြန်ပို့ပေး ရမယ့် နေရာက အန္တရာယ် ထောင်ချောက်တစ်ခု ဖြစ်သလို





ကျောက်စိမ်းရုပ်တု တင်ထားတဲ့ နေရာကလည်း အရေး အကြီးဆုံး နေရာပဲ"

"ဘယ်လို အန္တရာယ်များတာလဲ"

"ဒီဘက်ကနေ ကျောက်စိမ်းရုပ်တု ထားတဲ့နေရာရဲ့ ကြားမှာ ကျောက်လမ်း တစ်လမ်းရှိတယ်၊ ဒါပေမယ့် အဲဒီ ကျောက်လမ်းဟာ သာမန်မျက်စိနဲ့ မမြင်ရလောက်အောင် ပြဒါးတွေနဲ့ စီရင်ထားတဲ့ လမ်းပဲ"

"ဟင်..."

"အဲဒီလမ်းပေါ်မှာ ခြေထောက်နင်းလို့ ရတဲ့နေရာ ရှိသလို နင်းချလိုက်တာနဲ့ ကျွံကျသွားပြီး အသူတစ်ရာမျှ နက်တဲ့ ချောက်ထဲကို ကျသွားနိုင်တဲ့ နေရာတွေလည်း ရှိတယ်"

"တယ်လည်း ကြောက်စရာ ကောင်းပါလား"

"အမှန်တော့ ဒီမရဏာလမ်းက ဒီနေရာကို ရောက်လာ တဲ့ လူတွေကို ပြန်လမ်းမရှိတဲ့ နေရာကို ပို့ပေးတဲ့ သေမင်း ထောင်ချောက်လမ်း ဆိုရင်လည်း မမှားပါဘူး"

"အတော်ရက်စက်တဲ့ အကြံအစည်ပဲ"

"ဒါကြောင့် လပြည့်နေ့မှာ အဲဒီလမ်းက ဖြတ်ရမယ် ဆိုရင် အစ်ကို ကိုယ်တိုင်မဖြတ်ဘဲ တခြားလူစ်ယောက်ကို လွှတ်စေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအစီအစဉ်မှာ အချိန်လိုသေးသောကြောင့် မိမိသိချင်သော အကြောင်းများကို အရင်မေးရလေသည်။

"ဒါထက် တို့ဆီကလာတဲ့ လူတစ်ယောက်ကို မင်းတို့ဖမ်းထားတာ မဟုတ်လား၊ သူ အသက်ရှင်လျက်နဲ့ ရှိသေးရဲ့လား"

"အသက်ကြီးကြီး လူတစ်ယောက်တော့ မြေအောက်အခန်းထဲမှာ ဖမ်းထားတာရှိတယ်၊ ဒါထက် ဟိုတစ်လောက နို့ဖြူတစ်ကောင် လွှတ်တာ ဘယ်သူလဲ၊ အစ်ကို လွှတ်တာလား"

"ဟုတ်တယ်၊ မင်း ဘယ်လိုသိသလဲ"

ဇလပ်ဖြူက ထိုနို့ဖြူလေးကိုဖမ်းပြီး စာကို ယူထားလိုက်သည်ကို အမှန်အတိုင်း ပြောပြလိုက်သည်။

"စာက ဟိုမှာကျန်ခဲ့တဲ့ ဆရာကြီးတွေဆီကို အကျိုးအကြောင်း သိရအောင် လွှတ်တာပါ၊ ဒီကနေ့ညတောင် နောက်ထပ်တစ်ကောင် လွှတ်ရဦးမယ်၊ ဒီတစ်ခါတော့ မဖမ်းဘဲ လွှတ်ပေးလိုက်ပါ"

ဇလပ်ဖြူက ခေါင်းညိတ်လိုက်သည်။

"ဒါထက် သေမင်းထောင်ချောက်လမ်းကို ဖြတ်ကျော်နိုင်လို့ ဟိုဘက်ကို ရောက်တဲ့အခါ ဘယ်လို ထူးခြားမှုတွေ ရှိသလဲ"



"အဲဒါ သုဝဏ္ဏပဗ္ဗတရဲ့ အဓိကလျှို့ဝှက်ချက်ပဲ၊ မရဏထောင်ချောက်လမ်းကို ကျော်ဖြတ်နိုင်လို့ ဟိုဘက်ကို ရောက်သွားခဲ့ရင်သာ ကျောက်ကလာပ် တစ်ခုပေါ်မှာ သုဝဏ္ဏဒေဝီကျောက်စိမ်းရုပ်တု တစ်ပိုင်းနဲ့တူတဲ့ အလေးချိန် ညီမျှတဲ့ ပတ္တမြားလုံးကြီး တစ်လုံး တင်ထားတယ်"

"ဘာကြောင့် တင်ထားတာလဲ"

"အလေးချိန် ညီမျှအောင် တင်ထားတာပါ၊ တကယ်လို့ ကျောက်ကလာပ်ပေါ်မှာ တင်ထားတဲ့ အရာဝတ္ထုနှစ်ခုစလုံးပဲဖြစ်ဖြစ်၊ တစ်ခုပဲဖြစ်ဖြစ် ယူလိုက်ရင် ကျောက်ကလာပ်ကြီးက အတွင်းကို မြုပ်ဝင်သွားပြီး ဒီတောင်ကြီး တစ်ခုလုံးမှာရှိတဲ့ ဂူပေါက်ဝ,တွေ ပိတ်ကုန်ပြီး အတွင်းမှာ နေတဲ့လူတွေအားလုံး အပြင်ထွက်လို့ မရတော့လောက်အောင် ပျက်စီးသွားမှာပါ"

"ဟင်..."

ထိုစကား ကြားသောအခါ ဒေါက်တာမင်းထင်ကျော်သည် အံ့သြ တုန်လှုပ်သွားလေတော့သည်။

"ဒါ...ဒါဖြင့် ဘယ်လိုလုပ်ရမှာလဲ"

"ဟိုဘက်ရောက်ရင် ကျောက်ကလာပ်ပေါ်က ပတ္တမြားကြီးကို ယူပြီးတာနဲ့ အစ်ကို့ဆီမှာပါတဲ့ ကျောက်စိမ်းရုပ်တုတစ်ပိုင်းကို တစ်ချိန်တည်းမှာ တင်လိုက်ရပါမယ်၊ တကယ်လို့

www.burmeseclassic.com

www.burmeseclassic.com

နည်းနည်းလေး နောက်ကျတာနဲ့ ကျောက်ကလာပ်ကြီးက အောက်ကို ချက်ချင်း မြုပ်ဝင်သွားတော့မှာပဲ”

ဟု ပြောပြလေသည်။

ထိုနောက်…

ဖလပ်ဖြူက မျက်နှာပေါ်သို့ အဝတ်စ,ကို ပြန်အုပ်၍ အစောင့် နှစ်ယောက်ကိုခေါ်၍ ဒေါက်တာမင်းထင်ကျော်ကို ပြန်ပို့နိုင်းရာ ဒေါက်တာမင်းထင်ကျော်မှာ လမ်းတစ်လျှောက်လုံး၌ရှိသော အစောင့်နေရာများနှင့် လမ်းများကို အသေအချာ မှတ်သားခဲ့လေသည်။





အခန်း ( ၁၅ )

## မြို့စွာထောင်ချောက်

ထိုအကြောင်းများကို မိမိအဖွဲ့သားများနှင့် တိုင်ပင်သောအခါ အားလုံးက အန္တရာယ်ကြီးမားလှကြောင်း ရိပ်မိကြလေသည်။

“ပြဒါးတွေ သုတ်ထားတဲ့ လမ်းပေါ်မှာ ဒီအတိုင်း လျှောက်မယ်ဆိုရင် ခေါင်အောက်ကို ပြုတ်ကျဖို့ အတော်နီးတယ်၊ ဒီကြားထဲမှာမှ ခြေလှမ်း တစ်ချက်မှားရင် အောက်ကို ပြုတ်ကျနိုင်တယ် ဆိုတော့ လူတွေကို မပြန်လမ်းကို ပို့တာနဲ့ အတူတူပဲ”

ဟု ပြောကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါထက် အဲဒီလိုမသွားရင် မရဘူးလား ဆရာ..."

"မရဘူးလို့ ပြောတယ်"

"ဒါက ဒီကိုရောက်လာတဲ့ လူတွေကို မပြန်လမ်းဖို့တဲ့ နည်းပရိယာယ်တစ်မျိုး ဖြစ်မှာပဲ..."

"ဒီလိုဖြင့် ကျုပ်တို့တွေကို သေအောင် ကြံစည်မှတော့ သူတို့တစ်တွေလည်း တစ်သက်လုံး ကျောက်စိမ်းတောင်ထဲက ထွက်လို့ မရအောင်သာ လုပ်ဖို့ရှိတော့တယ်၊ တကယ်လို့ တစ်ဖက်ကမ်းကို ရောက်ရင် ကျောက်ကလာပ်ပေါ်က ပစ္စည်းတွေကို အားလုံးသာ ယူလိုက်ပေတော့..."

ဟု ဝိုင်းဝန်း ပြောဆိုကြလေသည်။

ထိုအခါ လူပုလေးမိတ္တက...

"ကျုပ် ကြားဖူးတာကတော့ ဒီတောင်ကြီးရဲ့ တစ်နေရာမှာ လျှို့ဝှက်လမ်း ရှိတယ်လို့ ကြားဖူးတယ်၊ ဒီလမ်းကို သိတာက ဘိုးသိပ္ပံဆိုတဲ့ မှတ်ဆိတ်ဖြူကြီးနဲ့ သုဝဏ္ဏဒေဝီပဲ၊ မှတ်ဆိတ်ဖြူကြီးဆီကတော့ ဘယ်နည်းနဲ့မှ သိရမှာမဟုတ်ဘူး၊ ဆရာ ကြိုးစားရင် သုဝဏ္ဏဒေဝီ ဆီကပဲ သိရနိုင်တယ်"

ဟု အကြံပေးလေသည်။

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"အချိန်က မရှိတော့ဘူး၊ ဒီညပဲ သုဝဏ္ဏဒေဝီနဲ့တွေ့ဖို့ ကြိုးစားကြည့်ပါလား"





"အထဲကို ဝင်တဲ့ ထွက်တဲ့ လမ်းတွေကိုတော့ အသေအချာ မှတ်ခဲ့တယ်၊ လမ်းမှာရှိတဲ့ အစောင့်တွေကို ဘယ်လိုရှင်းမလဲ"

"စိတ်မပူပါနဲ့... နည်းလမ်းတွေ ရှိပါတယ်"

ဟု တာဝန်ခံကာ လူပုလေးမိတ္တက ၎င်း၏ အစီအစဉ်များကို ပြောပြလေသည်။

ထိုသို့တိုင်ပင်ပြီး ညဦးပိုင်းအချိန် ရောက်သောအခါ မိမိတို့နေသောဂူမှ အမှောင်ရိပ်များကို အကာအကွယ်ယူ၍ သုဝဏ္ဏဒေဝီ ရှိသော အခန်းရှိရာသို့ သွားကြလေသည်။ အစောင့်များရှိသော နေရာသို့ ရောက်လျှင် လူပုလေးမိတ္တက တစ်ဖက်နေရာမှ လူလုံးထွက်ပြရာ အစောင့်နှစ်ယောက်က သူရှိရာဘက်သို့ သွားကြစဉ် ဒေါက်တာမင်းထင်ကျော်က အတွင်းသို့ ရောက်အောင် ဝင်သည်။

အထဲရောက်တော့ ခေတ်နေရာမှ ရပ်စောင့်နေစဉ် ခဏကြာတော့ လူပုလေးမိတ္တ ရောက်လာသည်။

"အစောင့်တွေကို ဘယ်လို လုပ်ထားခဲ့သလဲ"

"သူတို့ တစ်နေရာပြီး တစ်နေရာမှာပေါ်နေတဲ့ ကျုပ်ရဲ့ ကိုယ်ပွားကို လိုက်ရှာနေကြမှာပေါ့"

"မင်းက ဒီပညာမျိုးတွေကိုလည်း ကျွမ်းကျင်သလား"


www.burmeseclassic.com

www.burmeseclassic.com

"တိဗက်မှာနေတဲ့ လူအတော်များများဟာ ရုပ်ပြောင်းကိုယ်ခွာ ပညာမျိုးတွေ တတ်ကြပါတယ်"

ဟု ပြောပြသည်။

ထို့နောက်...

နှစ်ယောက်သား ရှေ့ဆက်၍ ဝင်လာကြပြီးနောက် ထပ်တွေ့သော အစောင့်များကို လူပုလေးမိတ္တက ၎င်း၏ အတတ်ပညာဖြင့် လှည့်စားထားခဲ့ရာ နောက်ဆုံးတော့ သုဝဏ္ဏဒေဝီ စံမြန်းသော သလင်းကျောက် အဆောင်အတွင်းသို့ ရောက်ကြလေသည်။

ထိုနေရာသို့ ရောက်သောအခါ လူပုလေးမိတ္တက...

"ကဲ... ဆရာ အတွင်းကို ဝင်သွားပေတော့၊ ကျုပ် ဒီနေရာကနေ စောင့်နေမယ်၊ တကယ်လို့ အစောင့်တွေ ရောက်လာရင် ကျုပ်နည်း ကျုပ်ဟန်နဲ့ ရှင်းထားလိုက်မယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အတွင်းသို့ ဝင်လာခဲ့သည်။

အဆောင် အတွင်းမှာတော့ အစောင့်များ မရှိပေ။

မီးရောင် မှိန်မှိန်အောက်မှာ ကျောက်သလွန် တစ်ခုပေါ်၌ လဲလျောင်းနေသော သုဝဏ္ဏဒေဝီကို လှမ်းမြင်ရသည်။

အထဲသို့ ဝင်သွားသင့်၊ မဝင်သင့် စဉ်းစားနေပြီးမှ စိတ်ဆုံးဖြတ်ချက်နှင့်အတူ ကျောက်သလွန်အနီးသို့ ကပ်သွားလေသည်။





"ဇလပ်ဖြူ... ဇလပ်ဖြူ"

အနီးသို့ကပ်ကာ လေသံတိုးတိုးဖြင့် ခေါ်လိုက်သည်။

သူ့ခေါ်သံကြောင့် သုဝဏ္ဏဒေဝီက သူ့ဘက်သို့ လှည့်လာလေသည်။

"ဟင်..."

ခုတင်ပေါ်၌ လဲလျောင်းနေသူမှာ သူ တစ်နေ့က တွေ့မြင်ခဲ့ရသော လှပ ချောမောသည့် ဇလပ်ဖြူ မျက်နှာ မဟုတ်တော့ဘဲ အိုမင်းရင့်ရော်လျက် 'ကြောက်မက်ဖွယ်ရာ ကောင်းလှသည့် မျက်နှာမျိုး ဖြစ်နေတော့သည်။

ဆံပင်က ဖြူဖြူ၊ ပါးရေ နားရေများက တွန့်လျက် မျက်လုံးပြူးပြူး၊ သွားခေါ်ခေါ်နှင့် တစ္ဆေတစ်ကောင်၏ ကြောက်မက်ဖွယ်ရာ မျက်နှာမျိုး ဖြစ်လေသည်။

ထိုမျက်နှာကြီးကြောင့် ဒေါက်တာ မင်းထင်ကျော်က နောက်သို့ ခြေတစ်လှမ်း နှစ်လှမ်း ဆုတ်လိုက်သည်။

မိစ္ဆာမျက်နှာနှင့် မိန်းမကြီးက ကျောက်သလွန်ပေါ်မှ တဖြည်းဖြည်း ထ,လာတော့သည်။

၎င်းသည် ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ပါးစပ်ကြီးကိုဖြဲ၍ ရယ်လိုက်ရာ ပါးစပ်အတွင်းမှ အစွယ် ဖွေးဖွေးများကို မြင်ရလေသည်။

"မိစ္ဆာကောင်ကြီး"



www.burmeseclassic.com

www.burmeseclassic.com

ဟု ရေရွတ်ကာ နောက်ကြောင်း ပြန်လှည့်ပြေးရန် ကြိုးစားလိုက်စဉ်မှာ ကျောက်တံခါးများက ပိတ်သွားလေတော့သည်။

လူပုလေးမိတ္တကလည်း အပြင်ဘက်မှာ ကျန်နေခဲ့ပြီး သူ့ဆီမှာလည်း လက်နက်ဆိုလို့ အပ်တို တစ်ချောင်းမျှပင် မပါလာသောကြောင့် အခက် တွေ့ရလေတော့သည်။

သို့ကြောင့်...

မိစ္ဆာကောင်ကြီး အနားရောက်လာသည်နှင့် လှည့်ပတ်ရှောင်ပြေးနေရတော့သည်။

"သုဝဏ္ဏဒေဝီကို တွေ့ဖို့လာတာ မဟုတ်လား။ အခု တွေ့ရတော့လည်း ဘာကြောင့် ရှောင်ပြေးနေတာလဲ၊ လာခဲ့လေ"

ဟု ကြောက်မက်ဖွယ် ကောင်းသော အသံကြီးဖြင့် လှမ်းပြောလေသည်။

"ခင်ဗျား ဘယ်သူလဲ"

"သုဝဏ္ဏဒေဝီ၊ ဆိုတာ ငါပဲ"

"သုဝဏ္ဏဒေဝီက သေဆုံးသွားခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ မဟုတ်လား"

"သေဆုံးပေမယ့် အခုလိုနေနိုင်အောင် ငါ့ရဲ့လက်စွဲတော်ကြီး ဘိုးသိပ္ပက စီမံပေးထားတာပေါ့ဟဲ့"



"ဒါဖြင့် ဇလပ်ဖြူ ဆိုတဲ့မိန်းကလေး ဘယ်မှာလဲ"

"သူက နင်တို့ယုံကြည်အောင်လို့ ဒီမှာ ခဏထားတာ၊ ဒါပေမယ့် သူက သစ္စာဖောက်တော့ သူ့ကို မပြန်လမ်းမို့ဖို့ စီစဉ်နိုင်းထားတယ်"

ထိုစကားကြားသောအခါ ဇလပ်ဖြူက မိမိအား လျှို့ဝှက်ချက်များ ပြောပြခဲ့သဖြင့် ယခုကဲ့သို့ ဖြစ်ရခြင်းဟု တွေးမိရာ စိတ်မကောင်း ဖြစ်သွားမိသည်။

"မိစ္ဆာကောင်ကြီး သေပေတော့"

ဟု ကြိမ်းမောင်းကာ နံရံ၌စိုက်ထားသော မီးတိုင်ကို ဆွဲချုတ်ယူကာ အနီးသို့ရောက်လာသော မိစ္ဆာကောင်ကြီးကို ရိုက်ချလေသည်။

"ဖုန်း...ဖုန်း...ဖုန်း"

မီးတိုင်ဖြင့် သုံး,လေးချက် ရိုက်သော်လည်း ဘာမှ မဖြစ်ဘဲ ရှေ့သို့ တိုးဝင်လာပြီး လက်ဖြင့် ရိုက်ချလိုက်ရာ မီးတိုင်တခြား လူတခြားဖြစ်ကာ အတော်ဝေးဝေးသို့ လွင့်သွားလေတော့သည်။

"ဝုန်း..."

ကျောက်နံရံနှင့် ရိုက်မိသွားသဖြင့် မချိမဆန့် ခံလိုက်ရသည်။ သူ ပြန်မထ,နိုင်မီမှာပင် မိစ္ဆာကောင်ကြီးက တစ်လှမ်းချင်း လျှောက်လာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က နေရာမှ ကြိုးစားထ,ကာ နောက်ထပ် မီးတိုင်တစ်ချောင်းကို ဆွဲယူကာ ထပ်ရိုက်ပြန်လေသည်။

တဖုန်းဖုန်းနှင့်သာ အသံမြည်နေသော်လည်း အရာမထင်ဘဲ သူ့လက်နှင့် တစ်ချက်မိလိုက်လျှင် လွင့်စင်ထွက်သွားရပြန်လေသည်။

ဤသို့ဖြင့် တိုက်ရင်း ခိုက်ရင်းနှင့် တဖြည်းဖြည်းနှင့် အထိနာလာကာ တစ်ကြိမ်တွင် ကျောက်နံရံနှင့် တိုက်မိပြီး လွင့်ကျသွားစဉ် လည်ပင်း၌ ဆွဲထားသော ဆရာကြီးမဟိန္ဒ ပေးလိုက်သော သစ်ကနက်အမြှုတေ အရုပ်ကလေးမှာ ကြိုးပြတ်ပြီး အောက်သို့ ကျသွားလေတော့သည်။

ထိုအရုပ်ကလေးကို တွေ့လိုက်သည်နှင့် မိစ္ဆာကြီးမှာ နောက်သို့ အနည်းငယ် ဆုတ်သွားလေသည်။

ထိုအခြင်းအရာကို မြင်လိုက်ရသော ဒေါက်တာမင်းထင်ကျော်မှာ အနည်းငယ် အားတက်သွားပြီး မလှမ်းမကမ်းတွင် ကျနေသော သစ်ကနက်ရုပ်ကို ကောက်ယူလိုက်ကာ နေရာမှ ထရပ်လိုက်သည်။

ဒေါက်တာမင်းထင်ကျော် လက်ထဲ၌ ကိုင်ထားသော သစ်ကနက်ရုပ်ကို မြင်သောအခါ မိစ္ဆာကြီးက ဝူးဝူးဝါးဝါး ညည်းတွားရင်း နောက်ကို တဖြည်းဖြည်း ဆုတ်သွားကာ အခန်းတစ်ခန်းထဲသို့ ဝင်ပြေးသွားလေတော့သည်။





ဒေါက်တာ မင်းထင်ကျော်က နောက်မှ ဝင်လိုက်သွားရန် ဟန်ပြင်လိုက်စဉ် သလင်းကျောက်ပြား တံခါးချပ်က 'ဂုန်း'ခနဲ ပိတ်သွားလေတော့သည်။

သူ တစ်ယောက်တည်း ထွက်ပေါက်မရှိသော အခန်းထဲ၌ ကျန်နေတော့သည်။

သို့ဖြင့် အခန်းထဲမှ ပြန်ထွက်နိုင်ရန် လိုက်လံကြည့်ရှုနေစဉ် သုဝဏ္ဏဒေဝီနှင့် တွေ့စက သူ ပေးထားခဲ့သော ကတ္တီပါစနှင့် ထုပ်ထားသည့် ကျောက်စိမ်းရုပ်တု အပိုင်းကို တွေ့သဖြင့် ကောက်ယူပြီး အိတ်ထဲသို့ ထည့်ထားလိုက်လေသည်။

"အချိန်ကျရင် ဒီရုပ်တုကို အသုံးချရမယ်"

သူသည် အခန်းတစ်ခုလုံး ထွက်ပေါက် လိုက်ရှာရင်း ဘယ်လိုမှမတွေ့ရဘဲ အချိန်ကြာလာသည်နှင့်အမျှ အသက်ရှူကျပ်လာသကဲ့သို့ ရှိလာလေသည်။

"ထွက်ပေါက် အမြန်တွေ့မှဖြစ်မယ်၊ မဟုတ်ရင် ရန်သူ့လက်ချက်နဲ့ မသေဘဲ အသက်ရှူကျပ်လို့ သေရလိမ့်မယ်"

ဟု တွေးမိလေသည်။

ထိုသို့တွေးပြီး ထွက်ပေါက် ရှိနိုင်မည်ထင်သည့် နေရာများကို လိုက်လံ ရှာဖွေကြည့်သော်လည်း သလင်းကျောက်နံရံကြီးများကိုသာ စမ်းမိပြီး ထွက်ပေါက်မတွေ့ရဘဲ တဖြည်းဖြည်းနှင့် မွန်းကျပ်သည်ထက် မွန်းကျပ်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ မှုးဝေလာစဉ် နားထဲမှာ အဝေးတစ်နေရာဆီမှ ဝေ့ဝဲ ပြန့်လွင့်လာသော ဆရာကြီးမဟိန္ဒ၏ အသံလိုလို အသံတိုးတိုး တစ်ခုကို ကြားလိုက်ရသည်။

"မင်းလက်ထဲမှာရှိတဲ့ ကျောက်စိမ်းရုပ်တုကို လမ်းပြနိုင်းပေတော့"

ထိုအသံကို ကြားလိုက်ရသည်နှင့် မိမိ အိတ်ထဲမှာ ထည့်ထားသော ကျောက်စိမ်းရုပ်ကလေးကို ပြန်ထုတ်ယူလိုက်ပြီး....

"သုဝဏ္ဏအေဝီ... သင့်ကို မူလနေရာဟောင်းသို့ ပြန်မရောက်အောင် ပို့ပါမည်ဟု ကတိပေးပါသည်၊ ထိုသို့ ပို့ပေးနိုင်ရန် ကျွန်ုပ်အား လမ်းပြပေးပါလော့"

ဟု ရေရွတ်ပြီး ညည်းညူလိုက်ရာ မိမိ မျက်စိထဲမှာ အိပ်မက်သဏ္ဍာန်ကဲ့သို့ ပုံရိပ်တစ်ခုကို ဝိုးတဝါး တွေ့မြင်လိုက်ရသည်။

ထိုသဏ္ဍာန်သည် ရန်ကုန်မှာ ရှိနေစဉ်က အိပ်မက်ထဲမှာ တွေ့ခဲ့ရသော သဏ္ဍာန်ပင် ဖြစ်၏။

ဒေါက်တာမင်းထင်ကျော် အနေနှင့် ထိုသဏ္ဍာန်ကို မျက်ခြည်မပြတ် လိုက်ကြည့်နေရာ သလင်းကျောက်နံရံ တစ်ခုအနီးသို့ ရောက်သောအခါ အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။





"ဟင်..."

ဒေါက်တာမင်းထင်ကျော်က ဇဝေဇဝါဖြင့် ထိုနေရာသို့ သွားကာ လက်ဖြင့် စမ်းကြည့်လိုက်သောအခါ မာကြောသော သလင်းကျောက်နံရံ မဟုတ်ဘဲ အခြားမှ အလင်းရောင်များဖြင့် နံရံသဖွယ်ဖြစ်နေသော ထွက်ပေါက်တစ်ခုဖြစ်မှန်း သိရသဖြင့် အရဲစွန့်ကာ တိုးဝင်လိုက်ရာ မြူခိုးငွေ့များ အတွင်းသို့ ဝင်လိုက်ရသကဲ့သို့ ရှိကာ အပြင်သို့ ရောက်သွားလေသည်။

အပြင်၌ အမှောင်ရိပ်များက ဖုံးလွှမ်းထားလေသည်။

သူသည် အရင်ဆုံး လှုပုလေးမိတ္တကို လိုက်ရှာရာ သလင်းကျောက်နံရံတစ်ခုကို အသည်းအသန်ဖွင့်ဖို့ ကြိုးစားနေသော လှုပုလေးမိတ္တကို တွေ့ရလေသည်။

"မိတ္တ..."

မိတ္တက သူ့ကိုမြင်တော့ တအံ့တဩ ဖြစ်နေလေသည်။

"ဟင်... ဆရာက ဘယ်လိုကနေ အပြင်ပြန်ရောက်နေတာလဲ၊ ကျုပ်က အထဲမှာ ပိတ်မိနေတယ်ထင်ပြီး နံရံကို ဖောက်ဖို့ ကြိုးစားနေတာ၊ ဘယ်လိုကနေ ဘယ်လို အပြင်ကို ပြန်ရောက်နေတာလဲ"

"အဲဒါ အရေးမကြီးဘူး၊ သူတို့ ဖလပ်ဖြူ ဆိုတဲ့ မိန်းကလေးကို ဖမ်းသွားကြပြီ၊ လိုက်ရှာကြရအောင်"


www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ဂူထဲမှာ ကျန်ခဲ့တဲ့ အဖွဲ့သားတွေကို အသိပေးထားမှ သင့်မယ်၊ မဟုတ်ရင် သူတို့ကိုပါ ဒုက္ခပေးလိမ့်မယ်"

ဟု ပြောသဖြင့် အမှောင်ရိပ်များမှ ကွယ်ကာ ဂူသို့ ရောက်အောင်ပြန်ကာ အဖွဲ့သားများကို အသိပေး၍ လက်နက်များကို အဆင်သင့် ပြင်နိုင်းထားလေသည်။

"ကျွန်တော် ဖလပ်ဖြူကို အရင်ရှာလိုက်ဦးမယ်"

ထိုအခါ လူရိုင်းခေါင်းဆောင် မရစ်က...

"သူတို့ မိန်းကလေးကို ယဇ်ပူဇော်ဖို့ ဖမ်းခေါ်သွားကြတာ ဖြစ်မယ် သခင်"

"မင်း ဘယ်လိုသိသလဲ"

"သူတို့ လူရိုင်းတွေအချင်းချင်း ပြောနေသံကို ကြားလိုက်ရတယ်၊ ဒီအတိုင်း မှန်ရင်တော့ သုဝဏ္ဏပဗ္ဗတ မြို့ပျက်ကြီးရှိတဲ့ တောင်ထိပ်မှာ ရှိနိုင်တယ်"

ဟု ပြောသဖြင့် အဖွဲ့သားများအားလုံး လက်နက်များကို အဆင်သင့်ပြင်ဆင်ကာ တောင်ထိပ်သို့ တက်ရာလမ်းသို့ အလျင်အမြန် ထွက်ခဲ့ကြသည်။

အပေါ်သို့တက်သော တောင်ကြားလမ်း နေရာကို တစ်ခေါက် ရောက်ဖူးသဖြင့် အမှောင်ထဲမှာပင် ရောက်အောင် သွားနိုင်ကြလေသည်။





"လမ်းမှာ စောင့်နေတဲ့ လူနီရိုင်းတွေရှိတယ်၊ သူတို့ကို တိုက်ခိုက်ပြီး ရအောင် တက်ရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ နောက်ထပ် လူနီရိုင်းတွေ ရောက်မလာခင် တောင်ထိပ်ပေါ်ကို အရောက်တက်နိုင်ကြမှ ဖြစ်မယ်"

ဟု ပြောဆိုကာ တောင်ကြားလမ်းအကွယ်မှ အားကောင်းလှသော လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်ရာ ပထမ အဆင့်၌ လှံရှည်ကိုင်ထားသော လူနီရိုင်း လေးယောက်ကို လှမ်းမြင်ရသည်။

၎င်းတို့ကို လှမ်းမြင်တော့ လှံရှည်ကြီးများ တဝင့်ဝင့်ဖြင့် ပြေးဆင်းလာကြသည်။

မလှမ်းမကမ်းသို့ ရောက်သောအခါ သေနတ်များဖြင့် ပစ်ချလိုက်လေသည်။

"ဒိုင်း...ဒိုင်း...ဒိုင်း...ဒိုင်း..."

သေနတ်ဖြင့် အနီးကပ်ပစ်ခတ်သဖြင့် ကျည်ဆန်ထိမှန်ခံရသော လူရိုင်း လေးယောက်စလုံးမှာ ဒလိမ့်ခေါက်ကွေး ပြုတ်ကျလာလေသည်။

ထိုအတူ သေနတ်သံမှာ တောင်ကမ်းပါးယံများ၏ ပဲ့တင်ရိုက်ခတ်မှုကြောင့် တိတ်ဆိတ်သော အချိန်အခါတွင် ကြောက်မက်ဖွယ် ကောင်းလောက်အောင် ပေါ်ထွက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အစောင့်များ မရှိတော့သောအခါ အားလုံး တောင်ကြားလမ်း ပထမအဆင့် ရောက်အောင် တက်သွားကြသည်။

"သေနတ်သံကြားရင်တော့ အခြားလူရိုင်းတွေ ရောက်လာတော့မှာပဲ၊ သခင်တို့ အပေါ်တက်သွားကြပါ၊ ကျုပ်တို့ ဒီနေရာကစောင့်ပြီး သုတ်သင် ရှင်းလင်းပေးမယ်"

"သူတို့က လူတွေအများကြီးရယ်... ရပါ့မလား"

"တောင်ကြားလမ်း ဆိုတာ လူတစ်ယောက် နှစ်ယောက်ပဲ တက်လို့ရတယ်၊ တန်းစီတက်လာတဲ့ လူတွေကို သခင်တို့ကိုင်တဲ့ မိုးကြိုးလောင်မီးလက်နက်မျိုးနဲ့ စောင့်ပြီး သတ်ရင် လူတစ်ရာ တက်လာပါစေ၊ အပေါ်က တစ်ယောက်တည်းနဲ့ စောင့်ပြီး သတ်လို့ရတယ်"

ဟု ပြောသဖြင့် မရစ်တို့နှင့်အတူ သေနတ်ကို ကောင်းစွာ ပစ်တတ်သော စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ပါ နေခဲ့ကြသည်။

သေနတ်နှစ်လက်နှင့် ကျည်ဆန်များကို အလုံအလောက် ထားခဲ့ပြီးနောက် ဒေါက်တာမင်းထင်ကျော်တို့က အပေါ်သို့ ဆက်တက်ခဲ့ကြလေသည်။

ဒုတိယအဆင့်သို့ ရောက်သောအခါ လက်နှိပ်မီးရောင်ဖြင့်ထိုးကြည့်ပြီး တိုက်ခိုက်ရန် ပြေးဆင်းလာကြသော လူရိုင်းများကို သေနတ်ဖြင့် ပစ်ခတ် သုတ်သင်ပြီး အပေါ်ဆင့်သို့ ဆက်တက်ကြလေသည်။





သူတို့ အပေါ်ဆင့်သို့ ရောက်ကြသောအခါ အောက်ဘက်၌ ကျန်ခဲ့သောအဖွဲ့များဆီမှ သေနတ်သံများကို စတင်ကြားကြရသည်။

ရန်သူများ တက်လာပြီဖြစ်သဖြင့် သုတ်သင် ရှင်းလင်းနေကြဟန် ရှိလေသည်။

ဤသို့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် သုတ်သင်ရှင်းလင်းရာ နောက်ဆုံး သုဝဏ္ဏပဗ္ဗတမြို့ဟောင်းရှိရာ တောင်ထိပ်ပေါ်သို့ ရောက်သွားကြသည်။

တောင်ထိပ်ပေါ်၌ လှံရှည်နှင့် ရဲတင်းကြီးများ ကိုင်ဆောင်ထားသည့် လူနီရိုင်းများ တွေ့ရသဖြင့် မိမိတို့တွင် ပါလာသော သေနတ်များဖြင့် ပစ်ခတ် တိုက်ခိုက်ကြရာ အော်ဟစ်သံ၊ မာန်ဖီသံ၊ သေနတ်သံများဖြင့် ဆူညံလျက် ရှိနေတော့သည်။

အချို့ လူနီရိုင်းများမှာ ခွန်အားဗလ ကြီးလှပေရာ သေနတ်ကျည်ဆန် တစ်ချက်မှန်ရုံနှင့် ချက်ချင်း လဲကျမသွားသေးဘဲ လှံများ၊ ရဲတင်းများ တဝင့်ဝင့်ဖြင့် ပြေးဝင်လာကြရာ အနီးရောက်လာတော့မှ ထပ်မံ ပစ်ချရလေသည်။

အောက်ဘက်၌ ကျန်ခဲ့သော အဖွဲ့များရှိရာမှလည်း သေနတ်သံများ အဆက်မပြတ် ပေါ်ထွက်နေသံများ ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမင်းထင်ကျော်က ရန်သူများကို ဖယ်ရှားသုတ်သင်ရင်း တောင်စွန်းတစ်နေရာသို့ ရောက်သောအခါ ကျောက်ကလာပ်တစ်ခုပေါ်မှာ မလှုပ်သာအောင် ကြိုးများဖြင့် တုပ်နှောင်ထားသော ဇလပ်ဖြူ ဆိုသော မိန်းကလေးကို တွေ့ရပြီး အနားမှာလည်း ဘိုးသိပ္ပဆိုသော မုတ်ဆိတ်ဖြူကြီးနှင့် သုဝဏ္ဏဒေဝီဟု ပြောသော မိစ္ဆာမျက်နှာနှင့် မိန်းမကြီးကို လှမ်းမြင်ရသည်။

ဘိုးသိပ္ပလက်ထဲ၌ ရွှေဖလားတစ်လုံး ကိုင်ထားပြီး သုဝဏ္ဏဒေဝီ လက်ထဲမှာတော့ အသွားထက်လှသည့် ဓားတစ်လက်ကို ကိုင်ထားလေသည်။

သုဝဏ္ဏဒေဝီက ခေါင်းကိုမော့ကာ လက်နှစ်ဖက်ကို မြှောက်ပြီး ရွတ်ဆို တိုင်တည်နေရာမှ ဒေါက်တာမင်းထင်ကျော် ရောက်လာသည်ကို လှမ်းမြင်ရသဖြင့် ဇလပ်ဖြူလည်ပင်းကို ဖြတ်ရန် ဟန်ပြင်လိုက်စဉ် ဒေါက်တာမင်းထင်ကျော်က သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။

"ဒိုင်း..."

သုဝဏ္ဏဒေဝီမှာ သေနတ်ကျည်ဆန် ထိမှန်ခံရသဖြင့် အရုပ်ကြိုးပြတ် လဲကျသွားလေသည်။

ထိုအဖြစ်အပျက်ကို မြင်လိုက်ရသော ဘိုးသိပ္ပမှာ အခြေအနေ မဟန်တော့သဖြင့် နေရာမှ ပြေးထွက်သွားလေတော့သည်။





ဒေါက်တာမင်းထင်ကျော်က ဇလပ်ဖြူရှိရာသို့ ပြေးသွားကာ အနှောင်အဖွဲ့မှ ဖြေပေးလိုက်သည်။

ထိုအခိုက်မှာပင် တောင်တက်လမ်း အစပ်သို့ မိမိအဖွဲ့သားများ ရောက်လာကြသည်။

"အခြေအနေ ဘယ်လိုလဲ"

"များလိုက်တဲ့ လူမိုက်တွေ၊ ဘယ်လောက်ပစ်ပစ် လျော့သွားတယ် မရှိဘူး၊ တစ်စတစ်စ ပိုများလာတယ်၊ ကျည်ဆန်က မရှိတော့ဘူး"

"ဟုတ်တယ် ဆရာ၊ ဒီလောက်များတဲ့ လူရိုင်းတွေ တောင်ပေါ် ရောက်လာလို့ကတော့ ဘယ်လိုမှ သတ်လို့နိုင်မှာ မဟုတ်တော့ဘူး"

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို အလျင်အမြန် စဉ်းစားလိုက်ပြီး...

"ကဲ...အပေါ်တက်နိုင်တဲ့ တောင်ကြားလမ်းကို ပိတ်ထားနိုင်မှ ဖြစ်တော့မယ်၊ ဒီတော့ ဒီမှာရှိသမျှ သေနတ်နဲ့ ကျည်ဆန်တွေကိုယူသွားပြီး အပေါ်မတက်နိုင်အောင် တားထားကြပေတော့၊ ဒီတောင်ပေါ်ကနေ ပြန်ထွက်နိုင်မယ့် လမ်းစကို ရှာလိုက်ဦးမယ်"

စောထီးနှင့် ငမဲအောင်တို့က ရသမျှ သေနတ်နှင့် ကျည်ဆန်များကို ယူကာ တောင်ကြားလမ်းမဘက်သို့ ပြန်ထွက်သွားကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဖလပ်ဖြူက ဝင်ပြောသည်။

"အစ်ကို လူရိုင်းတွေကို တားနိုင်မယ့် လမ်းက တစ်နည်းပဲ ရှိတော့တယ်"

"ဘယ်လိုနည်းလဲ"

"မရဏလမ်းကို ဖြတ်ပြီးတော့ သုဝဏ္ဏဒေဝီကျောက်စိမ်း ရုပ်တုထားတဲ့ ကျောက်ကလာပ်ပေါ်က ကျန်တဲ့ကျောက်စိမ်း ရုပ်တုတစ်ပိုင်းနဲ့ ပတ္တမြားကြီးကို ယူလိုက်ရင် ကျောက်တုံးတွေ ပြုတ်ကျလာပြီး လမ်းတွေရော၊ သူတို့နေတဲ့ ဂူပေါက်ဝ,တွေ ပိတ်သွားတော့မှ ရမယ်"

"ဒါဖြင့် ဒီနည်းကိုပဲ လုပ်ရမှာပဲ"

"ချောက်ကမ်းပါးကြီး အပေါ်က ပြဒါးရည်တွေ သုတ်ထားတဲ့ မရဏတောင်ချောက်လမ်းကို ကူးလို့ရပါ့မလား အစ်ကို"

"အားလုံးရဲ့အသက် ချမ်းသာဖို့အတွက် ဒီလိုပဲ ကြိုးစား ရမှာပဲ၊ ကဲ... ကျန်တဲ့လူတွေက လူရိုင်းတွေ အပေါ်မရောက် အောင် ကြိုးစားပြီး ထိန်းထားကြပါ၊ ကျွန်တော်နဲ့ ဖလပ်ဖြူ အဲဒီနေရာကို သွားကြမယ်"

ဟု ပြောကာ ဖလပ်ဖြူကို ခေါ်၍ ထိုနေရာမှ ထွက် လာခဲ့လေသည်။





အတန်ကြာအောင် လာကြသောအခါ ပေတစ်ရာကျော် ခန့် ကျယ်ဝန်းသော မြူနှင်းလွင်ပြင်ကြီး ခြားလျက် ဟိုဘက် တွင် တောင်ကုန်းတစ်ခုကို လှမ်းမြင်ရသည်။

ထိုတောင်ကုန်းနှင့် ခြားလျက်ရှိသော မီးခိုးငွေ့များ ဝေ့ဆိုင်းလျက်ရှိသော လွင်ပြင်ကြီး၌ လူတစ်ယောက် ရပ်နေ လေသည်။

"ဟိုမှာမြင်ရတဲ့ တောင်ကုန်းထိပ်မှာ ကျောက်ကလာပ် တစ်ခုရှိတယ်၊ အဲဒီကျောက်ကလာပ်ပေါ်မှာ သုဝဏ္ဏဒေဝီ ကျောက်စိမ်းရုပ်တု တစ်ပိုင်းနဲ့ ပတ္တမြားလုံးကြီး တင်ထားတယ်၊ အဲဒီနှစ်ခုစလုံးကို ယူလိုက်ရင် ကျောက်ခလုတ်ကြီး ပြုတ်ထွက် သွားပြီး ကျောက်ဟုံး ကျောက်ခဲတွေ ပြိုကျလာလိမ့်မယ်၊ လူရိုင်းတွေ အပေါ်ကို မရောက်နိုင်တဲ့နည်းက ဒီတစ်နည်းပဲ ရှိတော့တယ်"

"ဒါထက် ဟိုမှာရပ်နေတာ ဘိုးသိပ္ပ မဟုတ်လား"

"ဟုတ်တယ်၊ ပြဒါးတွေ သုတ်ထားတဲ့ မရဏတောင် ချောက်လမ်းက သူ စီရင်ထားတာဆိုတော့ လျှို့ဝှက်ချက်ကို သူပဲသိတယ်၊ အစ်ကိုသွားလို့ ဖြစ်ပါ့မလား"

ဖလပ်ဖြူက စိုးရိမ်စွာ မေးသည်။

"ရပါတယ်... ဒီလိုပဲ ကြိုးစားရမှာပေါ့"

ပြောမယ့်သာ ပြောရသည်။


www.burmeseclassic.com

www.burmeseclassic.com

မီးခိုးငွေ့များကဲ့သို့ အာဖြူရောင် အခိုးအငွေ့များ ဖုံးလွှမ်းနေသော လွင်ပြင်ထဲတွင် ဘယ်နေရာမှ စ,နင်းရမည်ကိုပင် မသိသေးချေ။

ထိုနေရာအစပ်သို့ ရောက်လျှင် ကျောက်တုံးတစ်တုံးကို ကောက်ယူပြီး လှမ်းပစ်တင်လိုက်သည်။

"ဝုန်း. . ."

ဟူသော မြည်သံနှင့်အတူ အပေါက်ကြီး ဖြစ်သွားကာ ကျောက်တုံးမှာ အစ,အန ပျောက်သွားလေတော့သည်။

ခဏကြာတော့ ထိုနေရာမှာ ကန်ရေပြင်တွင် မှော်များ ပြန်ပြည့်သွားသကဲ့သို့ မီးခိုးငွေ့လွင်ပြင်ကြီး ပြန်ဖြစ်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်အတွက် ကြောက်နေလို့လည်း မဖြစ်။ အချိန်ကလည်း မရှိတော့ပေ။

သို့ကြောင့်. . .

ဆရာကြီးမဟိန္ဒ ပေးလိုက်သော သစ်ကနက်အမြှတေ ရုပ်တုကလေးကို လက်ဖြင့် ဆုပ်ကိုင်ကာ မျက်စိကို မှိတ်ကာ တစ်စုံတစ်ခုကို တိုင်တည် ရေရွတ်လိုက်သည်။

ထိုအချိန်မှာပင် အဝေးဆီမှ ဝေ့ဝဲ ပြန့်လွင့်လာသည့် ဆရာကြီးမဟိန္ဒ အသံကဲ့သို့ အသံတစ်သံကို တိုးညှင်းစွာ ကြားလိုက်ရသည်။





"လောကမှာ စိတ်ထားဖြူစင်ပြီး စိတ်ဓာတ်အင်အား ကောင်းသူတွေအတွက် ဘယ်လိုအခက်အခဲမှ မရှိနိုင်ပေ"

ထိုအသံကိုကြားရပြီး အသံက ပျောက်သွားလေသည်။ မျက်လုံး ဖွင့်ကြည့်လိုက်တော့ အမှောင်ရိပ်များ ဖုံးလွှမ်းနေသည့် လွင်ပြင်ပေါ်မှာ အဖြူရောင် ပုံရိပ်တစ်ခု ရပ်နေသည်ကို လှမ်းမြင်ရသည်။

အပေါ်ပိုင်းမှာ သဲသဲကွဲကွဲ မရှိလှသော်လည်း ခြေမျက်စိနှင့်တကွ ခြေထောက်ပိုင်း တစ်ခုလုံးကိုတော့ သဲသဲကွဲကွဲ မြင်နေရသည်။

ခဏကြာတော့ ထိုခြေထောက်က သေမင်း ထောင်ချောက်ပေါ်တွင် တစ်လှမ်းချင်း လျှောက်သွားလေတော့သည်။

ဒေါက်တာ မင်းထင်ကျော်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ရှေ့မှာ မြင်နေရသော ခြေထောက် လျှောက်သွားသော ခြေရာကွက်အတိုင်း နင်းလျှောက်ကာ လိုက်လေတော့သည်။

ခြေလှမ်း ဆယ်လှမ်းစာမျှ အခက်အခဲမရှိ လျှောက်သွားနိုင်ပြီးမှ တစ်နေရာတွင် ခြေကွက်များပြီး နင်းချလိုက်ရာ အောက်၌ ဘာမှမရှိသော နေရာကို နင်းမိသဖြင့် အောက်သို့ ဝုန်းခနဲ ကျွံကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါတောင် သတိဖြင့် ဖမ်းဆွဲလိုက်ရာ အစွန်းတစ်ခုကို ဖမ်းမိလိုက်သောကြောင့် လေထဲမှာ တွဲလောင်းကြီး ဖြစ်နေလေသည်။

အောက်ကို ငုံ့ကြည့်လိုက်တော့ မည်းမှောင်လျက်ရှိသော လေဟာပြင်နယ်ကြီးကိုသာ တွေ့ရပြီး အခြား ဘာမှ မတွေ့ရပေ။

"အောက်ကိုသာ ပြုတ်ကျသွားရင်တော့ အသက်ရှင်နိုင်စရာမရှိဘူး"

ဟု တွေးကာ အပေါ်သို့ ပြန်ရောက်အောင် ကြိုးစားတက်လေသည်။

သူ အပေါ်ပြန်ရောက်တော့ စောစောက ခြေအစုံက မလှမ်းမကမ်းမှာ ရပ်နေသည်ကို လှမ်းမြင်ရသည်။

သူ အပေါ်ပြန်ရောက်တော့ မလှမ်းမကမ်းတွင် မြင်နေရသော ပုံရိပ်သဏ္ဌာန်က ရှေ့သို့ ဆက်လျှောက်သွားသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း ခြေလှမ်းကွက်များကို အသေအချာ မှတ်သားကာ ဆက်လိုက်သွားရာ မှတ်ဆိတ်ဖြူကြီး ရပ်နေသောနေရာနှင့် မလှမ်းမကမ်းနေရာသို့ ရောက်သောအခါ မှတ်ဆိတ်ဖြူကြီးထံမှ စကားသံ ထွက်လာလေသည်။





"မင်းကလည်း အလာကြီးပဲကိုး၊ ငါလုပ်ထားတဲ့ မရဏာတောင်ချောက်လမ်းကို ဘယ်လိုလူမျိုးမှ ခြေတစ်လှမ်း နှစ်လှမ်းထက် ပိုပြီး မလျှောက်နိုင်ဘူး၊ မင်းက ဒီနေရာအထိ ရောက်အောင် လာနိုင်တယ် ဆိုတော့ လူစွမ်းကောင်းပေါ့၊ ရှေ့မှာ စွမ်းနိုင်ဦးမလား ဆိုတာ ကြည့်သေးတာပေါ့"

ဟု ပြောဆိုကာ သူရပ်နေသည့် နေရာမှ ဒေါက်တာမင်းထင်ကျော် ရှိရာသို့ လွှားခနဲ ခုန်ဝင်လာသည်။

အမှောင်ရိပ် ဖုံးနေသော နေရာ၌ ၎င်းခုန်ဝင်လာပုံမှာ ငှက်ဖြူကြီးတစ်ကောင် ပျံဝဲလာသည်နှင့်ပင် တူလေတော့သည်။

သူ့မှာ သေနတ် မရှိတော့ပေ။

သေနတ်က စောထီးတို့ကို ပေးထားခဲ့သောကြောင့် ဘာလက်နက်မှ မပါတော့ပေ။

မှတ်ဆိတ်ဖြူ လက်ထဲမှာ ဓားတစ်လက် ပါလာသောကြောင့် ထိုဓားဖြင့် ဝင်ရောက် တိုက်ခိုက်ရာ သတိထား၍ ရှောင်တိမ်းကာ ပြန်လည် တိုက်ခိုက်ရလေသည်။

မှတ်ဆိတ်ဖြူကြီးကို ပြန်လည် တိုက်ခိုက်ရသည်ထက် အောက်ဘက်မှ ခြေလှမ်းများကာ အောက်သို့ ပြုတ်ကျသွားမည်ကိုလည်း သတိထားနေရသည်။

အတိုက်အခိုက် ပညာကတော့ ဦးပန်ကောင်းထံမှသော်လည်းကောင်း၊ ဆရာကြီး ဦးဆိုင်းလုံထံမှသော်လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



သင်ကြားထားခဲ့သော ပညာရပ်များက တော်ရုံ ရန်သူလောက်တော့ ယှဉ်ပြိုင် တိုက်ခိုက်နိုင်သော်လည်း အဆိုးဆုံးက အောက်သို့ ပြုတ်ကျသွားမည်ကို စိုးရိမ်နေရခြင်းပင်။

သို့သော်လည်း သူ့မျက်စိထဲမှာ မြင်နေရသော ဝိုးတဝါး ပုံရိပ်ကတော့ သူ နင်းရမည့် ခြေလှမ်းကွက်များကို ပြပေးနေသယောင် ရှိသည်။

တစ်ကြိမ်တွင် မုတ်ဆိတ်ဖြူကြီး ခုတ်လိုက်သည့် ဓားချက် လွတ်အောင် နောက်သို့ ခုန်ရှောင်လိုက်ရာ ခြေလှမ်းများကာ အောက်သို့ 'ဝုန်း' ခနဲ ပြုတ်ကျသွားလေတော့သည်။

ထိုအခွင့်ကောင်းကို ယူကာ မုတ်ဆိတ်ဖြူကြီးက ဓားကိုမြှောက်ကာ လွှားခနဲ ခုန်ဝင်လာသည်။

"သေပေတော့"

ဒေါက်တာမင်းထင်ကျော်ကို ဓားဖြင့်ခုတ်ချရန် ပြေးလာသည်။

ဒေါက်တာမင်းထင်ကျော်မှာ ကျောက်စွန်း တစ်ခုကို ဖမ်းဆုပ်မိသောကြောင့်သာ အောက်သို့ ပြုတ်မကျသေးသော်လည်း အပေါ်သို့ ပြန်မတက်နိုင်သေးပေ။

အနီးသို့ ရောက်သောအခါ ဓားဖြင့်ခုတ်ချရန် ပြင်လိုက်စဉ်မှာပင် အဖြူရောင် ပုံရိပ်တစ်ခုက အနီးသို့ လုစ်ခနဲ ရောက်လာလေသည်။





မော့ကြည့်လိုက်တော့ တစ်ကြိမ် နှစ်ကြိမ် တွေ့ဖူးသည့် ယောဂီကြီးတစ်ဦး၏ ပုံရိပ်ပင် ဖြစ်သည်။

မုတ်ဆိတ်ဖြူကြီးမှာ ယခုမှပင် ယောဂီကြီး၏ ပုံရိပ်ကို တွေ့မြင်သွားဟန်ဖြင့် တအံ့တသြဖြစ်ကာ ဓားကို မြှောက်လျက်သားဖြင့် ခေတ္တ ငိုင်ကျသွားလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ အပေါ်သို့ရောက်အောင် အလျင်အမြန် တက်ကာ ခေတ္တ ငိုင်ကျသွားသော မုတ်ဆိတ်ဖြူကြီး ကျောဘက်မှ ပြေးကန်လိုက်လေတော့သည်။

"ကိုင်း... ထိုက်တဲ့လမ်းကိုသာ သွားရော့"

ဒေါက်တာမင်းထင်ကျော် ကန်ချက်မှာ အရှိန်ပြင်းသောကြောင့် မုတ်ဆိတ်ဖြူကြီးမှာ မဟန်နိုင်တော့ဘဲ ဘာမှမရှိသော လေဟာနယ်ထဲသို့ ထိုးကျသွားလေတော့သည်။

"အား..."

အော်သံကြီးမှာ ပဲ့တင် ရိုက်ခတ်မှုကြောင့် အတန်ကြာသည်အထိ ကြားနေရသည်။

အခြေအနေ ငြိမ်သက်သွားတော့မှ တစ်ဖက်သို့ ရောက်အောင် ကူးသွားပြီး တောင်ကုန်းထိပ်သို့ ရောက်အောင် ပြေးတက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

အလယ်နေရာသို့ ရောက်သောအခါ အလင်းရောင်များ ဖြာထွက်နေသော ကျောက်ကလာပ်စင် တစ်ခုကို တွေ့ရပြီး ထိုကျောက်ကလာပ်ပေါ်၌ အလင်းရောင်များ ဖြာထွက်နေသော ပတ္တမြားကြီးတစ်လုံးနှင့် ခါးအောက်ပိုင်းသာ ရှိနေသော ကျောက်စိမ်းရုပ်တု တစ်ခုကို တွေ့ရလေသည်။

"ပတ္တမြားကြီးကို ယူပြီး ငါ့ဆီမှာပါတဲ့ ကျောက်စိမ်းရုပ်တစ်ပိုင်းကို တင်လိုက်ရင်တော့ အခြေအနေက ဒီအတိုင်းပဲ ရှိတော့မှာပဲ၊ ဒီလိုလုပ်လို့ မဖြစ်သေးဘူး၊ ငါ့အဖွဲ့သားတွေရဲ့ အသက်ကို ကယ်ဖို့က အရေးကြီးတယ်၊ ဒီတော့ ပတ္တမြားကြီးကိုလည်း မယူတော့ဘူး။ သုဝဏ္ဏဒေဝီ ကျောက်စိမ်းရုပ်တုလည်း သူ့ဝိညာဉ်ရှိတဲ့ နေရာမှာပဲ ရာသက်ပန်နေပေရော့"

ဟု စိတ်ကို ဆုံးဖြတ်ကာ သူ့ဆီမှာ ပါလာသော ကျောက်စိမ်းရုပ်တစ်ပိုင်းကို ထုတ်ယူပြီး ကျောက်ကလာပ်ပေါ် တင်ပေးလိုက်ရာ ကျောက်ကာလပ်မှာ တအိအိနှင့် ပြုတ်ကျသွားသည်နှင့် တောင်တစ်ခုလုံး သိမ့်သိမ့်တုန်လာတော့သည်။

ဘိုးသိပ္ပ စီမံထားသော မရဏာထောင်ချောက်ဟု ခေါ်သည့် ပြဒါးလမ်းများမှာလည်း ကွဲအက်ကာ အချို့နေရာများမှာ ပြိုကျစ ပြုလာလေသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ တစ်ဖက်သို့ ရောက်အောင် အလျင်အမြန် ပြန်ပြေးလေတော့သည်။





သူ တစ်ဖက်သို့ ရောက်ရုံ ရှိသေးသည်။ ပြဒါးလမ်းကြီးမှာ အားလုံးပြိုကာ ချောက်ထဲသို့ ကျသွားလေတော့သည်။

ထိုအချိန်တွင် အတက်အဆင်း လှေကားထိပ်မှ ရန်သူများကို ဆီးကြို တိုက်ခိုက်နေကြသော အဖွဲ့သားများမှာလည်း ကျည်ဆန်ကုန်ခါနီး လက်လျှော့ရမည့် အခြေအနေ ရောက်ကာမှ တောင်တစ်ခုလုံး သိမ့်သိမ့်တုန်ကာ ကျောက်တုံးကြီးများ ပြိုကျလာသောကြောင့် တောင်ကြားလမ်းကျဉ်းကလေးထဲမှာ ရောက်နေကြသော လူရိုင်းများမှာ ကျောက်တုံးကြီးများနှင့်အတူ အောက်သို့ ကျသွားကြလေတော့သည်။

ဖလပ်ဖြူ ရှိရာသို့ ပြန်ရောက်သွားသောအခါ ဒေါက်တာမင်းထင်ကျော်က...

"အကျဉ်းသား တစ်ဖယောက်ကို ဖမ်းထားတာ ဘယ်မှာလဲ"

ဟု အလောတကြီး မေးလိုက်သည်။

"သလင်းကျောက် အဆောင်ရဲ့ အရှေ့ဘက် ကျောက်တွင်းထဲမှာ"

"လာ...အမြန်သွားကြစို့"

ဖလပ်ဖြူ ပြပေးသော လမ်းအတိုင်းသွားကြရာ အတန်ကြာသောအခါ ကျောက်တွင်းကြီး တစ်ခုရှိရာသို့ ရောက်သွားလေသည်။



www.burmeseclassic.com

ကျောက်တွင်းကြီး အဝ,မှာ အတော်ကျယ်ပြီး ပတ်ပတ်လည် အဖုအထစ်မရှိဘဲ ပြောင်ချောနေသည်။

"အဲဒီတွင်းထဲမှာ"

ဇလပ်ဖြူက ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အသံကျယ်ကျယ်ဖြင့် အော်ခေါ်လိုက်သည်။

"ဦးဗန်ကောင်း... ဦးဗန်ကောင်း..."

သူ့ခေါ်သံမှာ လိုဏ်ခေါင်းသံဖြင့် ပဲ့တင် ထပ်သွားပြီး အတန်ကြာသောအခါ အတွင်းမှ အသံသဲ့သဲ့ကို ကြားရလေသည်။

သို့ကြောင့် အကျီ၊ ဘောင်းဘီ၊ အဝတ်အစားများကို ဆက်ချည်၍ အောက်သို့လျှောချပေးရာ အတန်ကြာသောအခါ အောက်ကလူက မီသွားပြီး အပေါ်သို့ ဆွဲတက်လာသည်။

အပေါ်သို့ ရောက်လာသောအခါ အင်အားချည့်နဲ့ကာ ပိန်လှီနေသော ဦးဗန်ကောင်းကို တွေ့မြင်ရသောအခါ ဝမ်းသာသွားကြလေသည်။

"ဦးဗန်ကောင်း... ဦးဗန်ကောင်း... ခင်ဗျား မသေဘူးနော်"

ဟု ပြောကာ ဦးဗန်ကောင်းကို ဖက်ကာ နှစ်သိမ့်အားပေးလိုက်သည်။



www.burmeseclassic.com



"မောင်ရင် လိုက်လာပြီ ဆိုမှတော့ ကံမကောင်းတဲ့ ဗန်ကောင်းက ကံကောင်းလာပြီပေါ့၊ ဒီတွင်းထဲမှာသာ ကြာကြာဆက်နေရရင် သေမှာမုချပဲ၊ ဒါ့ထက် ဆူဆူညံညံ အသံတွေနဲ့ ဘာတွေ ဖြစ်နေတာလဲ"

"ကျောက်တောင်တွေ ပြိုကျနေတဲ့အသံပဲ၊ တက်လမ်း ဆင်းလမ်းတွေလည်း ကျောက်တုံး ကျောက်ခဲတွေနဲ့ ပိတ်ကုန်ပြီ"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

ထိုအခါ ဇလပ်ဖြူက...

"ဒီဗုဒ္ဓရုပ်ကြီး ကျောက်လုံးကြီးရှိတဲ့ အခန်းထဲမှာ အောက်ဘက်ကိုထွက်တဲ့ လျှို့ဝှက်လမ်း ရှိတယ်"

ဟု ပြောသဖြင့် ထိုနေရာဘက်သို့ အလျင်အမြန်လာကြလေသည်။ ထိုသို့လာရင်းမှပင် အပေါ်မှ လိမ့်ဆင်းလာသော ကျောက်လုံးကြီးများနှင့် လွတ်အောင်လည်း ရှောင်တိမ်းသွားကြရလေသည်။

အတွင်းသို့ ရောက်သောအခါ နေရာအနှံ့အပြားတွင် ပြန့်ကျဲနေသော ရွှေငွေ ကျောက်မျက်ရတနာတို့ကို တစ်နိုင်သယ်ယူကြသည်။

ဇလပ်ဖြူက ဒီဗုဒ္ဓရုပ်ကြီး ဖန်လုံးကြီး တင်ထားသော ကျောက်ကလာပ်ခုံကြီးကို ဖယ်နိုင်းသဖြင့် လူအားဖြင့် ဝိုင်းဖယ်



www.burmeseclassic.com

www.burmeseclassic.com

သောအခါ အောက်သို့ဆင်းသော ကျောက်လှေကားထစ်များကို တွေ့ကြရသည်။

ထိုအချိန်တွင် အပေါ်မှ လိမ့်ဆင်းလာသော ကျောက်တုံး ကျောက်ခဲကြီးများကလည်း မိုးသီး မိုးပေါက်များ ဆင်းလာသကဲ့သို့ ပြိုဆင်းလာရာ အချိန် မဆွဲဝံ့တော့ဘဲ ဇလပ်ဖြူ ပြပေးသည့် လမ်းမှပင် အလျင်အမြန် ဆင်းခဲ့ကြလေတော့သည်။





BURMESE CLASSIC .com

## အခန်း ( ၁၆ )

## အန္တရာယ်စက်ကွင်းမှအလွန်

အပြန်ခရီး အတွက်ကတော့ အခက်အခဲ မရှိလှပေ။ ရေစီးသန်လှသော ဗြဟ္မပုတ္တရ မြစ်လက်တက်တစ်ခုမှ ဖောင်ဖြင့် စုန်ဆင်းလျှင် မိမိတို့ သွားလိုသော နေရာများသာမက လီဒိုအထိ ပြန်ရောက်နိုင်ကြလေသည်။

စာရေးဆရာ အောင်မင်းအောင်ကတော့ လီဒိုပြန်ရောက်လျှင် ခတ္တိယ ပြတိုက်ကြီးသို့ ပေးရန်အတွက် ခရီးစဉ်မှတ်တမ်းများနှင့် အတွေ့အကြုံများကို အသေးစိတ် ရေးသားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမင်းထင်ကျော်တို့ကတော့ လောလောဆယ် အင်အား ချည့်နဲ့နေသော ဦးဗန်ကောင်းကို အတန်အသင့် ပြန်လည် ကောင်းမွန်လာအောင် ပြုစုပေးကြရသည်။

"လီဒိုက ခတ္တိယ ရှေးဟောင်းပြတိုက်ကြီး ရောက်ရင် ဦးဗန်ကောင်းကို တကယ့်သူရဲကောင်းဆိုပြီး ဂုဏ်ပြုကြဦးမှာဗျ။ သူတို့က ခင်ဗျားရေးပို့ပေးလိုက်တဲ့ မှတ်တမ်းတွေကိုကြည့်ပြီး စိတ်ဝင်စားနေကြတာဗျ"

ဟု စာရေးဆရာ အောင်မင်းအောင်က ပြောသည်။

"ကျုပ်ကို မသေလို့ ပြန်တွေ့ကြရတာ ကံကောင်းတယ်လို့ မှတ်ပါ၊ ကျောက်တွင်းကြီးထဲမှာ လပေါင်းများစွာ နေခဲ့ရတော့ ပြင်ပလောကနဲ့ အဆက်အသွယ်ပြတ်ပြီး ငရဲ ရောက်နေသလိုပါပဲ၊ အစာရေစာ လာချပေးတဲ့ အချိန်လောက်ပဲ လူသံလေး ဘာလေး ကြားရတယ်၊ ကျန်တဲ့အချိန်ကတော့ တိတ်ဆိတ်နေတာပါပဲ၊ ဒီတော့ ကျုပ်လည်း သေရင်တောင်မှ ကိုယ့်အတွက် အကျိုးရှိရှိ သေမယ်ဆိုပြီး မြေအောက်မှာ တရားပဲ ထိုင်နေတော့တာပဲ"

ဟု ဦးဗန်ကောင်းက ပြန်ပြောပြသည်။

ဆံပင်၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ရှည်လျားလာပြီး တစ်ကိုယ်လုံး ပိန်ချုံးကျသွားကာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်မှ လွဲ၍ ဦးဗန်ကောင်း၏ အခြေအနေမှာ ဆိုးဆိုးရွားရွားကြီးတော့ မရှိလှပေ။





တောင်ခြေစခန်းသို့ ရောက်သောအခါ ရိက္ခာရှာသူက ထွက်ရှာ၊ ဆေးပင်ဆေးမြစ် ရှာသူက ရှာ၊ ဖောင်လုပ်ရန် သစ်ခုတ်သူက ခုတ်နှင့် အလုပ်ရှုပ်နေကြသည်။ အားလုံးမှာ မိမိနေရပ်သို့ ပြန်ရတော့မည်မို့ ရွှင်လန်း တက်ကြွနေကြလေသည်။

လူရှင်းနေခိုက် စာရေးဆရာ အောင်မင်းအောင်က မေးလေသည်။

"ဒါထက် ကျုပ်တို့အပြန်မှာ မရစ်တို့ ရွာကို ဝင်ကြရဦးမှာ မဟုတ်လား"

"ဝင်ရမှာပေါ့... သူတို့အတွက်လည်း လက်ဆောင်ပစ္စည်းတွေ ပေးရဦးမယ်၊ သူတို့က ရွှေ ငွေ၊ ကျောက်မျက်ရတနာတွေကို မမက်တော့ သူတို့နှစ်သက်တဲ့ သေနတ်နဲ့ တခြား အသုံးအဆောင်တွေ ပေးရမယ်၊ နောက်ပြီး ဆရာကြီး မဟိန္ဒနဲ့ တွေ့ပြီး ကျေးဇူးတင်စကား ပြောရင်း ဆရာကြီး သူရဇ္ဈကို ပြန်ခေါ်ခဲ့ရမယ်လေ"

"အဲဒါတွေက ထားပါတော့၊ ကျုပ်တို့နဲ့ ပါလာတဲ့ မိန်းကလေးက ဘယ်လိုလုပ်မှာလဲ"

"ဇလပ်ဖြူ ဆိုတဲ့ မိန်းကလေးကို ပြောတာလား"

"ဟုတ်တယ်လေ၊ ကျုပ်တို့အဖွဲ့မှာ မိန်းကလေးဆိုလို့ သူတစ်ယောက်ပဲ ရှိတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ မင်းထင်ကျော်က မျက်မှောင်ကုတ်ကာ စဉ်းစားရင်း...

"သူ ပြန်ချင်တဲ့ဆီကို ရောက်အောင် ပြန်ပို့ပေးရမှာပေါ့"

ဟု စိတ်မကောင်းသော လေသံဖြင့် ပြောလိုက်သည်။

"သူက တိဗက်သူဆို..."

"ဟုတ်တယ်"

"တိဗက်ဆိုရင် ခရီးလမ်းမှ မသင့်တော့တာ၊ ဘယ်လို ပြန်ပို့မလဲ"

"အခု လောလောဆယ်တော့ မဟုတ်သေးဘူးလေ၊ နောက် အစီအစဉ်တွေ လုပ်ပြီးတော့မှ ပြန်ပို့ပေးရမှာပေါ့"

"ဒါဖြင့် ကျုပ်တို့နဲ့ ခေါ်သွားမှာလား"

"ဒီအတိုင်းပဲ လုပ်ရမှာပဲ"

"ကာယကံရှင်ရဲ့ သဘောထားကိုလည်း မေးကြည့်သင့်တယ်၊ မောင်ရင် ကိုယ်တိုင် မေးကြည့်ပါလား"

ဟု တိုက်တွန်းသဖြင့် ဒေါက်တာ မင်းထင်ကျော်က ဖလပ်ဖြူ တစ်ယောက်တည်း ထိုင်နေသည့် စမ်းချောင်းကလေး ရှိရာသို့ လိုက်လာခဲ့သည်။

သူ့ကိုမြင်တော့ ဖလပ်ဖြူက အားနည်းစွာ ပြုံးရင်း...

"အစ်ကိုတို့ ဖောင်ပြီးရင် အောက်ဘက်ကို စုန်ကြတော့မှာလား"



BURMESE CLASSIC .com



ဟု လေသံတိုးတိုးဖြင့် မေးသည်။

"ဟုတ်တယ်... အဲဒါ ဖလပ်ဖြူကို မေးစရာရှိလို့ လာခဲ့တာ"

"မေးပါ အစ်ကို"

"ဖလပ်ဖြူကို ဘယ်နေရာ ပြန်ပို့ပေးရမလဲ ဆိုတာ သိချင်လို့ လာမေးတာပါ"

ထိုစကား မေးနေသည့်အချိန်မှာ ဒေါက်တာ မင်းထင်ကျော်၏ ရင်ထဲမှာ တစ်စုံတစ်ခုကို စိုးရိမ်နေဟန် ရှိလေသည်။

ထိုစကား ကြားသောအခါ ဖလပ်ဖြူက အဝေး၌ တစ်မျှော်တစ်ခေါ် လှမ်းမြင်နေရသော တောင်ပြာတန်းကြီးများဘက်သို့ မျှော်ကြည့်ရင်း လေးသွဲ့သော သက်ပြင်း ချလိုက်လေသည်။

"ကျွန်မမှာ အားကိုးစရာ မိဘဆွေမျိုးတွေ မရှိကြတော့ပါဘူး၊ လူနီရိုင်းတွေ လက်ချက်နဲ့ သေကုန်ကြပါပြီ၊ တကယ်တော့ တိဗက်ဟာ ကျွန်မအတွက် မျှော်လင့်ချက်နဲ့ နွေးထွေးမှု မရှိတော့တဲ့ နေရာဟောင်း တစ်ခုပါပဲ"

ဟု ဆွေးဆွေးမြေ့မြေ့ ပြောပြသည်။

"ဒီလိုဆိုရင်တော့ ဘာမှ အားမငယ်ပါနဲ့ ဖလပ်ဖြူ၊ ကိုယ် မင်းကို မြန်မာပြည်ကို ခေါ်သွားပြီးတော့ တစ်သက်လုံး စောင့်ရှောက်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ထိုစကား ကြားသောအခါ ဇလပ်ဖြူ မျက်နှာလေးပေါ်မှ အံ့ဩဝမ်းသာမှုများ ပေါ်လာသည်။

မျှော်လင့်ချက်ကြောင့် မျက်လုံးလေးများ အရောင်လက်လာလေသည်။

"ကျွန်မကို ခေါ်သွားမယ်... ဟုတ်လား အစ်ကို"

"ဟုတ်ပါတယ်ကွယ်၊ မင်းလို လှပတဲ့ မိန်းကလေးတစ်ယောက်ကို တောထဲ တောင်ထဲမှာ တစ်ယောက်တည်း ထားခဲ့ဖို့ ဘယ်သူကမှ လုပ်ချင်မှာ မဟုတ်ပါဘူး။ မင်းရဲ့ကျေးဇူးတွေ ကိုယ်တို့ တစ်တွေအပေါ်မှာ ရှိသလို မင်းအပေါ်မှာ စတွေ့ကတည်းက သံယောဇဉ် ဖြစ်နေခဲ့တာပါ၊ ကိုယ်မင်းကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားပါ့မယ်"

ဟု ပြောကာ ဇလပ်ဖြူ လက်ကလေးကို ဆုပ်ကိုင်ကာ နှစ်သိမ့်မှု ပေးလိုက်စဉ် သူမ၏ မျက်ဝန်းမှ မျက်ရည်များ စီးကျလာသည်။

ထို့နောက်...

မျက်ရည်များကြားမှ ပြုံးသည်။

သူမ၏အပြုံးမှာ နှံ့ထဲမှ ပွင့်သော ကြာပန်းတစ်ပွင့်ကဲ့သို့ ဆန်းကျင်ဘက် အလှမျိုး ဖြစ်သည်။

ဒေါက်တာ မင်းထင်ကျော်က သူမ ကိုယ်လေးကို ထွေးပွေ့ကာ နှစ်သိမ့်မှု ပေးလိုက်သည်တွင်...





လောကတွင် အလှတရားကို ဖော်ဆောင်တတ်သည့် အချစ်နှင့် ထုံမွှမ်းသောအရာဖြင့် သူတို့အတွက် လောကသစ်သည် အစဉ်အမြဲ လှပတင့်တယ်လျက် ရှိနေပေမည်ဟုသာ ဆိုပါရစေတော့...။

ဤနေရာမှာပင် ကျွန်ုပ်ရေးသားသော... "ပျောက်ဆုံးနေသော မရဏမြို့တော်" ဟု အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုကြီးမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

**အနီဃာ ဟောတု သုခီ အတ္တာနံ ပရိဟရန္တု။**

BURMESE CLASSIC .com

**တြိစက္ခု**

**တပြီးချိန်** ➻ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄)ရက်၊ စနေနေ့ ည (၁၁)နာရီ။



www.burmeseclassic.com